ကြေးမုံ
The Mirror Daily
၁၉၅၇ ဧပြီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957

**ကုသိုလ်ကောင်းမှုလျင်မြန်စွာပြု**

စိတ်သည် မကောင်းမှုတွင် မွေ့လျော်တတ်သဖြင့် ကောင်းမှုပြုသောအခါ နှန့်နှေးတတ်ရကား မကောင်းမှုမှ စိတ်ကိုတားမြစ်၍ ကုသိုလ်ကောင်းမှုတို့ကို အချိန်မဆိုင်းဘဲ ဆောလျင်စွာပြုလုပ်ရာ၏။ ကောင်းမှုပြုလိုသော စိတ်ဆန္ဒ ပေါ်လာလျှင် အဆောတလျင် ပြုလုပ်နိုင်ရန် ကြိုးစားရာ၏။

ပါပဝဂ်(ဓမ္မပဒ-၁၁၆)

၁၃၈၀ ပြည့်နှစ် သီတင်းကျွတ်လပြည့်ကျော် ၂ ရက်၊ သောကြာနေ့။ Friday 26 October 2018 ၉၄၅၁

# ရွှေကျင်သီတင်းကျွတ်မီးမျှောပူဇော်ပွဲ ရိုးရာအစဉ်အလာမပျက် ဆင်နွှဲ



**ရွှေကျင် အောက်တိုဘာ ၂၅**

ရိုးရာအစဉ်အလာမပျက် နှစ်စဉ်ကျင်းပလာခဲ့သည်မှာ (၁၆၇)ကြိမ်မြောက်ခဲ့ပြီဖြစ်သော ရွှေကျင်သီတင်းကျွတ်မီးမျှောပူဇော်ပွဲနှင့် ရေပွဲတော်စတင်ခြင်း အခမ်းအနားကို ယနေ့(သီတင်းကျွတ်လပြည့်ကျော် ၁ ရက်) နံနက်ပိုင်းက ရွှေကျင်မြို့ ပျဉ်းမပင်ရပ် ချောင်းနံဘေးရှိ ဗဟိုမဏ္ဍပ်တွင် ပြုလုပ်ခဲ့သည်။

ပြီးခဲ့သည့်ရက်များအတွင်းက လေဖိအားနည်းရပ်ဝန်း၏အရှိန်ကြောင့် နိုင်ငံအတွင်းရှိ ဒေသအတော်များများတွင် မိုးရွာသွန်းမှုအခြေအနေများဖြစ်ပေါ်ခဲ့ပြီး သီတင်းကျွတ်ပွဲတော်ကို မိုးဖျက်လိမ့်မည်ဆိုသော ကောလာဟလများ ထွက်ပေါ်ခဲ့လင့်ကစား အထင်ကရပွဲတော်တစ်ခုဟု သတ်မှတ်နိုင်သည့် ရွှေကျင်မီးမျှောပူဇော်ပွဲမှာ ယခင်နှစ်များနှင့်မခြား လာရောက်ဆင်နွှဲသူများဖြင့် စည်ကားများပြားသည်ကို တွေ့ရသည်။

ယနေ့ကျင်းပသည့် မီးမျှောပူဇော်ပွဲအခမ်းအနားသို့ ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့မှ တာဝန်ရှိသူများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ တိုင်းဒေသကြီး ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ စစ်ဘက်၊ နယ်ဘက်မှ တာဝန်ရှိသူများ၊ ကမ္ဘာလှည့်ခရီးသွားဧည့်သည်များ၊ ဖိတ်ကြားထားသူများ၊ ယိမ်းပြိုင်ပွဲဝင် အသင်းသားများ၊ ဒေသခံပြည်သူများ၊ လူမှုရေးအဖွဲ့အစည်းများနှင့် အနယ်နယ်အရပ်ရပ်မှ လာရောက်သူများက ကမ်းလုံးညွတ်မျှ လာရောက်အားပေးကြသည်။

စာမျက်နှာ ၅ ကော်လံ ၁ သို့

**ရုပ်ရှင်ဇာတ်ကားကောင်းများ ရိုက်ကူးထုတ်လုပ်ခြင်းဆိုင်ရာ ဆွေးနွေးပွဲနှင့် ရုပ်ရှင်ဇာတ်ကား ခွဲခြားလေ့လာခြင်း အစီအစဉ် ကျင်းပမည်**

စာမျက်နှာ » ၅

**ကုလသမဂ္ဂဆိုင်ရာ မြန်မာအမြဲတမ်းကိုယ်စားလှယ် သံအမတ်ကြီး ဦးဟောက်ဒိုဆွမ်းက ကုလသမဂ္ဂလုံခြုံရေးကောင်စီတွင် မြန်မာနိုင်ငံဆိုင်ရာ လွတ်လပ်သောအချက်အလက်ရှာဖွေရေးအဖွဲ့(FFM)၏ ပြောကြားမှုအပေါ် တုံ့ပြန်ပြောကြား**

စာမျက်နှာ » ၄

**ကလေးစာပေပွဲတော်(သံတွဲ)တွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားတီးဝိုင်းအဖွဲ့ ဖျော်ဖြေမည်**

စာမျက်နှာ » ၉



www.i-kbz.com info@i-kbz.com www.facebook.com/ikbzinc https://www.linkedin.com/company/ikbz-insurance-co-ltd

ကြေးမုံ

# အပြုသဘောဆောင် အကောင်းမြင်စိတ်ဖြင့်ရှုမြင်

နယူးယောက်မြို့တွင် ကျင်းပလျက်ရှိသည့် (၇၃)ကြိမ်မြောက် ကုလသမဂ္ဂ အထွေထွေညီလာခံ၏ တတိယကော်မတီအစည်းအဝေးတွင် မြန်မာနိုင်ငံနှင့်ပတ်သက်၍ ဆွေးနွေးမှု အစီအစဉ်နှစ်ရပ်ကို အောက်တိုဘာလ ၂၃ ရက်နေ့တွင် ပြုလုပ်ခဲ့သည်။ ဆွေးနွေးသည့်အကြောင်းအရာမှာ အများသိပြီးဖြစ်သည့်အတိုင်း လူ့အခွင့်အရေးဆိုင်ရာ အစီရင်ခံစာတင်သွင်းသူတို့က မြန်မာနိုင်ငံအပေါ် စွပ်စွဲပြောဆိုမှုများ၊ ဖိအားပေးမှုများပင် ဖြစ်သည်။

ယင်းနှင့်ပတ်သက်၍ အဆိုပါအစည်းအဝေးတွင် ကုလသမဂ္ဂဆိုင်ရာ မြန်မာအမြဲတမ်းကိုယ်စားလှယ် သံအမတ်ကြီး ဦးဟောက်ဒိုဆွမ်းက လူ့အခွင့်အရေးဆိုင်ရာ အစီရင်ခံစာတင်သွင်းသူ၏ ရှင်းလင်းပြောကြားချက်ကို ချက်ချင်းတုံ့ပြန်ပြောကြားခဲ့သည်။ အထူးအစီရင်ခံစာတင်သွင်းသူအနေဖြင့် အတည်မပြုနိုင်သည့် အချက်အလက်များကို အခြေခံကာ အဆိုးမြင်ပြီး အပြုသဘောမဆောင်သည့် ဝေဖန်စွပ်စွဲချက်များကို ဆက်လက်ပြုလုပ်နေကြောင်း၊ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် မြန်မာအစိုးရ၏ ကြိုးပမ်းအားထုတ်မှုများကိုမသိကျိုးကျွန်ပြုထားသည့်အတွက် အထူးအစီရင်ခံစာတင်သွင်းသူအနေဖြင့် ပြဿနာရပ်များကိုဖြေရှင်းရန် ဆန္ဒရှိ၊ မရှိအပေါ် မေးခွန်းထုတ်လိုကြောင်း ရှင်းလင်းပြောကြားခဲ့သည်။

မြန်မာနိုင်ငံ၏ ပကတိအခြေအနေမှန်များနှင့် ကင်းကွာနေသော ပြောဆိုစွပ်စွဲမှုများသည် အမှန်တရားသို့ မည်သည့်အခါမှ ရောက်ရှိနိုင်မည်မဟုတ်ဘဲ ပိုမိုဆိုးရွားသော အခြေအနေသို့သာ ပြန်လည်ရောက်ရှိသွားနိုင်သည်။ ပြည်ပမှ လွန်စွာဖိအားပေးသည့် နိုင်ငံရေးအာဂျင်ဒါများသည် လက်ရှိဖြစ်နေသော အခြေအနေများကို ပိုမိုဆိုးရွားစေပြီး ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များကို ထိခိုက်စေမည်ဖြစ်သည်။ မြန်မာနိုင်ငံအနေဖြင့် ကုလသမဂ္ဂ၏ ရည်မှန်းချက်များကို ဖော်ဆောင်ရန် အပြုသဘောဆောင်သည့် ပူးပေါင်းဆောင်ရွက်မှုများပြုလုပ်ရန် ဆန္ဒပြုထားပြီးဖြစ်သည်။

ကုလသမဂ္ဂ၏စံနှုန်းများသည် ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေး၊ သဟဇာတဖြစ်ရေးတို့ကို မြှင့်တင်ဆောင်ရွက်သွားရန်နှင့် ဘေးအန္တရာယ်နှင့် ရန်လိုမှုတို့ကို လျှော့ချရန်တို့အတွက် အဖွဲ့ကြီး၏ ချမှတ်ထားသော နည်းလမ်းများကို ကုလသမဂ္ဂနှင့် အဖွဲ့ဝင်နိုင်ငံများက လိုအပ်သလို အသုံးချသည့်အပေါ်တွင် မူတည်နေပါသည်။ ဓမ္မဓိဋ္ဌာန်ကျခြင်း၊ သမာသမတ်ကျခြင်း၊ ပညာရှင်ပီသခြင်း၊ အချုပ်အခြာအာဏာအား လေးစားလိုက်နာခြင်းတို့သည် ကုလသမဂ္ဂ၏ ရည်မှန်းချက်အောင်မြင်ရေးအတွက် အဓိကသော့ချက်များပင်ဖြစ်ပါသည်ဟု ကုလသမဂ္ဂနှစ်ပတ်လည်နေ့သို့ ပေးပို့သည့်သဝဏ်လွှာတွင် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်က ပြောကြားထားသည်။

အထူးအစီရင်ခံစာ တင်သွင်းသူတို့သည် ဥပဒေကြောင်းအရ အထောက်အထားမရှိသည့်၊ သက်သေမပြနိုင်သည့် အခြေအနေများကို မူတည်၍ ကောက်ချက်ချထားခြင်းဖြစ်သည်။ အခြားအပြုသဘောဆောင်သည့် ဖြစ်ပေါ်တိုးတက်မှုများကို ထည့်သွင်းစဉ်းစားခြင်းမပြုဘဲ တာဝန်ခံမှုကိုသာ ရှေ့တန်းတင်နေခြင်းသည် အန္တရာယ်ရှိသော ကြိုးပမ်းမှုသာဖြစ်ပြီး ၎င်းတို့၏အားထုတ်မှုများမှာ ရေထဲတွင်အရုပ်ရေးသကဲ့သို့ အရာထင်မည်မဟုတ်ချေ။ နိုင်ငံတကာအချက်အလက် ရှာဖွေရေးအဖွဲ့နှင့် အထူးအစီရင်ခံစာတင်သွင်းသူတို့၏ အစီရင်ခံစာများသည် ရခိုင်ပြည်နယ်၌ ငြိမ်းချမ်းရေး၊ သဟဇာတနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေး တည်ဆောက်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် အထောက်အကူမဖြစ်ဘဲ ပြဿနာများအား ပိုမိုဖြစ်ပွားစေနိုင်သည်ကို သတိပြုရမည် ဖြစ်သည်။

သို့ဖြစ်ရာ စစ်မှန်သော ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေးကို ဦးတည်ကြိုးပမ်းနေသောကာလတွင် ပဋိပက္ခများ၊ ပြဿနာများကို ဖြေရှင်းဆောင်ရွက်ရာ၌ အပြုသဘောဆောင် အကောင်းမြင်စိတ်ထားဖြင့် စိတ်ရှည်မှုနှင့် ယုံကြည်မှုတည်ဆောက်ရေးကို အလေးထားမြှင့်တင်ဖော်ဆောင်ကာ လက်တွဲပူးပေါင်းဆောင်ရွက်သင့်ပါကြောင်း။ ။

MYANMAR
Digital News
Presented by NPE
www.mdn.gov.mm

53rd MEETING OF ASEAN COMMITTEE ON CULTURE AND INFORMATION
aseancoci
12 - 16 NOVEMBER 2018
NAY PYI TAW, MYANMAR.
(၅၃)ကြိမ်မြောက် အာဆီယံယဉ်ကျေးမှုနှင့် ပြန်ကြားရေးကော်မတီ (ASEAN COCI) အစည်းအဝေးကို
နေပြည်တော်ရှိ Royal Naypyitaw ဟိုတယ်တွင်
(၁၂.၁၁.၂၀၁၈ မှ ၁၆.၁၁.၂၀၁၈) ရက်နေ့အထိ ကျင်းပသွားပါမည်။

## ဘင်္ဂလားပင်လယ်အော် အခြေအနေ

**နေပြည်တော် အောက်တိုဘာ ၂၅**

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အနည်းငယ်ဖြစ်ထွန်းနေသည်။

## မြန်မာ့ပင်လယ်ပြင်

လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ခုနစ်ပေခန့်ရှိနိုင်သည်။ **မိုး/ဇလ**

# မိုင်းယုမြို့၌ မြို့လုံးကျွတ် သံဃာတော်များအား ဆွမ်းဆန်စိမ်းလောင်းလှူ

**မိုင်းယု အောက်တိုဘာ ၂၅**

ရှမ်းပြည်နယ်အရှေ့ပိုင်း တာချီလိတ်ခရိုင် မိုင်းယုမြို့အတွင်းရှိ သံဃာတော်အရှင်သူမြတ်များအား မြို့လုံးကျွတ် ဆွမ်းဆန်စိမ်း လောင်းလှူပွဲကို အောက်တိုဘာ ၂၅ ရက် နံနက် ၉ နာရီက မြို့မရပ်ကွက်ရှိ ထေရဝါဒဗုဒ္ဓသာသနာပြု (ဝပ်လုံကြွမ်တောင်း) ကျောင်း၌ ကျင်းပခဲ့သည်။

အဆိုပါ ဆွမ်းဆန်စိမ်းလောင်းလှူပွဲကို မြို့ပေါ်နှင့် ကျေးရွာများမှ မြို့မရပ်ကွက် ကျောင်းတိုက်ဆရာတော် ဦးတိတ္တပညော၊ မိုင်းယုကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တဝိစိတ္တသာရ (အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ) တို့မှ ဦးဆောင်သည့် သံဃာတော်များနှင့် ရှင်သာမဏေများ စုစုပေါင်း အပါး ၁၃၅ ပါးတို့အား ပင့်ဖိတ်ပြီး ယင်းကျောင်းတိုက်မှ မြို့ပတ်လမ်းတစ်လျှောက် လှည့်လည်ကာ မြို့အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာများနှင့် ပြည်သူများက စုပေါင်းလောင်းလှူခဲ့ကြကြောင်း သိရသည်။

ဆွမ်းဆန်စိမ်း လောင်းလှူအပြီးတွင် သံဃာတော်အရှင်သူမြတ်များထံမှ အလှူရှင်ပြည်သူများက ငါးပါးသီလခံယူဆောက်တည်၍ ရေစက်သွန်းချအမျှဝေခြင်း၊ ရှမ်းရိုးရာ အကအလှများဖြင့် ဖျော်ဖြေတင်ဆက်ခြင်း၊ မြို့မရပ်ကွက် ပြည်သူများက ရိုးရာအစားအသောက်များဖြင့် ဧည့်ခံကျွေးမွေးခြင်းတို့ ပြုလုပ်ခဲ့ကြသည်။

နှစ်စဉ် သီတင်းကျွတ်လဆုတ် ၁ ရက်တွင် ယင်းကျောင်းတိုက်၌ သံဃာတော်များအား ဆွမ်းဆန်စိမ်းလောင်းလှူခြင်းကို မိုင်းယုဒေသအတွင်းမှ ပြည်သူများက စုပေါင်း၍ စည်ကားသိုက်မြိုက်စွာ ကျင်းပလေ့ရှိကြောင်း သိရသည်။

**ကိုကိုနိုင်(ပြန်/ဆက်)**



# ဂန့်ဂေါမြို့နယ်၌ ဆောင်းသီးနှံမြေပဲခင်းများ အောင်မြင်ဖြစ်ထွန်းလျက်ရှိ

**ဂန့်ဂေါ အောက်တိုဘာ ၂၅**

ဂန့်ဂေါမြို့နယ်တွင် ဆီထွက်သီးနှံများအဖြစ် နှမ်း၊ မြေပဲနှင့် နေကြာများကို အဓိကထား စိုက်ပျိုးလေ့ရှိရာ ယခုနှစ် ဆောင်းသီးနှံများအဖြစ် မြေပဲ ၆၃၉၆ ဧက၊ နေကြာ ၆၈၁၉ ဧကတို့ကို စိုက်ပျိုးသွားမည်ဖြစ်ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မြေပဲသီးနှံကို အောက်တိုဘာလဆန်းရက်ပိုင်းများတွင် စတင်စိုက်ပျိုးကြရာ စိုက်ပျိုးပြီးသော မြေပဲခင်းများမှာ အောင်မြင်ဖြစ်ထွန်းလျက်ရှိသည်ကို တွေ့ရသည်။ ယခင်နှစ်က ဆောင်းသီးနှံများအဖြစ် မြေပဲ ၆၃၉၆ ဧက၊ နေကြာ ၅၈၁၉ ဧကတို့ကို စိုက်ပျိုးခဲ့ကြသည်။



အဆိုပါ ဆီထွက်သီးနှံများ စိုက်ပျိုးရာတွင် စားသုံးသူများ ဘေးအန္တရာယ်ကင်းရှင်းစေရန်အတွက် လည်းကောင်း၊ ဈေးကွက်တွင် ယုံကြည်မှုရရှိပြီး ဈေးကွက်ဝင်ကာ ဈေးကောင်းရရှိရေးအတွက် လည်းကောင်း၊ စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်း GAP စနစ်နှင့်အညီ လိုက်နာကျင့်သုံးနိုင်ရေး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူများသည် တောင်သူများထံ ကွင်းဆင်းဆွေးနွေးကြကြောင်း သိရသည်။ **၄၆၅**

ကြေးမုံ
စာတည်းမှူးချုပ် - ဦးဝင်းရွှေ
စာတည်းမှူးများ - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်
သတင်းထောက်မှူး - ဦးမြင့်စိုး
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဦးအောင်ကျော်ကျော်
အကြီးတန်းသတင်းထောက်များ - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဒေါ်သီသီမင်း
အငယ်တန်းသတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဒေါ်ခင်ဇာလီ၊ ဒေါ်ခင်စုစုလှိုင်
ဓာတ်ပုံသတင်းထောက် - ဦးခင်မောင်ဝင်း
ပြင်ပသတင်းထောက် - ဒေါ်ရှုမဝအောင်

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။
ကြေးမုံ Mirror Established in 1957
၁၉၅၇ ခုနှစ် ဇူလိုင် ၁၈ ရက်နေ့တွင် စတင်တည်ထောင်သည်။
Gmail themirror.npt@gmail.com
www.facebook.com/themirrordaily
နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၃၄၅၅၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၉၉၄၅၇

# ကျောက်ဆည်စက်မှုနယ်မြေရှိ အမှတ်(၃၆) အကြီးစားစက်ရုံ ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချို ကြည့်ရှုစစ်ဆေး



**နေပြည်တော် အောက်တိုဘာ ၂၅**

စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချိုသည် အောက်တိုဘာ ၂၄ ရက် မွန်းလွဲပိုင်းတွင် မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်စက်မှုနယ်မြေရှိ International Glass Co., Ltd. နှင့် အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသည့် အမှတ်(၃၆)အကြီးစားစက်ရုံသို့ ရောက်ရှိပြီး ကုမ္ပဏီ၏ Managing Director၊ အမှတ်(၂) အကြီးစားစက်မှုလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးနှင့်အတူ ပြည်ပသွင်းကုန်အစားထိုး အရည်အသွေးမြင့်မှန်များကို မှန်ရည်ကျိုမီးဖိုအားချဲ့ထွင်ပြင်ဆင်၍ ခေတ်မီစက်သစ်ကြီးများဖြင့် အောင်မြင်စွာ ထုတ်လုပ်နေမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေးစဉ် ပြည်ထောင်စုဝန်ကြီးက စက်စွမ်းအားပြည့် တစ်နေ့တန် ၂၅၀ ထုတ်လုပ်နိုင်ရေး၊ နိုင်ငံတကာစံချိန်စံနှုန်းများအတိုင်း အရည်အသွေးပြည့်မီစွာ ထုတ်လုပ်နိုင်ရေး၊ ဈေးကွက်အတွင်းသို့ အမြန်ဖြန့်ဖြူးရောင်းချနိုင်ရေး၊ ပြည်ပမှတင်သွင်းလာသည့် မှန်များနှင့် ယှဉ်ပြိုင်နိုင်ရေးတို့အတွက် မြင့်မားသောအရည်အသွေး၊ သင့်တင့်သောဈေးနှုန်းဖြင့် ရောင်းချရေး၊ ပြည်တွင်းလိုအပ်ချက်အား ဖြည့်ဆည်းနိုင်ရုံသာမက ပြည်ပသို့ တင်ပို့နိုင်သည်အထိ ကြိုးစားထုတ်လုပ်နိုင်ရေးတို့ကို နိုင်ငံတကာစံသတ်မှတ်ချက်များနှင့်အညီ ထုတ်လုပ်ရန် မှာကြားပြီး လိုအပ်ချက်များကို ညှိနှိုင်းဆောင်ရွက်ပေးသည်။

အမှတ်(၃၆) အကြီးစားစက်ရုံ(ကျောက်ဆည်)မှ (၆ပေ × ၄ပေ)မှ (၁၂ပေ × ၈ပေ)အရွယ်အစားအထိ၊ အထူသုံးမီလီမီတာမှ ၁၂ မီလီမီတာအထိ အရည်အသွေးမြင့်မှန်ချပ်အမျိုးမျိုးအား သုံးစွဲသူများလိုအပ်သည့် အရွယ်အစားအတိုင်း ခေတ်မီစက်ကြီးများဖြင့် အလိုအလျောက်စစ်ဆေး၊ ဖြတ်တောက်၊ ထုပ်ပိုးပြီး သင့်တင့်သောဈေးနှုန်းများဖြင့် ရန်ကုန်နှင့် မန္တလေးမြို့ကြီးများရှိ အရောင်းကိုယ်စားလှယ်များမှတစ်ဆင့် ဈေးကွက်အတွင်းသို့ တစ်လလျှင် မှန်တန်ချိန် ၆၀၀၀ ခန့် ဖြန့်ဖြူးရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။ ထို့ပြင် မကြာမီကာလတွင် အလွှာထပ်မှန် (Laminated Glass)နှင့် အားဖြည့်မှန် (Tempered Glass)တို့ကို မော်တော်ယာဉ်လေကာမှန်နှင့် အခြားမှန် အမျိုးမျိုးတို့အဖြစ် ဆက်လက်ထုတ်လုပ်သွားမည်ဖြစ်ပြီး ပြည်တွင်းပြည်ပဈေးကွက်များသို့ တင်ပို့ရောင်းချရန် စီစဉ်လျက်ရှိကြောင်းနှင့် ကျောက်ဆည်မှန်စက်ရုံသည် မြန်မာနိုင်ငံတွင် နိုင်ငံတကာ အရည်အသွေးမီမှန်များ ထုတ်လုပ်နိုင်သည့် တစ်ခုတည်းသော မှန်စက်ရုံဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ဗီယက်နမ်နိုင်ငံ ဟနွိုင်းမြို့၌ တတိယအကြိမ်မြောက် အာဆီယံအမျိုးသမီးရေးရာဝန်ကြီးများအဆင့် အစည်းအဝေး ကျင်းပ

**နေပြည်တော် အောက်တိုဘာ ၂၅**

ဗီယက်နမ်နိုင်ငံ ဟနွိုင်းမြို့၌ အောက်တိုဘာ ၂၄ ရက်နှင့် ၂၅ ရက်တို့တွင် ကျင်းပခဲ့သည့် တတိယအကြိမ်မြောက် အာဆီယံအမျိုးသမီးရေးရာဝန်ကြီးများအဆင့် အစည်းအဝေးသို့ မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီဥက္ကဋ္ဌ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး တက်ရောက်သည်။




**သွားရောက်တွေ့ဆုံ**

ပြည်ထောင်စုဝန်ကြီးသည် အောက်တိုဘာ ၂၄ ရက်တွင် ဗီယက်နမ်နိုင်ငံ အလုပ်သမား၊ မသန်စွမ်းသူများနှင့် လူမှုရေးရာဝန်ကြီးဌာန ဝန်ကြီး H.E. Mr. Dao Ngoc Dung အား ၎င်း၏ ဝန်ကြီးရုံးဧည့်ခန်းမ၌ သွားရောက်တွေ့ဆုံခဲ့သည်။

တတိယအကြိမ်မြောက် အာဆီယံအမျိုးသမီးရေးရာ ဝန်ကြီးအဆင့် အစည်းအဝေး၌ အမျိုးသမီးများ စီးပွားရေးနှင့်နိုင်ငံရေးကဏ္ဍတွင် ပိုမိုပါဝင်လာနိုင်ရေးအတွက် မူဝါဒရေးရာများဆွေးနွေးမည်ဖြစ်ကြောင်း၊ လူမှုကာကွယ်စောင့်ရှောက်ရေးအတွက် အာဆီယံနိုင်ငံများက အကောင်အထည်ဖော်ဆောင်ရွက်နေကြပါကြောင်း၊ ဗီယက်နမ်နိုင်ငံအနေဖြင့် အမျိုးသားရည်မှန်းချက်ရှစ်ရပ်ချမှတ်၍ ဆောင်ရွက်နေပါကြောင်း။

**တာဝန်ယူဆောင်ရွက်**

အလုပ်သမား၊ မသန်စွမ်းသူများနှင့် လူမှုရေးရာဝန်ကြီးဌာနက အဓိကလုပ်ငန်းကြီးသုံးရပ်ကို ဆောင်ရွက်နေပြီး ဆင်းရဲနွမ်းပါးမှုလျှော့ချရေး၊ လူမှုကာကွယ်စောင့်ရှောက်ရေးနှင့် အလုပ်လက်မဲ့ လျှော့ချရေးတို့ဖြစ်ပါကြောင်း၊ ကျား၊ မတန်းတူညီမျှရေးအတွက် ဆောင်ရွက်ရာတွင် အမျိုးသမီးများ နိုင်ငံရေးတွင် ၂၆ ရာခိုင်နှုန်းပါဝင်ပြီး စီးပွားရေးတွင် တိုးမြင့်ပါဝင်နိုင်ရန်ဆောင်ရွက်လျက်ရှိပါကြောင်း ပြောကြားရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက မိမိတို့ဝန်ကြီးဌာနအနေဖြင့် ကိုယ်ဝန်ဆောင်ဘဝမှ သက်ကြီးရွယ်အိုအထိ တာဝန်ယူဆောင်ရွက်နေပါကြောင်း၊ သဘာဝဘေးအန္တရာယ်သာမက လူကြောင့်ဖြစ်သောဘေးအန္တရာယ်များကိုလည်း ပြန်လည်ထူထောင်ရေးဆောင်ရွက်ရပါကြောင်း၊ လူငယ်ရေးရာ မူဝါဒရေးဆွဲပြီး လူငယ်ဖွံ့ဖြိုးတိုးတက်ရန် ဆောင်ရွက်နေပါကြောင်း၊ အမျိုးသမီးဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ရာတွင် မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီဖွဲ့စည်းထားပါကြောင်း။

မူဝါဒရေးရာအနေဖြင့် အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာစီမံကိန်းရှိပါကြောင်း၊ ယင်းစီမံကိန်းအကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် နည်းပညာလုပ်ငန်းအဖွဲ့လေးဖွဲ့ ဖွဲ့စည်းအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ရခိုင်ပြည်နယ်ရှိ အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အသက်မွေးဝမ်းကျောင်း ပညာရပ်သင်ကြားပေးခြင်း၊ လူမှုကာကွယ်စောင့်ရှောက် ထောက်ပံ့ပေးခြင်းတို့ ဆောင်ရွက်လျက်ရှိပါကြောင်း ပြောကြားခဲ့သည်။ ဆက်လက်၍ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်နိုင်မည့် ကဏ္ဍများကို ဆွေးနွေးကြရာ ကျား၊ မ တန်းတူညီမျှရေးတွင် ပူးပေါင်းဆောင်ရွက်ရန်မှာ ကျေးလက်နေ ၇၀ ရာခိုင်နှုန်းထဲတွင် ထိခိုက်လွယ်အုပ်စုများအတွက် ဆောင်ရွက်ပေးရေး၊ အမျိုးသမီးများနိုင်ငံရေးနှင့်စီးပွားရေးတွင် ပါဝင်မှုမြင့်မားလာစေရေး၊ ကျား၊ မ ရေးရာကို ကဏ္ဍတိုင်းတွင် ထည့်သွင်းနိုင်ရေး၊ ကျား၊ မ တန်းတူညီမျှရေးအတွက် အာဆီယံဒေသတွင်း ဘုံရည်မှန်းချက်များ၊ သဘောတူညီချက်များကိုအခြေခံ၍ ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဆွေးနွေးပြောကြားကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် အာဆီယံနိုင်ငံများမှ ဝန်ကြီးများနှင့် အလုပ်သဘောညစာစားပွဲသို့ တက်ရောက်သည်။

တတိယအကြိမ်မြောက် အာဆီယံအမျိုးသမီးရေးရာ ဝန်ကြီးအဆင့် အစည်းအဝေးဖွင့်ပွဲ အခမ်းအနားကို ဗီယက်နမ်နိုင်ငံ ဟနွိုင်းမြို့ Sherton Hanoi Hotel ၌ ယနေ့မွန်းလွဲပိုင်းက ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး တက်ရောက်သည်။

**လွှဲပြောင်းလက်ခံ**

အခမ်းအနားတွင် ဥက္ကဋ္ဌဟောင်း ဖိလစ်ပိုင်နိုင်ငံ အမျိုးသမီးရေးရာဝန်ကြီး H.E. Rhodora T.MasilangBucoy က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး လက်ရှိဥက္ကဋ္ဌနေရာအား လွှဲပြောင်းရယူမည့် ဗီယက်နမ်နိုင်ငံ အလုပ်သမား၊ မသန်စွမ်းသူများနှင့် လူမှုရေးရာဝန်ကြီးဌာန ဝန်ကြီး H.E. Mr. Dao Ngoc Dung က အဖွင့်အမှာစကားပြောကြားကာ ဥက္ကဋ္ဌရာထူးကို လွှဲပြောင်းလက်ခံရယူခဲ့သည်။

ယင်းနောက် အာဆီယံအတွင်းရေးမှူးချုပ်ရုံးမှ ဒုတိယအထွေထွေအတွင်းရေးမှူးချုပ် H.E. Dr. Kung Phoakနှင့် ဗီယက်နမ်နိုင်ငံဝန်ကြီးချုပ် မစ္စတာ ငုယင်စွမ်းဖုတို့က ဂုဏ်ပြုစကားပြောကြားပြီး တက်ရောက်လာကြသည့် အာဆီယံနိုင်ငံများမှ ဝန်ကြီးများ၊ သံအမတ်ကြီးများနှင့် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။ **(အပေါ်ပုံ)**

**အမြင်ချင်းဖလှယ်ဆွေးနွေး**

ထို့နောက် တတိယအကြိမ်မြောက် အာဆီယံအမျိုးသမီးရေးရာဝန်ကြီးအဆင့် အစည်းအဝေးကို ဆက်လက်ကျင်းပရာ အမျိုးသမီးများနှင့်အမျိုးသမီးငယ်ရွယ်များအတွက် လူမှုကာကွယ်စောင့်ရှောက်ရေး၊ လူမှုဖူလုံရေးကိစ္စများကို နိုင်ငံအလိုက်ချမှတ်ဆောင်ရွက်နေသောမူဝါဒများ၊ လုပ်ငန်းစဉ်များ၊ အမျိုးသမီးနှင့် အမျိုးသမီးကလေးငယ်လေးများအပေါ် အကြမ်းဖက်မှုကို အာဆီယံဒေသတွင်း လျော့နည်းပပျောက်စေရန်၊ လုပ်ခလစာမညီမျှမှုကိုလျှော့ချရန်၊ မျိုးဆက်ပွားကျန်းမာရေး လက်လှမ်းမီရရှိစေရန်၊ ကျား၊ မ တန်းတူညီမျှမှု တိုးမြှင့်ဆောင်ရွက်ခြင်းဖြင့် ၂၀၃၀ တွင် စဉ်ဆက်မပြတ် ရေရှည်တည်တံ့ဖွံ့ဖြိုးတိုးတက်ရေးရည်မှန်းချက်ပန်းတိုင် (၅)ကို ရောက်ရှိစေရန် သက်ဆိုင်ရာဝန်ကြီးများက အမြင်ချင်းဖလှယ်ဆွေးနွေးကြရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက မြန်မာနိုင်ငံ၏ အမျိုးသမီးများနှင့် အမျိုးသမီးငယ်ရွယ်များအတွက် လူမှုကာကွယ်စောင့်ရှောက်ရေးဆောင်ရွက်ချက်များ၊ မြန်မာနိုင်ငံမှ ဆောင်ရွက်လျက်ရှိသော အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အမျိုးသားအဆင့်မဟာဗျူဟာစီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်ချက်များ၊ မြန်မာနိုင်ငံ၏ လူမှုကာကွယ်စောင့်ရှောက်ရေး ဆောင်ရွက်ချက်များကို မြန်မာနိုင်ငံကိုယ်စား ဆွေးနွေးပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ပေါက်မြို့နယ်၌ ဆိုင်ကယ်လိုင်စင်သက်တမ်းတိုးများ နေ့ချင်းပြီးဆောင်ရွက်

**ပေါက် အောက်တိုဘာ ၂၅**

မကွေးတိုင်းဒေသကြီး ပေါက်မြို့နယ်၌ ဆိုင်ကယ်လိုင်စင်သက်တမ်းတိုး ဆောင်ရွက်ခြင်းများကို ပေါက်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ရွှေပေါက်ပင်ခန်းမ၌ အောက်တိုဘာ ၂၀ ရက်က ဆောင်ရွက်ခဲ့သည်။

ထိုသို့ဆောင်ရွက်ရာတွင် ဆိုင်ကယ်အမျိုးအစားအပေါ် မူတည်၍ ကုန်ကျစရိတ်များရှိရာ လိုင်စင်သက်တမ်းလွန်ဆိုင်ကယ်များသည် ပို၍ကုန်ကျမှုရှိကာ မြို့နယ်အတွင်းရှိ ဆိုင်ကယ်အစီးရေ ၇၀၀ ကျော်ကို ပခုက္ကူခရိုင် ကညနရုံးမှ ဝန်ထမ်းများက နေ့ချင်းပြီး ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ဉာဏ်တိုး(ပေါက်)**

# ကုလသမဂ္ဂဆိုင်ရာ မြန်မာအမြဲတမ်းကိုယ်စားလှယ် သံအမတ်ကြီး ဦးဟောက်ဒိုဆွမ်းက ကုလသမဂ္ဂလုံခြုံရေးကောင်စီတွင် မြန်မာနိုင်ငံဆိုင်ရာ လွတ်လပ်သောအချက်အလက်ရှာဖွေရေးအဖွဲ့(FFM)၏ ပြောကြားမှုအပေါ် တုံ့ပြန်ပြောကြား

နေပြည်တော် အောက်တိုဘာ ၂၆

**ကုလသမဂ္ဂလုံခြုံရေးကောင်စီအဖွဲ့ဝင် (၉)နိုင်ငံ (ကုတ်ဒီဗွား၊ ပြင်သစ်၊ ကူဝိတ်၊ နယ်သာလန်၊ ပီရူး၊ ပိုလန်၊ ဆွီဒင်၊ အမေရိကန်နှင့် ဗြိတိန်နိုင်ငံ)၏ မေတ္တာရပ်ခံချက်အရ ကုလသမဂ္ဂလုံခြုံရေးကောင်စီတွင် မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံတကာအချက်အလက်ရှာဖွေရေးအဖွဲ့(FFM)ဥက္ကဋ္ဌ မစ္စတာ မာဇူကီး ဒါရုစ်မန်၏ ရှင်းလင်းပြောကြားစေရန် အစည်းအဝေးတစ်ရပ်ကို ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ၂၄ ရက်တွင် အမေရိကန်ပြည်ထောင်စု၊ နယူးယောက်မြို့ရှိ ကုလသမဂ္ဂဌာနချုပ်၌ ကျင်းပခဲ့သည်။**

ရှေးဦးစွာ အဆိုပါရှင်းလင်းပွဲကျင်းပမည့်ကိစ္စအပေါ် ဘိုလီးဗီးယား၊ တရုတ်၊ အီကွေတိုရီရယ် ဂီနီနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံတို့က လုံခြုံရေးကောင်စီဥက္ကဋ္ဌထံသို့ ကန့်ကွက်စာပေးပို့ခဲ့ခြင်းကြောင့် လုပ်ထုံးလုပ်နည်းဆိုင်ရာ မဲခွဲဆုံးဖြတ်မှုပြုလုပ်ခဲ့ရာ ထောက်ခံမဲ(၉)မဲ၊ ကန့်ကွက်မဲ(၃)မဲနှင့် ကြားနေမဲ (၃)မဲတို့ဖြင့် ဆက်လက်ကျင်းပရန်ဆုံးဖြတ်ခဲ့ပါသည်။ ယင်းသို့ ကျင်းပရာတွင် သက်ဆိုင်ရာနိုင်ငံများဖြစ်သော မြန်မာနိုင်ငံနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့လည်း တက်ရောက်ခဲ့ကြပြီး၊ မြန်မာအမြဲတမ်းကိုယ်စားလှယ် သံအမတ်ကြီး ဦးဟောက်ဒိုဆွမ်းက တက်ရောက်၍ တုံ့ပြန်မိန့်ခွန်းပြောကြားခဲ့သည်။

မြန်မာအမြဲတမ်းကိုယ်စားလှယ် သံအမတ်ကြီး ဦးဟောက်ဒိုဆွမ်း ပြောကြားသည့် မိန့်ခွန်းအပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်-

**သဘာပတိကြီးခင်ဗျား**

ယနေ့ အောက်တိုဘာလ ၂၄ ရက်သည် ကုလသမဂ္ဂအဖွဲ့ကြီးကို စတင်တည်ထောင်သည့် (၇၃)နှစ်မြောက် နှစ်ပတ်လည်နေ့ဖြစ်ကြောင်း၊ မြန်မာနိုင်ငံတွင် နှစ်စဉ်နှစ်တိုင်း အခမ်းအနားတစ်ရပ်ကျင်းပခြင်း၊ ကုလသမဂ္ဂ၏ လုပ်ငန်းကို အများပြည်သူက ပိုမိုသိနားလည်စေရန် လှုပ်ရှားမှုများပြုလုပ်ခြင်းတို့ဖြင့် ကုလသမဂ္ဂနေ့ကို ဂုဏ်ပြုကျင်းပလျက်ရှိကြောင်း၊ ကုလသမဂ္ဂနေ့သည် ဂုဏ်ယူတန်ဖိုးထားရန်နှင့် အတိတ်ကို အမှတ်ရစေရန် ဆင်နွှဲကျင်းပသည့် နေ့ရက်တစ်ရက်ဖြစ်သကဲ့သို့ ကုလသမဂ္ဂအဖွဲ့ကြီးကို စတင်တည်ထောင်သူများက ကျွန်ုပ်တို့အပေါ် ယုံကြည်အပ်နှံခဲ့သည့် ကမ္ဘာ့ငြိမ်းချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် လူ့အခွင့်အရေးတို့ကို တည်ဆောက်ရန် တာဝန်ဝတ္တရားများကို မြင့်မြတ်စွာ ထပ်လောင်းသန္နိဋ္ဌာန်ပြုကြရန် နေ့ရက်တစ်ရက်လည်းဖြစ်ကြောင်း။

သို့ရာတွင် ယနေ့အစည်းအဝေး၌ ကုလသမဂ္ဂ ပဋိညာဉ်၏ ရည်ရွယ်ချက်နှင့် အခြေခံမူများ၊ လုံခြုံရေးကောင်စီ၏ စည်းမျဉ်းနှင့် လုပ်ထုံးလုပ်နည်းများနှင့် လူသားအသိတရား၏ ကြောင်းကျိုးဆီလျော်မှုနှင့် မျှတမှုတို့ကို ပေါ်ပေါ်တင်တင် ဖီဆန်နေကြသည်ကို တွေ့ရသည်မှာ အလွန်စိတ်မချမ်းမြေ့ဖွယ်ဖြစ်ကြောင်း။

လုံခြုံရေးကောင်စီအဖွဲ့ဝင်နိုင်ငံအချို့က ကိုယ်ပိုင်နိုင်ငံရေးရည်ရွယ်ချက်အတွက် လူ့အခွင့်အရေးကိစ္စကို အပိုင်စီးရန် ပြောင်ပြောင်တင်းတင်း ကြိုးပမ်းမှုများကြောင့် ကုလသမဂ္ဂအဖွဲ့ကြီး၏ ဂုဏ်သိက္ခာနှင့် တည်ကြည်ခိုင်မာမှု လျော့ပါးလာသည်ကို တွေ့မြင်နေရကြောင်း။

လုံခြုံရေးကောင်စီ၏ အစဉ်အလာလုပ်ထုံးလုပ်နည်းများကို အလွဲသုံးစားပြုသည့် ဤမတရားသောလုပ်ဆောင်မှုကို ကောင်စီ၏အခြားအဖွဲ့ဝင်များနည်းတူ မြန်မာကိုယ်စားလှယ်အဖွဲ့က ပြင်းထန်စွာကန့်ကွက်ကြောင်း။

**သဘာပတိကြီးခင်ဗျား**

လူ့အခွင့်အရေးကောင်စီက မြန်မာနိုင်ငံဆိုင်ရာ လွတ်လပ်သော နိုင်ငံတကာ အချက်အလက်ရှာဖွေရေးအဖွဲ့(FFM)ကို ၂၀၁၇ ခုနှစ်၊ မတ်လတွင် တည်ထောင်စဉ်ကတည်းက အထူးသဖြင့် ယင်းထူထောင်မှုနှင့် လုပ်ပိုင်ခွင့်တို့အပေါ် အထူးစိုးရိမ်မှုများကြောင့် ကန့်ကွက်ခဲ့ပါကြောင်း၊ လူ့အခွင့်အရေးကောင်စီ၏ဆုံးဖြတ်ချက်အမှတ်၊ ၃၄/၂၂ အရ၊ "မြန်မာနိုင်ငံ အထူးသဖြင့် ရခိုင်ပြည်နယ်တွင် တပ်မတော်နှင့် လုံခြုံရေးအဖွဲ့များ၏ မကြာသေးမီက လူ့အခွင့်အရေးချိုးဖောက်မှုနှင့် ကျူးလွန်မှုများ စွပ်စွဲချက်များနှင့် ပတ်သက်၍ ကျူးလွန်သူများကို အပြည့်အဝတာဝန်ယူမှုရှိစေရန်နှင့် ကျူးလွန်ခံရသူများအတွက် တရားနည်းလမ်းတကျဖြစ်စေရန် အခြေအနေနှင့် အချက်အလက်များကို စုဆောင်းရေးအတွက် ဖွဲ့စည်းထူထောင်ရန်"ဟု လုပ်ပိုင်ခွင့်ပေးထားကြောင်း။

အဆိုပါလုပ်ပိုင်ခွင့်တွင် မည်သူကကျူးလွန်သူ၊ မည်သူက ဒုက္ခရောက်သူများဟု ထင်ရှားစွာ သတ်မှတ်ထားပြီးသကဲ့သို့ ဖြစ်ကြောင်း၊ FFM တည်ထောင်မှုတွင် အားနည်းချက်များ၊ ဘက်လိုက်မှုများပါဝင်နေပြီး၊ မူလကတည်းကပင် နိုင်ငံရေးအရ တွန်းအားပေးမှုရှိနေကြောင်း။

ခိုင်လုံမှုမရှိသော ပြောဆိုဖြေကြားချက်များအပေါ်တွင်သာ အခြေခံထားသည့် အစီရင်ခံစာသည် လက်ရှိတင်းမာမှုများကိုဆက်လက်တိုးပွားစေမည်သာမက လူမှုအသိုက်အဝန်းအကြား သဟဇာတဖြစ်စေရေးအတွက် အစိုးရ၏ ကြိုးပမ်းဆောင်ရွက်ချက်များကိုလည်း နှောင့်နှေးစေမည် ဖြစ်ကြောင်း၊ ဤမစ်ရှင်၏ တစ်ဖက်သတ်အစီရင်ခံစာက မိမိတို့ကို စိုးရိမ်မှုကို အတည်ပြုခဲ့ကြောင်း။

ပြီးခဲ့သည့် ဩဂုတ်လ(၂၈)ရက်တွင် ကျင်းပသော လုံခြုံရေးကောင်စီ အစည်းအဝေး၌ FFM ၏ ရိုးသားဖြူစင်မှုအပေါ် မိမိတို့ သံသယဖြစ်ကြောင်းကို ပြောကြားခဲ့ကြောင်း၊ FFM သည် ၎င်း၏ အစီရင်ခံစာကို လူ့အခွင့်အရေးကောင်စီ၌ စက်တင်ဘာလ(၁၈)ရက်တွင် တင်ပြရန်သာဖြစ်သော်လည်း လုံခြုံရေးကောင်စီ၏ မြန်မာနိုင်ငံနှင့်ပတ်သက်သည့် တံခါးဖွင့်ဆွေးနွေးပွဲ ကျင်းပမည့်ရက်မတိုင်မီ တစ်ရက်အလိုဖြစ်သော ဩဂုတ်လ(၂၇)ရက်တွင် ယင်း၏ မတည်းဖြတ်ရသေးသည့် အစီရင်ခံစာကို ကတိုက်ကရိုက်ထုတ်ပြန်ခဲ့ကြောင်း၊ ယင်းလုပ်ရပ်မှာ FFM ၏ ဓမ္မဓိဋ္ဌာန်ကျမှု၊ ဘက်မလိုက်မှုနှင့် သိက္ခာရှိမှုတို့အပေါ် စိုးရိမ်ရမည့်အခြေအနေကို ဖြစ်စေခဲ့ကြောင်း။




မြန်မာအမြဲတမ်းကိုယ်စားလှယ် သံအမတ်ကြီး ဦးဟောက်ဒိုဆွမ်း

FFM ၏ စုံစမ်းစစ်ဆေးမှု နည်းလမ်းသည်လည်း အားနည်းချက်များစွာ ရှိကြောင်း၊ ကော့ဇ်ဘဇားရှိ နေရပ်စွန့်ခွာသူများကို ရွေးချယ်၍ မေးမြန်းခြင်း၊ ယင်းအရေးကိစ္စပေါ်တွင် ရည်ရွယ်ချက်ရှိရှိဖြင့် ဆောင်ရွက်လျက်ရှိသည့် NGO များ၊ INGO များနှင့် လူ့အခွင့်အရေးအုပ်စုများထံမှ အချက်အလက်များကို ရယူခြင်းဖြင့် အစီရင်ခံစာကို ပြုစုထားသည့်အတွက် တာဝန်ခံမှုမရှိသည့် လူ့အခွင့်အရေးအုပ်စုအချို့၏ အစီရင်ခံစာပါအချက်များနှင့် ထပ်တူကျနေသည်ကို တွေ့ရကြောင်း။

**သဘာပတိကြီးခင်ဗျား**

ရခိုင်ပြည်နယ်၏ လက်ရှိလူသားချင်းစာနာမှုအရေးကိစ္စသည် ၂၀၁၆ ခုနှစ်၊ အောက်တိုဘာလနှင့် ၂၀၁၇ ခုနှစ်၊ ဩဂုတ်လတွင် အာဆာအကြမ်းဖက်အုပ်စုက ရဲကင်းစခန်း(၃၀)နှင့် နယ်မြေခံတပ်ရင်း ဌာနချုပ်တို့ကို ကြိုတင်အကွက်ချ စီစဉ်တိုက်ခိုက်ခဲ့ခြင်းကြောင့် ဖြစ်ပွားရခြင်းဖြစ်ကြောင်းကို အစိုးရက အကြိမ်ကြိမ် ရှင်းလင်းပြောကြားခဲ့ပြီးဖြစ်သော်လည်း FFM အနေဖြင့် အာဆာ၏ ရက်စက်ကြမ်းကြုတ်မှုများကို ပေါ်ပေါ်တင်တင် ထည့်သွင်းမစဉ်းစားသည်ကို အံ့ဩမိကြောင်းနှင့် မွတ်ဆလင်အကြမ်းဖက်များကို အကာအကွယ်ပေးသည့် သဘောပင်ဆောင်နေကြောင်း။

အာဆာအကြမ်းဖက်သမားများက လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ ဟိန္ဒူရွာသားတစ်ရာခန့်အပါအဝင် ရာပေါင်းများစွာသော အပြစ်မဲ့ပြည်သူများ၊ အခြားလူမျိုးစုများနှင့် အစိုးရကိုထောက်ခံသည့် မွတ်ဆလင်များကို သတ်ဖြတ်ခဲ့သည့်အတွက် ထောင်နှင့်ချီသော အပြစ်မဲ့ပြည်သူများမှာ ရခိုင်ပြည်နယ်ရှိ အခြားဒေသများသို့ ထွက်ပြေးခဲ့ရကြောင်း၊ အလားတူ မွတ်ဆလင်ထောင်ပေါင်းများစွာသည်လည်း တစ်ဖက်အိမ်နီးချင်းနိုင်ငံသို့ ထွက်ပြေးခဲ့ရကြောင်း၊ ယင်းပဋိပက္ခသည် မွတ်ဆလင် အသိုက်အဝန်းတစ်ခုတည်းကိုသာ ထိခိုက်ခြင်းမဟုတ်သည်ကို သဘောပေါက်ကြရန်လိုအပ်ကြောင်း၊ လူ့အခွင့်အရေးကိစ္စဆိုပါက အသိုက်အဝန်းနှစ်ခုလုံး၏ လူ့အခွင့်အရေးကို ကြည့်ရန်လိုအပ်ကြောင်း။

ထို့ပြင် FFM အနေဖြင့် အာဆာ၏ ရက်စက်ကြမ်းကြုတ်မှုများကို သိသာထင်ရှားစွာ တမင်လျှော့လျှော့ပေါ့ပေါ့ဖော်ပြထားသည့်အတွက် စိတ်ပျက်မိကြောင်း၊ ဤလုပ်ရပ်မှာ အများအမြင်တွင် မွတ်ဆလင် အစွန်းရောက်အကြမ်းဖက်သမားများ၏လုပ်ရပ်ကို အကာအကွယ်ပေး အသိအမှတ်ပြုသည့် သဘောပင်ဆောင်နေကြောင်း။

အစီရင်ခံစာ၏ စာမျက်နှာ ၁၁ တွင် အာဆာအကြမ်းဖက်အဖွဲ့၏ ရက်စက်ကြမ်းကြုတ်မှုများကို တွန့်ဆုတ်စွာဖြင့် ထည့်သွင်းထားသည်ကို တွေ့ရကြောင်း၊ စာပိုဒ် ၅၄ တွင် ခမောင်းဆိပ်၌ ဟိန္ဒူဘာသာဝင် ၁၀၀ ဦးခန့်ကို သတ်ဖြတ်ခြင်းအပါအဝင် အာဆာအဖွဲ့၏ ရက်စက်ကြမ်းကြုတ်မှုများနှင့် ပတ်သက်၍ "FFM အဖွဲ့၏ ကနဦးရရှိသည့် အချက်အလက်များအရ ဒုတိယအဖြစ်အပျက်(ဟိန္ဒူများသတ်ဖြတ်ခံရမှုကို ဆိုလိုသည်)ကို အတည်ပြုကြောင်း၊ သို့သော် ကျူးလွန်သူ အဖြေမပေါ်ကြောင်းနှင့် ယင်းဒေသ၌ အခြားရန်လိုသူများ သို့မဟုတ် ပြစ်မှုကျူးလွန်သူအုပ်စုများလည်း ရှိခဲ့သည့်အတွက် ၎င်းတို့ကျူးလွန်ခြင်းလည်း ဖြစ်နိုင်သည်"ဟု ဖော်ပြထားသည်မှာ လွန်စွာ အံ့အားသင့်ဖွယ်ဖြစ်ကြောင်း။

**သဘာပတိကြီးခင်ဗျား**

တာဝန်ခံမှုနှင့်ပတ်သက်၍ များစွာပြောကြားခဲ့ပြီးဖြစ်ကြောင်း၊ အားလုံးသိရှိကြပြီး ဖြစ်သည့်အတိုင်း မြန်မာအစိုးရက လွတ်လပ်သော စုံစမ်းစစ်ဆေးရေးကော်မရှင်တစ်ရပ်ကို ဖွဲ့စည်းခဲ့ကြောင်း၊ ကော်မရှင်သည် ၂၀၁၆ ခုနှစ်၊ အောက်တိုဘာလနှင့် ၂၀၁၇ ခုနှစ်၊ ဩဂုတ်လတို့တွင် ရခိုင်ပြည်နယ်၌ အာဆာအဖွဲ့၏ အကြမ်းဖက်တိုက်ခိုက်မှုများ ဖြစ်ပွားပြီးနောက် တာဝန်ခံမှုနှင့် ပြန်လည်သင့်မြတ်မှုတို့ရှိစေရေးအတွက် လူ့အခွင့်အရေး ချိုးဖောက်ကြောင်း စွပ်စွဲချက်များနှင့် ယင်းနှင့်ဆက်နွှယ်သည့် ကိစ္စရပ်များကို စုံစမ်းစစ်ဆေးမည်ဖြစ်ပြီး၊ အစီရင်ခံစာကို တစ်နှစ်အတွင်း တင်သွင်းမည်ဖြစ်ကြောင်း။

မြန်မာအစိုးရအနေဖြင့် လုံလောက်သည့် သက်သေအထောက်အထားရှိပါက မည်သည့် လူ့အခွင့်အရေးချိုးဖောက်ကြောင်း စွပ်စွဲချက်ကိုမဆို တာဝန်ခံမှုရှိစေရန် ဆန္ဒရှိသလိုဆောင်ရွက်နိုင်သည့် အနေအထားလည်းဖြစ်ပါကြောင်း။

မစ္စတာ မာဇူကီးက မြန်မာနိုင်ငံသည် လူ့အခွင့်အရေးချိုးဖောက်ကြောင်း စွပ်စွဲချက်များအပေါ် အရေးယူဆောင်ရွက်ခြင်းမရှိဟု ပြောကြားခဲ့ကြောင်း၊ အမှန်အားဖြင့် အင်းဒင်ဖြစ်စဉ်အပြီးတွင် လုပ်ထုံးလုပ်နည်းနှင့် စည်းကမ်းများကို ဖောက်ဖျက်ကျူးလွန်ခဲ့သည့် တပ်မတော်နှင့် ရဲဝန်ထမ်းများ၊ အရပ်သားများကို ဥပဒေကြောင်းအရ အရေးယူထားပြီးဖြစ်ကြောင်း။

**သဘာပတိကြီးခင်ဗျား**

ရခိုင်ပြည်နယ်ရှိ လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ အကြမ်းဖက်တိုက်ဖျက်မှုလုပ်ငန်းများမှာ "လူမျိုးသုဉ်း သတ်ဖြတ်ရန်ရည်ရွယ်သည်"ဟု ကောက်ချက်ချသည့်အပေါ် မြန်မာကိုယ်စားလှယ်အဖွဲ့အနေဖြင့် ပြတ်သားစွာ ငြင်းဆိုကြောင်း၊ ဥပဒေကြောင်းအရ ခိုင်မာစွာသက်သေမပြနိုင်သည့် စိစစ်အတည်ပြုနိုင်ခြင်းမရှိသော အခြေအနေများအပေါ် မူတည်၍ ကောက်ချက်ချထားခြင်းသာဖြစ်ကြောင်း။

အပြည်ပြည်ဆိုင်ရာ ပြစ်မှုဆိုင်ရာတရားရုံး(ICC)၏ ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၆ ရက်တွင် ချမှတ်ခဲ့သော ရခိုင်ပြည်နယ်အရေးကိစ္စနှင့် ပတ်သက်သည့်စီရင်ချက်ကို မြန်မာအစိုးရက ပြတ်သားစွာပယ်ချခဲ့ကြောင်း၊ မြန်မာနိုင်ငံသည် ရောမသဘောတူစာချုပ်တွင် ပါဝင်လက်မှတ်ရေးထိုးထားခြင်းမရှိသည့်အတွက် ယင်းတရားရုံးအနေဖြင့် မြန်မာနိုင်ငံအပေါ် မည်သို့မျှ တရားစီရင်ပိုင်ခွင့်မရှိကြောင်း။

ICC သို့ လွှဲပြောင်းရန် မည်သည့်တောင်းဆိုမှုကိုမဆို မြန်မာနိုင်ငံအနေဖြင့် လက်ခံမည်မဟုတ်ကြောင်းကို ပြတ်သားစွာပြောကြားလိုကြောင်း။

မြန်မာနိုင်ငံအနေဖြင့်လည်း တာဝန်ခံမှုနှင့်ပတ်သက်၍ စိတ်အားထက်သန်မှုနှင့် စွမ်းဆောင်နိုင်မှုကို ပြသခဲ့ပြီးဖြစ်ကြောင်း။

အခြားအပြုသဘောဆောင်သည့် ဖြစ်ပေါ်တိုးတက်မှုများကို ထည့်သွင်းမစဉ်းစားဘဲ တာဝန်ခံမှုကိုသာ ရှေ့တန်းတင်နေခြင်းသည် ဆိုးရွားသည့် အကျိုးဆက်များကို ဖြစ်ပေါ်စေလိမ့်မည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံ၏ အခြေအနေမှန်ကို မသိကျိုးကျွန်ပြုကာ တစ်ဖက်သတ် အတင်းအကျပ်အရေးယူဆောင်ရွက်မှုများနှင့် နိုင်ငံရေးအရ ပြင်ပဖိအားပေးမှုများသည် မြန်မာနိုင်ငံနှင့် နိုင်ငံတကာအသိုက်အဝန်းအကြား တည်ရှိသည့် ကောင်းမွန်သောစိတ်ဆန္ဒနှင့် ပူးပေါင်းဆောင်ရွက်မှုကို ထိခိုက်စေလိမ့်မည်ဖြစ်ကြောင်း။

ရခိုင်ပြည်နယ်၏အခြေအနေမှာ နိုင်ငံတကာငြိမ်းချမ်းရေးနှင့် လုံခြုံရေးကို မည်သည့်နည်းနှင့်မျှ ခြိမ်းခြောက်ခြင်းမရှိပါကြောင်း၊ ယင်းစွပ်စွဲချက်မှာ ယထာဘူတမကျသလို၊ အခြေအမြစ်လည်း မရှိကြောင်း၊ ယခုအစီရင်ခံစာမှာ ကြိုတင်စီမံဆုံးဖြတ်ထားသည့် အပြုသဘောမဆောင်သည့် အစီရင်ခံစာဖြစ်ကြောင်း။

**သဘာပတိကြီးခင်ဗျား**

နိုင်ငံတော်သမ္မတကြီး ဦးဝင်းမြင့်က ကုလသမဂ္ဂနေ့သို့ပေးပို့သည့် သဝဏ်လွှာတွင် ကုလသမဂ္ဂအဖွဲ့ကြီး၏တန်ဖိုးသည် ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေးနှင့် သဟဇာတဖြစ်ရေးတို့ကို မြှင့်တင်ရန်နှင့် ထိခိုက်နစ်နာမှုများနှင့် ရန်လိုမှုများကို လျှော့ချရန်အတွက် အဖွဲ့ကြီးနှင့် အဖွဲ့ဝင်နိုင်ငံများအနေဖြင့် မိမိတို့ရရှိထားသည့် လုပ်ပိုင်ခွင့်များကို မည်သို့အသုံးပြုသွားကြမည့်အပေါ် မူတည်ကြောင်းကို သတိပေးခဲ့ကြောင်း၊ ဓမ္မဓိဋ္ဌာန်ကျခြင်း၊ သမာသမတ်ကျခြင်း၊ ပညာရှင်ပီသခြင်း၊ အချုပ်အခြာအာဏာကို လေးစားလိုက်နာခြင်းတို့သည် ကုလသမဂ္ဂအဖွဲ့ကြီး လုပ်ငန်းအောင်မြင်ရေးအတွက် အဓိကသော့ချက်များဖြစ်ကြောင်း။

မြန်မာနိုင်ငံသည် ခိုင်မာသောဒီမိုကရေစီစနစ်သို့ အသွင်ကူးပြောင်းရာတွင် အလွန်အရေးကြီးသည့် အခြေအနေ၌သာ ရှိနေသေးသည်ကိုသတိပေးလိုကြောင်း၊ "မြန်မာနိုင်ငံ၏ ဒီမိုကရေစီစနစ်ပြုပြင်ပြောင်းလဲရေးတွင် အထောက်အကူပြုနိုင်လိမ့်မည်မဟုတ်"ဟု မစ္စတာ မာဇူကီးက ပြောကြားခဲ့ကြောင်း၊ စိတ်ရှုပ်သည်းခံမှုထားခြင်းသည် မြန်မာနိုင်ငံ၏ ဒီမိုကရေစီပြောင်းလဲမှုကို အထောက်အကူပြုနိုင်လိမ့်မည်မဟုတ်ဟု မစ္စတာ မာဇူကီးက ပြောကြားခဲ့ကြောင်း၊ ယင်းအချက်၏ ဆန့်ကျင်ဘက်သည်သာ မိမိတို့အတွက် မှန်ကန်ကြောင်း၊ ဒီမိုကရေစီကို တော်လှန်ရေးတစ်ရပ်ဖြင့် တည်ဆောက်နေခြင်းမဟုတ်ကြောင်း၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် သဘောတူညီမှုရရှိရေးမှတစ်ဆင့် ငြိမ်းချမ်းသည့်နည်းလမ်းကို ရွေးချယ်ခဲ့ရာ ကြီးမားသည့် စိတ်ရှည်မှုနှင့် နိုင်ငံရေးအမြော်အမြင်လိုအပ်ကြောင်း။

အတွင်းရေးမှူးချုပ်၏ အထူးကိုယ်စားလှယ်က အောက်တိုဘာလ ၂၀ ရက်နေ့တွင် ထုတ်ပြန်ခဲ့သော

**စာမျက်နှာ ၅ သို့** »»

## ငြိမ်းချမ်းရေး လုပ်ငန်းစဉ်

- ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို ဗဟိုပြုပြီး အမျိုးသားပြန်လည်သင့်မြတ်ရေးကို ရယူနိုင်မည်ဆိုလျှင် မြန်မာနိုင်ငံ၏ ဒီမိုကရေစီ အသွင်ကူးပြောင်းရေးနှင့် ပြည်ထောင်စုတည်ဆောက်ရေးတို့ကို တည်တည်ငြိမ်ငြိမ်ခိုင်ခိုင်မာမာ အောင်အောင်မြင်မြင်ဖြင့် ဖော်ဆောင်နိုင်မည်ဖြစ်သည်။
- နိုင်ငံတော်အစိုးရ လက်ရှိကြိုးပမ်းနေသည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်၏ အဓိကရည်မှန်းချက်ပန်းတိုင်မှာ အနာဂတ်ဒီမိုကရေစီ ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရန်အတွက် နိုင်ငံရေးသဘောတူညီချက်များရရှိရေး၊ ၎င်းနောက် ပြည်ထောင်စု သဘောတူစာချုပ် ခိုင်ခိုင်မာမာချုပ်ဆိုပြီး အစဉ်အဆက် ဆက်လက်အကောင်အထည်ဖော်နိုင်ရေးပင် ဖြစ်သည်။
- ထိုသို့ ကြိုးပမ်းရာတွင် နိုင်ငံရေးဆွေးနွေးပွဲများမှတစ်ဆင့် ဘုံသဘောတူလက်ခံသည့် အခြေခံမူများ ထွက်ပေါ်လာရန် ဆောင်ရွက်နေခြင်းဖြစ်သည်။ လက်ရှိ ကြိုးပမ်းဖော်ဆောင်နေသည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အောင်မြင်ရန် တပ်မတော်၏ အခန်းကဏ္ဍကလည်း အရေးပါနေသည်။

*(၁၉-၉-၂၀၁၈ ရက်နေ့ ပြည်ထောင်စုလွှတ်တော်တွင် နိုင်ငံတော်၏ အခြေအနေအရပ်ရပ်နှင့် စပ်လျဉ်းသည့် ရှင်းလင်းတင်ပြချက်မှ ကောက်နုတ်ချက်)*



သီတင်းကျွတ်လပြည့်ကျော် ၁ ရက်ညက ရွှေကျင်ချောင်းအတွင်း ဆီမီးရောင်စုံ မီးကြာခွက်များ ရေမျှောပူဇော်နေစဉ်။

**ရွှေဖုံးမှ**

ရွှေကျင်မီးမျှောပွဲတော်ကို ကုန်းဘောင်ခေတ်မှ စတင်ကျင်းပခဲ့သည်ဟု သမိုင်းမှတ်တမ်းများအရ သိရပြီး အမျိုးဘာသာ၊ သာသနာ ယဉ်ကျေးမှုအစဉ်အလာကို ခေတ်အဆက်ဆက် စောင့်ရှောက်ခဲ့သည့် ပွဲတော်ဖြစ်သည်နှင့်အညီ ရိုးရာယိမ်းအကဖြစ်သော တက်ခုတ်ယိမ်းနှင့် တက်ပုံ့ယိမ်းအကများ မပပျောက်စေရေးအတွက် ဒေသဆိုင်ရာယိမ်းအဖွဲ့များက တစ်နေ့တာလုံး ရွှေကျင်ချောင်းအတွင်း ကပြဖျော်ဖြေခဲ့ကြသည်။

ရာသီဥတုပူပြင်းမှုနှင့် ပင်ပန်းမှုအခြေအနေများကို လျစ်လျူရှုပြီး တစ်နေ့တာလုံး အားကြိုးမာန်တက် ပါဝင်ယှဉ်ပြိုင်ဖျော်ဖြေခဲ့ကြသည့် တက်ခုတ်ယိမ်း၊ တက်ပုံ့ယိမ်း၊ ယိမ်းအကအဖွဲ့များအပြင် တိုင်းရင်းသားရိုးရာ ယိမ်းအဖွဲ့များပါ ပါဝင်ဖျော်ဖြေခဲ့ကြပြီး အဆိုပါယိမ်းအဖွဲ့များအနက် ထူးချွန်သည့်ယိမ်းအကအဖွဲ့များအား တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ခဲ့သည်။

ယင်းနောက် ညနေပိုင်းတွင် ဗုဒ္ဓမြတ်စွာဘုရားကို အမှူးထား၍ ရှင်ဥပဂုတ္တမထေရ်မြတ်ကြီးအား မီးကြာခွက်ရောင်စုံဖြင့် မီးမျှောပူဇော်ကြပြီး အနယ်နယ်အရပ်ရပ်မှ လာရောက်သူများကလည်း ရွှေကျင်ချောင်းအတွင်းသို့ မီးကြာခွက်များမျှောခြင်း၊ မီးရှူးမီးပန်းများ ပစ်ဖောက်ခြင်းတို့ဖြင့် ပူဇော်ခဲ့ကြသည်။

ဆက်လက်၍ ကရဝိက်ဖောင်တော်ပေါ်ရှိ ကျောင်းဆောင်တွင် စံမြန်းတော်မူနေသည့် ရှင်ဥပဂုတ္တမထေရ်မြတ်ကို ကျောင်းဆောင်နှင့်တကွ ဝါးဖောင်တော်ပေါ်သို့ ရွှေ့ပြောင်းပင့်ဆောင်၍ ရွှေကျင်ချောင်းရိုးမှတစ်ဆင့် စစ်တောင်းမြစ်အတွင်းသို့ ရေမျှောပူဇော်ခဲ့ကြသည်။

ယခုနှစ် ရွှေကျင်မီးမျှောပူဇော်ပွဲအောင်မြင်ဖြစ်မြောက်စေရေးနှင့် ရေရှည်စဉ်ဆက်မပြတ် ဆက်လက်ကျင်းပနိုင်ရေးအတွက် ပွဲတော်ကာလ မတိုင်မီကပင် ရေပွဲဗဟိုမဏ္ဍပ်ကြီးအား ပိုမိုခိုင်ခံ့မှုရှိစေရန် ကွန်ကရစ်ဖြင့် တည်ဆောက်နိုင်ခဲ့သလို ပွဲတော်လာပြည်သူများ အဆင်ပြေချောမွေ့စွာ နားနေကြည့်ရှုနိုင်စေရန်အတွက် ရေပွဲဗဟိုမဏ္ဍပ်ဝဲယာအနီးရှိ ရွှေကျင်ချောင်းကမ်းနား တစ်လျှောက်တွင် ပေ ၇၀၀ ခန့် မြေဖို့ခြင်းတို့ ပြုလုပ်နိုင်ခဲ့သည်။

ရွှေကျင်မီးမျှောပူဇော်ပွဲသည် မြတ်စွာဘုရားအားအမှူးထား၍ တောင်သမုဒ္ဒရာတွင် ကြေးပြာသာဒ်ဖြင့်စံမြန်းနေသည့် ရှင်ဥပဂုတ္တမထေရ်မြတ်အားရည်စူးပြီး နှစ်စဉ်သီတင်းကျွတ်လပြည့်ကျော် ၁ ရက်တွင် ရွှေကျင်ချောင်းအတွင်း ဆီမီးရောင်စုံ မီးကြာခွက်များ ရေမျှောပူဇော်သည့်ပွဲတော်တစ်ခုဖြစ်ပြီး ကုန်းဘောင်ခေတ်မှသည် ခေတ်အဆက်ဆက် လက်ဆင့်ကမ်းကျင်းပလာခဲ့သည်မှာ ယနေ့တိုင်ပင်ဖြစ်သည်။

**သတင်း-ရန်အောင်ထွန်း(ပိန်းဇလုပ်)**
**ဓာတ်ပုံ-ပိန်းဇလုပ်သိန်းညွန့်**

**စာမျက်နှာ ၄ မှ »»**

၎င်း၏မြန်မာနိုင်ငံခရီးစဉ်အပြီး သတင်းထုတ်ပြန်ချက်၌ ပြည်တွင်းအဖြေရှာနိုင်ရေးအတွက် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တိုးတက်ဖြစ်ပေါ်ရန်မှာ စိတ်ရှည်မှုနှင့် ယုံကြည်မှုပိုမိုတည်ဆောက်ရေး လိုအပ်ကြောင်းကို ဖော်ပြခဲ့ကြောင်း။

မိမိတို့အနေဖြင့် ၎င်း၏ ပြောကြားမှုကို အပြည့်အဝ သဘောတူညီကြောင်း၊ စိတ်ရှည်မှုနှင့် ယုံကြည်မှု တည်ဆောက်ခြင်းသည် လက်ရှိ လူသားချင်းစာနာမှုဆိုင်ရာ အကျပ်အတည်းနှင့် ရခိုင်ပြည်နယ် မြောက်ပိုင်းပြဿနာတစ်ခုလုံးအတွက် ရေရှည်တည်တံ့မည့်အဖြေကို စုပေါင်းရှာဖွေရာတွင် အဓိကသော့ချက်ဖြစ်ကြောင်း၊ ဤနည်းလမ်းသည် မိမိတို့တစ်မျိုးသားလုံး၏အန္တိမရည်မှန်းချက်ဖြစ်သော စစ်မှန်သော ဒီမိုကရေစီ ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေးကို ဦးတည်ကြောင်း။

**သဘာပတိကြီးခင်ဗျား**

နိုဂုံးမချုပ်မီ ကုလသမဂ္ဂအဆောက်အဦ၌ ကျင့်ဝတ်သိက္ခာကို အလေးမထားသည့် လုပ်ရပ်တစ်ခုကို အသိပေးပြောကြားလိုကြောင်း၊ ပြီးခဲ့သည့်နေ့က လူ့အခွင့်အရေးဆိုင်ရာ အထူးအစီရင်ခံစာတင်သွင်းသူနှင့် မြန်မာနိုင်ငံဆိုင်ရာလွတ်လပ်သော နိုင်ငံတကာအချက်အလက်ရှာဖွေရေးအဖွဲ့ (FFM) တို့၏အစီရင်ခံစာများကို တင်သွင်းသည့် တတိယကော်မတီ မျက်နှာစုံညီအစည်းအဝေးကျင်းပစဉ် မြန်မာနိုင်ငံနှင့် ပတ်သက်သည့် လက်ကမ်းစာစောင်များကို အစည်းအဝေးခန်းမ(၁)၌ ဖြန့်ဝေသည်ကို တွေ့ရှိရကြောင်း။

ယင်းလုပ်ရပ်ကို လုပ်ဆောင်သူမှာ စည်းမျဉ်း၊ ဥပဒေကို အလေးမထားသည့် အစိုးရအပေါ် မကျေနပ်သူမဟုတ်သကဲ့သို့ လူ့အခွင့်အရေး လှုပ်ရှားသူလည်း မဟုတ်ကြောင်း၊ ကုလသမဂ္ဂ၏ လက်အောက်ခံအဖွဲ့အစည်းတစ်ခုဖြစ်သည့် လူ့အခွင့်အရေးကောင်စီက ခန့်အပ်တာဝန်ပေးထားသော နိုင်ငံတကာ အချက်အလက်ရှာဖွေရေးအဖွဲ့ (FFM) ၏ ဥက္ကဋ္ဌကြီးသာဖြစ်ကြောင်း၊ ယင်းသို့ သူတော်ကောင်းယောင်ဆောင်မှုများ ကုလသမဂ္ဂအဖွဲ့ကြီးတွင် နေရာရရှိနိုင်သည်မှာ နားမလည်နိုင်အောင်ဖြစ်ရကြောင်း၊ ယင်းလုပ်ရပ်သည် ကုလသမဂ္ဂအပေါ် အရှက်ရစေကြောင်း။

ယင်းလက်ကမ်းစာစောင်များမှာ ကုလသမဂ္ဂအဖွဲ့ဝင်တစ်နိုင်ငံနှင့် ယင်း၏ ခေါင်းဆောင်များကို လုံးဝစော်ကားခြင်းသာဖြစ်ကြောင်း၊ ကုလသမဂ္ဂဝန်ထမ်းများ၏ကျင့်ဝတ်ကို ကြီးမားစွာဖောက်ဖျက်ကျူးလွန်ခြင်းဖြစ်ကြောင်း၊ မြန်မာနိုင်ငံအစိုးရအနေဖြင့် ယခုလုပ်ရပ်ကို အပြင်းထန်ဆုံးအတိုင်းအတာဖြင့် ပြစ်တင်ရှုတ်ချပါကြောင်း။

ငြိမ်းချမ်းရေး၊ သဟဇာတဖြစ်ရေးနှင့် ခွင့်လွှတ်သည်းခံရေးတို့အတွက် လုပ်ဆောင်နေကြသည့် ကုလသမဂ္ဂ၏အစည်းအဝေး ခန်းမများအတွင်းသို့ အမုန်းစကားများနှင့် ရန်စမှုများ ချင်းနင်းဝင်ရောက်လာနေပြီဖြစ်ကြောင်း။

လူတိုင်းသည် မိမိတို့၏ လုပ်ဆောင်မှုများအတွက် တာဝန်ခံရမည်ဖြစ်ပြီး၊ ကုလသမဂ္ဂ၌ သင်တို့ပြောကြားဆောင်ရွက်ခဲ့မှုများကို သမိုင်းက အဆုံးအဖြတ်ပေးလိမ့်မည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံပြည်သူများသာလျှင် မိမိတို့၏ကံကြမ္မာကို ဆုံးဖြတ်ကြရမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်ဟု နိုင်ငံခြားရေးဝန်ကြီးဌာန၏ သတင်းထုတ်ပြန်ချက်အရ သိရှိရသည်။

**သတင်းစဉ်**

## တာဝတိံသာ ဘုရားဆင်းဗုဒ္ဓဝင်ပွဲ ဘုရားဖူးများဖြင့် စည်ကား

**ပုသိမ် အောက်တိုဘာ ၂၅**

ပုသိမ်မြို့၌ ၁၂၆ ကြိမ်မြောက် တာဝတိံသာ ဘုရားဆင်းဗုဒ္ဓဝင်ပွဲတော်ကို သီတင်းကျွတ်လဆန်း ၉ ရက်မှ အစပြု၍ သီတင်းကျွတ်လပြည့်ကျော် ၁ ရက်အထိ ကျင်းပသည်။

ဗုဒ္ဓဝင်အရ မြတ်စွာဘုရားရှင်သည် ဘုရားဖြစ်တော်မူပြီးသည့်နောက် တာဝတိံသာနတ်ပြည်၌ မယ်တော် နတ်သားအမှူးပြု၍ နတ်ပြဟ္မာ အပေါင်းအား အဘိဓမ္မာခုနစ်ကျမ်း ဟောကြားသကဲ့သို့ ဩဝါဒါစရိယ ဆရာတော်ကြီးများက အသံမစဲမဟာပဋ္ဌာန်းတော်များ သုံးရက်တိုင်တိုင် ရွတ်ဖတ်ပူဇော်၍ ဝါကျွတ်မီးထွန်းပွဲတော် ကျင်းပခဲ့ကြသည်။

ထို့နောက် သီတင်းကျွတ်လပြည့်ကျော် ၁ ရက် မွန်းလွဲ ၂ နာရီတွင် မြတ်စွာဘုရားရှင်သည် ရွှေစောင်းတန်း၊ ငွေစောင်းတန်း၊ ပတ္တမြားစောင်းတန်း သုံးသွယ်အနက် ပတ္တမြားစောင်းတန်းမှ နတ်ပြဟ္မာများခြံရံလျက် လူ့ပြည်သို့ သက်ဆင်းလာသည့် ဗုဒ္ဓဝင်အခမ်းအနားဖြင့် မြို့တွင်းသို့ လှည့်လည်၍ ဒေသစာရီကြွချီအပူဇော်ခံစဉ် အမြို့မြို့အနယ်နယ်မှ ဘုရားဖူးလာ ပြည်သူအပေါင်းက ပန်း၊ ဆီမီး၊ အမွှေးနံ့သာများဖြင့် လည်းကောင်း၊ အိုးစည်ဗုံမောင်းအကများဖြင့် လည်းကောင်း၊ စတုဒိသာအကျွေးအမွေးများဖြင့်လည်းကောင်း ပူဇော်ကြရာ အထူးစည်ကားလျက်ရှိကြောင်း သိရသည်။

**ပုသိမ်လှကြည်**

## ရုပ်ရှင်ဇာတ်ကားကောင်းများ ရိုက်ကူးထုတ်လုပ်ခြင်းဆိုင်ရာ ဆွေးနွေးပွဲနှင့် ရုပ်ရှင်ဇာတ်ကား ခွဲခြားလေ့လာခြင်းအစီအစဉ် ကျင်းပမည်

**ရန်ကုန် အောက်တိုဘာ ၂၅**

ရုပ်ရှင်ဇာတ်ကားကောင်းများ ရိုက်ကူးထုတ်လုပ်ခြင်းဆိုင်ရာ စကားဝိုင်းဆွေးနွေးပွဲနှင့် ရုပ်ရှင်ဇာတ်ကား ခွဲခြားစိတ်ဖြာလေ့လာခြင်း အစီအစဉ်တို့ကို အောက်တိုဘာ ၂၇ ရက်နှင့် ၂၈ ရက်တို့တွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် အမှတ်(၅၀) ရွှေတောင်ကြားလမ်းရှိ ရုပ်ရှင်အနုပညာရပ်ဝန်း၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

ရုပ်ရှင်ဇာတ်ကားကောင်းများ ရိုက်ကူးထုတ်လုပ်ခြင်းဆိုင်ရာ စကားဝိုင်းဆွေးနွေးပွဲ (Panel Discussion on Making Good Movie: Production on Set) ကို အောက်တိုဘာ ၂၇ ရက် မွန်းလွဲ ၁ နာရီတွင် ရုပ်ရှင် ဖွံ့ဖြိုးတိုးတက်ရေးစင်တာ (Film Development Centre) ၌ ကျင်းပမည်ဖြစ်ရာ ဒါရိုက်တာများဖြစ်ကြသော ဦးအောင်ကိုလတ်၊ ဦးသီဟကျော်စိုးနှင့် ဦးအောင်မြတ်တို့ကလည်းကောင်း၊ ထုတ်လုပ်သူများဖြစ်ကြသော ဦးဝင်းကြည်၊ ဦးမင်းသီဟစိုးတို့ကလည်းကောင်း ဦးဆောင်ဆွေးနွေးကြမည်ဖြစ်သည်။

ရုပ်ရှင်ဇာတ်ကားများ ပြသပြီး ယင်းဇာတ်ကားအပေါ် ခွဲခြားစိတ်ဖြာလေ့လာခြင်း အစီအစဉ် (Film Analysis) ကို အောက်တိုဘာ ၂၈ ရက် မွန်းတည့် ၁၂ နာရီတွင် ရုပ်ရှင်ပြခန်းမ၌ ဇာတ်ညွှန်းရေးဆရာဒေါက်တာ အောင်မင်းက ဦးဆောင်ပြုလုပ်မည်ဖြစ်ရာ ဒါရိုက်တာ Cristian Mungiu ၏ "4 Months 3 Weeks & 2 Days" ဇာတ်လမ်းကို ကြည့်ရှုလေ့လာကြမည်ဖြစ်ကြောင်း၊ ယင်းဇာတ်ကားသည် Romania New Wave Film အမျိုး အစားဖြစ်ပြီး ကိန်းစ်ရုပ်ရှင်ပွဲတော်တွင် Palme d'Or Winner ဆုရရှိခဲ့ကြောင်း သိရသည်။

အဆိုပါစကားဝိုင်းဆွေးနွေးပွဲနှင့် Film Analysis အစီအစဉ်များကို မြန်မာ့ရုပ်ရှင် ဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်ချက်ဖြင့် ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ရုပ်ရှင်ဖွံ့ဖြိုးတိုးတက်ရေးစင်တာ၊ စီမံခန့်ခွဲရေးအဖွဲ့တို့ ပူးပေါင်း၍ စီစဉ်ကျင်းပခြင်းဖြစ်ပြီး ယင်းအစီအစဉ်များသို့ စိတ်ပါဝင်စားသူများ တက်ရောက်နိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

# ကမ္ဘာလုံးဆိုင်ရာမီဒီယာနှင့် သတင်းအချက်အလက်သိနားလည်မှု ရက်သတ္တပတ်

■ဒေါက်တာသီတာတင်

ယနေ့ခေတ်ကာလကို မီဒီယာနဲ့ သတင်းအချက်အလက် ကြီးစိုးတဲ့ခေတ်လို့ ဆိုစမှတ်ပြုကြပါတယ်။ လှည်းနေလှေ အောင်း မြင်းဇောင်းမကျန် လူတိုင်းရဲ့လက်ထဲမှာကိုင်ထားကြတဲ့ လက်ကိုင်ဖုန်းတွေ၊ ရေဒီယို၊ ရုပ်မြင်သံကြားတွေကတစ်ဆင့် သတင်းအချက်အလက်တွေက အချိန်တိုင်းမှာ စက္ကန့်မလပ် စီးဆင်းဆက်သွယ် ရောက်ရှိနေကြပြီ ဖြစ်ပါတယ်။

သို့သော်လည်း ကြီးမားတဲ့ ပြဿနာကြီးတစ်ခုက ဒီလိုစဉ်ဆက်မပြတ် စီးဝင်ရောက်လာနေတဲ့ သတင်းအချက်အလက်တွေနဲ့ သယ်ဆောင်ပေးလာတဲ့ မီဒီယာတွေအကြောင်းကို လက်ခံကြည့်ရှု နားဆင်နေတဲ့သူတွေက သေသေချာချာ ဂယနဏ သိရှိနားလည်ဖို့ လိုအပ်မှုပဲ ဖြစ်ပါတယ်။ သိနားလည်မှုမရှိရင်တော့ အကျိုးဆက်တွေ အများကြီးရှိပါတယ်။ မိမိက လက်ခံရရှိတဲ့ သတင်းအချက်အလက်တွေ တကယ်တမ်းမှန်၊ မမှန်ဆိုတာကို ခွဲခြားစိစစ်နိုင်မှု အားနည်းတဲ့အခါ မမှန်သတင်း၊ လုပ်ကြံသတင်းတွေ၊ မှား၊ မှန်ရောထွေးပြီး လိုရာဆွဲရေးထားတဲ့ သတင်းတွေကို အမှန်လို့ထင်ပြီး စိတ်လှုပ်ရှားခံစားမှုကို နှိုးဆွပေးတဲ့ အမုန်းစကားတွေရဲ့ သားကောင်လည်း ဖြစ်သွားတတ်ပါတယ်။

ဘယ်သတင်းက ဖြစ်ရပ်အမှန်ဆိုတာကို ဝေခွဲမရနိုင်ဘဲ သံသယလွန်ကဲပြီး အလွဲအမှားတွေ ဖြစ်တတ်ပါတယ်။ အလားတူ မိမိကနေပြန်ပြီးတော့ အဖြစ်မှန်ကို ရေးသားတင်ပြချင်ရင်တောင်မှပဲ ကွန်ပျူတာနဲ့ သတင်းနည်းပညာကို မကျွမ်းကျင်တာကြောင့်ပဲဖြစ်ဖြစ်၊ ကိုယ်ရေးသားတင်ပြချင်တဲ့အကြောင်းအရာကို လိပ်ပတ်လည်အောင် ကျကျနန ရှင်းလင်းရေးသား စီစဉ်တင်ပြနိုင်တဲ့ မီဒီယာ၊ စာနယ်ဇင်းအတတ်ပညာနဲ့ ဗဟုသုတနည်းပါးတာကြောင့်ပဲဖြစ်ဖြစ် ထိထိရောက်ရောက် မတင်ပြနိုင်တာမျိုးလည်း ရှိတတ်ပါတယ်။

ဒါကြောင့် လူတိုင်းမီဒီယာနဲ့ သတင်းအချက်အလက်နည်းပညာနဲ့ ထိတွေ့သုံးစွဲနေကြတဲ့ ခေတ်ကြီးမှာ အကျိုးရှိရှိ ထိထိရောက်ရောက် သုံးစွဲနိုင်ဖို့အတွက် မီဒီယာနဲ့ သတင်းအချက်အလက်အကြောင်း သိကောင်းစရာ အသိပညာပေးမှုလုပ်ငန်းကို ကမ္ဘာနဲ့တစ်ဝန်း အရှိန်မြှင့်ပြီး ဆောင်ရွက်လာကြပါတယ်။ ကုလသမဂ္ဂရဲ့ ပညာရေး၊ သိပ္ပံနဲ့ ယဉ်ကျေးမှုဆိုင်ရာအဓိက တာဝန်ခံအဖွဲ့အစည်းဖြစ်တဲ့ UNESCO ကနေ ဦးဆောင်ပြီးတော့ နှစ်စဉ်နှစ်တိုင်းမှာ အောက်တိုဘာလ ၂၄ ရက်နေ့ကနေ ၃၁ ရက်နေ့အထိ "ကမ္ဘာလုံးဆိုင်ရာမီဒီယာနဲ့ သတင်းအချက်အလက်သိနားလည်မှု ရက်သတ္တပတ်"(Global Media and Information Literacy Week) အဖြစ် သတ်မှတ်ပြီးတော့ လူထုလှုပ်ရှားမှုတွေနဲ့ အခမ်းအနားတွေကို ၂၀၁၂ ခုနှစ်ကတည်းက စတင်ကျင်းပခဲ့ပါတယ်။

ဒီရက်သတ္တပတ်အတွင်းမှာ မီဒီယာနဲ့ သတင်းအချက်အလက်တွေအကြောင်း လူတွေအားလုံး ပိုမိုသိရှိနားလည်လာစေဖို့အတွက် အသိပညာပေးဟောပြောပွဲတွေ၊ မီဒီယာလုပ်ငန်းတွေအပေါ် လူထုလေ့လာရေးအစီအစဉ်တွေ၊ ဆွေးနွေးပွဲတွေ စတဲ့ လှုပ်ရှားမှုလုပ်ငန်းတွေ ဆောင်ရွက်ကြသလို၊ မီဒီယာပိုင်းဆိုင်ရာ တာဝန်ရှိသူတွေကလည်းပဲ မိမိတို့ရဲ့ လုပ်ငန်းဆောင်ရွက်ချက်တွေနဲ့ ပတ်သက်ပြီး အားနည်းချက်၊ အားသာချက်တွေကို ပြန်လည်သုံးသပ်ဆွေးနွေးမှုတွေနဲ့ ရက်သတ္တပတ်အခမ်းအနားတွေ ပြုလုပ်လေ့ရှိကြပါတယ်။ ဒီနှစ် ၂၀၁၈ ခုနှစ်ရဲ့ဆောင်ပုဒ်ကတော့ "မီဒီယာနှင့် သတင်းအချက်အလက်ဆိုင်ရာ သိနားလည်သောမြို့များ၊ အသံများ၊ စွမ်းအားများနှင့် အပြောင်းအလဲကိုဖန်တီးသူများ"(Media and Information Literate Cities: Voices, Powers and Change Makers) ဖြစ်ပါတယ်။

ဒီလိုရက်သတ္တပတ်လှုပ်ရှားမှုနဲ့ အခမ်းအနားတွေကို ကျင်းပခြင်းအားဖြင့် ပုံနှိပ်မီဒီယာ၊ ဒစ်ဂျစ်တယ်မီဒီယာနဲ့ ရုပ်သံလွှင့်မီဒီယာလုပ်ငန်းအသီးသီးရဲ့ ထုတ်လုပ်ဖြန့်ချီ ပါဝင်ဆောင်ရွက်နေသူတွေအကြားမှာ အချင်းချင်း အသိအမြင် ဖလှယ်ဝေငှမှုတွေ၊ သုတေသနလုပ်ငန်းတွေ့ရှိချက်နဲ့ အတွေးအခေါ်သစ်တွေရရှိနိုင်သလို ကမ္ဘာအနှံ့ အလျင်အမြန် ပျံ့နှံ့နေတဲ့သတင်းအချက်အလက်တွေအပေါ်မှာလည်း ပြန်လည်ဆန်းစစ် သုံးသပ်နိုင်မှာဖြစ်ပါတယ်။ မီဒီယာနဲ့ သတင်းအချက်အလက် ထုတ်လုပ်ဖြန့်ချိသူတွေနဲ့ သုံးစွဲသူတွေအကြား အပြန်အလှန် သိရှိနားလည်မှုတွေလည်း ပိုမိုတိုးပွားအောင် ဆောင်ရွက်နိုင်တာဖြစ်ပါတယ်။ ဒါကြောင့်လည်း ဒီလို ရက်သတ္တပတ်လှုပ်ရှားမှုတွေဟာ မီဒီယာနဲ့ သတင်းအချက်အလက်အကြောင်း သိရှိနားလည်ဖို့အတွက် အရေးပါပြီး အကျိုးရှိတဲ့လုပ်ရပ်တွေပဲလို့ ဆိုနိုင်ပါတယ်။

မီဒီယာနဲ့ သတင်းအချက်အလက်အကြောင်း သိရှိနားလည်မှုဆိုင်ရာမှာ မီဒီယာသိရှိနားလည်ဖို့ လိုအပ်ပုံနဲ့ သတင်းအချက်အလက်အကြောင်း သိရှိနားလည်ဖို့ လိုအပ်ပုံဆိုပြီး နှစ်ပိုင်းခွဲလေ့လာတင်ပြလိုပါတယ်။

**မီဒီယာအကြောင်းသိရှိနားလည်မှု**

Popular Culture ခေတ်ပေါ်အများကြိုက်ယဉ်ကျေးမှုတွေ၊ အနုပညာဖန်တီးမှုတွေ နေရာယူခေတ်စားလာတာနဲ့အမျှ ရိုးရာယဉ်ကျေးမှုအစဉ်အလာ အသိပညာ၊ စံနှုန်းတန်ဖိုးနဲ့ ဗဟုသုတ အသိအမြင်တွေလည်း တုံ့ပြန်နိုင်ဖို့အတွက် ၁၉၃၃ ခုနှစ်မှာ ဗြိတိန်နိုင်ငံက F.R. Leavis နဲ့ Denys Thompson ဆိုတဲ့ ပုဂ္ဂိုလ်နှစ်ဦးကနေ မီဒီယာအကြောင်း သိရှိနားလည်မှုဆိုတာကို ကျယ်ကျယ်ပြန့်ပြန့် စတင်လုပ်ဆောင်ခဲ့တာ ဖြစ်ပါတယ်။ အဲဒီခေတ်ရဲ့ အဓိကမီဒီယာနည်းလမ်းဖြစ်တဲ့ ပုံနှိပ်မီဒီယာမှာ ခေတ်ပေါ်ယဉ်ကျေးမှုတွေ စိမ့်ဝင်ပျံ့နှံ့ လွှမ်းမိုးလာတဲ့အတွက် ရိုးရာယဉ်ကျေးမှုတန်ဖိုး စံနှုန်းတွေအပေါ် ထိခိုက်သက်ရောက်နိုင်မှုနဲ့ပတ်သက်လို့ လေ့လာရေးသား ဖော်ပြခဲ့တာ ဖြစ်ပါတယ်။

၁၉၅၀ ပြည့်နှစ်တွေ ရောက်လာတော့ ရေဒီယိုနဲ့ ရုပ်မြင်သံကြားစတဲ့ ရုပ်သံလွှင့်မီဒီယာတွေက လူထုအကြား ထိုးဖောက်လွှမ်းမိုးလာပြီး လူတွေရဲ့ နေ့စဉ်ဘဝနဲ့ ပညာရေးကဏ္ဍတွေမှာပါ သက်ရောက်မှုကြီးမားလာတဲ့အတွက် အမေရိကန်နိုင်ငံမှာလည်း မီဒီယာသိရှိနားလည်နိုင်မှုနဲ့ပတ်သက်ပြီး စတင်အလေးထား လုပ်ဆောင်လာခဲ့ပါတယ်။

နိုင်ငံတကာအဆင့်မှာတော့ ၁၉၈၂ ခုနှစ် ဂျာမနီနိုင်ငံ ဂရင်းဝယ်မြို့မှာ ကျင်းပပြုလုပ်တဲ့ UNESCO ရဲ့ မီဒီယာအကြောင်း သိရှိနားလည်မှုဆိုင်ရာ နိုင်ငံတကာစာတမ်းဖတ်ပွဲမှာ တတ်ရောက်လာတဲ့ နိုင်ငံပေါင်း ၁၉ နိုင်ငံက မီဒီယာအသိပညာပေးရေးဆိုင်ရာ သဘောတူကြေညာစာတမ်းတစ်စောင် ထုတ်ပြန်နိုင်ခဲ့ပါတယ်။ အဓိကဦးတည်ချက်ကတော့ မီဒီယာအသိပညာပေးရေးလုပ်ငန်းတွေကို ပညာရေးကဏ္ဍမှာပါ ထဲထဲဝင်ဝင် ထည့်သွင်းဆောင်ရွက်ဖို့ တိုက်တွန်းထားတာ ဖြစ်ပါတယ်။ ဒီကြေညာချက်ကို အခြေခံပြီး ၂၀၀၇ ခုနှစ် ပြင်သစ်နိုင်ငံ ပဲရစ်မြို့မှာ ကျင်းပတဲ့ ညီလာခံကနေ အချက် ၁၂ ချက်ပါဝင်တဲ့ ပဲရစ်လုပ်ငန်းစဉ်ကို ချမှတ်နိုင်ခဲ့ပါတယ်။

**သတင်းအချက်အလက်ဆိုင်ရာ သိရှိနားလည်မှု**

၁၉၇၀ ပြည့်နှစ် အစောပိုင်းကာလတွေမှာ သတင်းအချက်အလက်နည်းပညာတွေ တိုးတက်ထွန်းကားလာမှုနဲ့ အတူ သတင်းအချက်အလက်ဆိုင်ရာ သိရှိနားလည်မှု သဘောတရားဟာလည်း ပိုမိုအရေးပါလာခဲ့ပါတယ်။ ဒစ်ဂျစ်တယ်နည်းပညာနဲ့ လုပ်ဆောင်ထားတဲ့ သတင်းအချက်အလက်တွေကို အချိန်တိုအတွင်း လျင်မြန်စွာ ပို့ဆောင်နိုင်မှုတွေကြောင့် နိုင်ငံတွေ၊ အဖွဲ့အစည်းတွေအကြား ပိုမိုချိတ်ဆက်ဆောင်ရွက်လာနိုင်သလို သတင်းအချက်အလက်ဆိုင်ရာ ဝန်းကျင်ကလည်း ပိုမိုရှုပ်ထွေးလာခဲ့ပါတယ်။ အမျိုးမျိုး အဖုံဖုံ ကွဲပြားရှုပ်ထွေးလှတဲ့ သတင်းအချက်အလက်တွေထဲကမှ အမှန်တကယ် လိုအပ်တဲ့သတင်းတွေကို မိမိတို့ရဲ့ လုပ်ငန်းဆောင်တာမှာပဲဖြစ်ဖြစ်၊ တစ်ဦးချင်း ပုဂ္ဂလိက နေထိုင်မှုဘဝထဲမှာပဲဖြစ်ဖြစ် စိစစ်ရွေးချယ်အသုံးပြုနေကြရပါတယ်။

မှန်ကန်ပြီးသင့်လျော်တဲ့ သတင်းအချက်အလက်တွေကို ကောက်ရိုးပုံထဲမှာ အပ်ပျောက်ရှာသလို ရှာဖွေပြီး အသုံးပြုဖို့ဆိုတာ လူတစ်ဦးချင်းအနေနဲ့ အခြေခံဝမ်းစာ ဗဟုသုတတွေရှိနေရုံမျှနဲ့ မလုံလောက်သေးဘဲ နောက်ထပ်လိုအပ်တဲ့ အခြားသော အသိပညာဗဟုသုတတွေနဲ့ ရှာဖွေချိတ်ဆက် ရယူနိုင်ဖို့လည်း လိုအပ်မှာဖြစ်ပါတယ်။ ဒါ့အပြင် ရရှိလာတဲ့ ဗဟုသုတတွေကို လက်တွေ့ဘဝမှာ အကျိုးရှိရှိ အသုံးချနိုင်ဖို့လည်း လိုအပ်ပါတယ်။ မိမိအတွက် ဘယ်လိုအချိန်မှာ ဘယ်လိုသတင်းအချက်အလက်မျိုးလိုအပ်သလဲ၊ လိုတဲ့သတင်းအချက်အလက်တွေကို ဘယ်မှာရှာဖွေမလဲ၊ ရလာတဲ့ သတင်းအချက်အလက်တွေ မှန်၊ မမှန် ဘယ်လိုဆန်းစစ်အကဲဖြတ်မလဲ၊ ဘယ်နေရာတွေမှာ အသုံးပြုမလဲဆိုတဲ့ အခြင်းအရာတွေကို သိရှိနားလည်ခြင်းသည်ပင် သတင်းအချက်အလက်ဆိုင်ရာ သိရှိနားလည်မှုလို့ ဆိုနိုင်ပါတယ်။

**မီဒီယာနှင့် သတင်းအချက်အလက်ဆိုင်ရာ သိရှိနားလည်မှု**

မီဒီယာအသွင်အပြင်တွေက အချိန်နဲ့အမျှ အလျင်အမြန် ပြောင်းလဲနေသလို ထွက်ပေါ်လာတဲ့ သတင်းအချက်အလက်တွေရဲ့ ပမာဏကလည်း အဆမတန်ကြီးထွားလာနေပါတယ်။ ဒါဟာ မီဒီယာအမျိုးမျိုးကနေ သတင်းအချက်အလက်တွေ ရယူသုံးစွဲနေသူ လူအများအတွက်ရော အဖွဲ့အစည်းတွေအတွက်ပါ စိန်ခေါ်မှုကြီးတစ်ရပ် ဖြစ်လာခဲ့ပါတယ်။ မီဒီယာတွေအကြောင်းကို သေသေချာချာ သိရှိနားလည်ဖို့လိုအပ်သလို အရင်းအမြစ် အဖုံဖုံကနေ ရရှိတဲ့ သတင်းအချက်အလက်တွေကိုလည်း ခွဲခြားသိရှိ နားလည်နိုင်ဖို့ လိုအပ်ပါတယ်။ ဒီအလုပ်တွေကို ကျွမ်းကျွမ်းကျင်ကျင် ထိထိရောက်ရောက် လုပ်ဆောင်နိုင်ဖို့အတွက် လိုအပ်တဲ့ ကွန်ပျူတာနဲ့ ဒစ်ဂျစ်တယ်ဆိုင်ရာ နည်းပညာတွေကိုလည်း တတ်ကျွမ်းဖို့ လိုမှာဖြစ်ပါတယ်။

မိမိလုပ်ငန်းအတွက် လိုအပ်ရင် အသုံးပြုနိုင်ဖို့ မိမိကိုယ်တိုင်ကလည်း မီဒီယာနည်းလမ်းနဲ့ သတင်းအချက်အလက်တွေကို စနစ်တကျ ပြန်လည်ဖြန့်ချိနိုင်ဖို့ လိုပါတယ်။ ဒီလုပ်ငန်းတွေအတွက် လိုအပ်တဲ့မီဒီယာနဲ့ သတင်း အချက်အလက်ဆိုင်ရာအသိပညာ ဗဟုသုတ၊ မိမိရရှိတဲ့သတင်း မှန်၊ မမှန် စိစစ်ရွေးချယ်ဆုံးဖြတ်နိုင်တဲ့ ဆင်ခြင်တုံတရားနဲ့ နည်းပညာကျွမ်းကျင်မှုတွေ အားလုံး ပေါင်းစပ်ဆောင်ရွက်နိုင်ဖို့ လိုမှာဖြစ်ပါတယ်။ ဒီလိုပေါင်းစုထားတဲ့ အရည်အသွေးများသည်ပင်လျှင် မီဒီယာနဲ့ သတင်းအချက်အလက်ဆိုင်ရာ သိရှိနားလည်မှုလို့ ခေါ်ဆိုနိုင်တာ ဖြစ်ပါတယ်။

သတင်းမီဒီယာခေတ်ကြီးထဲမှာ အလျင်အမြန် ဖွံ့ဖြိုးတိုးတက်လာတဲ့ မီဒီယာနယ်ပယ်နဲ့ အရှိန်အဟုန်ပြင်းလှတဲ့ သတင်းအချက်အလက်စီးဆင်းမှုတွေက လူတစ်ဦးချင်းစီနဲ့ လူ့အဖွဲ့အစည်းတိုင်းအပေါ်မှာ ကြီးမားတဲ့သက်ရောက်မှုတွေ ဖြစ်လာတဲ့အတွက် တွေ့ကြုံလာရတဲ့ စိန်ခေါ်မှုတွေကို ရင်ဆိုင်နိုင်ဖို့ မီဒီယာနဲ့ သတင်းအချက်အလက်ဆိုင်ရာ သိကောင်းစရာတွေကို အားလုံးက သိရှိနားလည်ပြီး အကျိုးရှိရှိ အသုံးပြုဖို့ လိုအပ်လာပြီ ဖြစ်ပါတယ်။ အဲဒီ လိုအပ်ချက်တွေကို ဖြည့်ဆည်းအားပေးနိုင်ဖို့အတွက် ၂၀၁၂ ခုနှစ် ရုရှားနိုင်ငံ မော်စကိုမြို့တော်မှာ ညီလာခံကြီးတစ်ခု ကျင်းပခဲ့ပါတယ်။

ဒီညီလာခံကြီးရဲ့ အဓိကအနှစ်သာရကတော့ မီဒီယာနဲ့ သတင်းအချက်အလက်ဆိုင်ရာ သိရှိနားလည်မှုအတွက် ပညာရေး၊ ပြန်ကြားရေး၊ ယဉ်ကျေးမှု၊ မီဒီယာနဲ့ အခြားဆက်နွှယ်တဲ့ နယ်ပယ်အသီးသီးမှာ မူဝါဒတွေချိတ်ဆက်ပြီး ဆောင်ရွက်သွားဖို့ပဲ ဖြစ်ပါတယ်။ ပညာရေးနယ်ပယ်က သင်ရိုးညွှန်းတမ်းတွေမှာပါ ဒီကဏ္ဍကို ထည့်သွင်းသင်ကြားသွားကြဖို့ တိုက်တွန်းထားသလို လူတိုင်း၊ လူ့အဖွဲ့အစည်းတိုင်းရဲ့ အကျိုးအတွက် မီဒီယာနဲ့ သတင်းအချက်အလက်ဆိုင်ရာ အသိပညာပေးမှုတွေ ကျယ်ကျယ်ပြန့်ပြန့် လုပ်ဆောင်သွားကြဖို့လည်း ညွှန်းဆိုထားတာ ဖြစ်ပါတယ်။

အချုပ်အားဖြင့် တင်ပြရမယ်ဆိုရင်တော့ ဒီနေ့အချိန်အခါမှာ ကမ္ဘာတစ်ဝန်းလုံး သတင်းအတုအယောင်၊ လုပ်ကြံသတင်း၊ ဘက်လိုက်သတင်း၊ ကောလာဟလတွေနဲ့ အမုန်းစကားတွေ ပျံ့နှံ့နေမှုကြောင့် နိုင်ငံရဲ့ စီးပွားရေး၊ လူမှုရေး၊ နိုင်ငံရေး နယ်ပယ်ကဏ္ဍအသီးသီးမှာရော လူတစ်ဦးချင်းစီရဲ့ နေ့စဉ်ဘဝတွေမှာပါ ပြဿနာတွေ၊ စိန်ခေါ်မှုတွေနဲ့ ရင်ဆိုင်နေကြရတာ အားလုံးအသိဖြစ်ပါတယ်။ ဒီပြဿနာတွေကို အောင်မြင်စွာ ရင်ဆိုင်ဖြေရှင်းနိုင်ဖို့ဆိုရင် မီဒီယာနဲ့ သတင်းအချက်အလက်ဆိုင်ရာ သိရှိနားလည်မှုကို ဌာနဆိုင်ရာအသီးသီးနဲ့ လူတိုင်းကိုယ်စီ အဆင့်အထိ တိုးမြှင့်အားပေးဆောင်ရွက်သွားသင့်ကြပြီ ဖြစ်ပါတယ်။

မြန်မာနိုင်ငံမှာလည်း ကမ္ဘာလုံးဆိုင်ရာ မီဒီယာနှင့် သတင်းအချက်အလက် သိရှိနားလည်မှု ရက်သတ္တပတ်ကို ပထမဦးဆုံးအနေနဲ့ ဒီနှစ်မှာ ကျင်းပပြုလုပ်မှာ ဖြစ်ပါတယ်။ ပြန်ကြားရေးဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာနတို့ ပူးပေါင်းပြီး ကျောင်းသားများ၊ ဝန်ထမ်းများက မြန်မာ့အသံနှင့် ရုပ်မြင်သံကြားဌာနနဲ့ သတင်းစာတိုက်တွေကို လေ့လာရေးသွားရောက်လည်ပတ်ခြင်း၊ အသိပညာပေးစကားဝိုင်း အစီအစဉ်ထုတ်လွှင့်ပြသခြင်း၊ ပြန်ကြားရေးဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာန၊ UNESCO နဲ့ အရပ်ဘက်အဖွဲ့အစည်းများဖြစ်တဲ့ Myanmar Books Aid and Preservation၊ 7 Days News Journal နဲ့ Myanmar ICT for Development Organization တို့ ပူးပေါင်းပြီး ရက်သတ္တပတ်အခမ်းအနားကို အောက်တိုဘာလ ၂၉ ရက်နေ့မှာ ရန်ကုန်မြို့ အမျိုးသားစီမံခန့်ခွဲမှုပညာ ဒီဂရီကောလိပ်မှာ ကျင်းပမှာဖြစ်ပြီး စကားဝိုင်းများ ဆွေးနွေးခြင်းတွေပါ ထည့်သွင်းဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

ကမ္ဘာလုံးဆိုင်ရာ မီဒီယာနဲ့ သတင်းအချက်အလက် သိရှိနားလည်မှု ရက်သတ္တပတ်မှသည် နိုင်ငံအတွင်း ဒီအသိပညာတွေ စဉ်ဆက်မပြတ် တိုးပွားပျံ့နှံ့လာအောင် ဝိုင်းဝန်းဆောင်ရွက်ကြပါစို့လို့ တိုက်တွန်းရေးသား တင်ပြလိုက်ရပါတယ်။ ။

မိမိက လက်ခံရရှိတဲ့ သတင်းအချက်အလက်တွေ တကယ်တမ်း မှန်၊ မမှန်ဆိုတာကို ခွဲခြားစိစစ်နိုင်မှု အားနည်းတဲ့အခါ မမှန်သတင်း၊ လုပ်ကြံသတင်းတွေ၊ မှား၊ မှန်ရောထွေးပြီး လိုရာဆွဲရေးထားတဲ့ သတင်းတွေကို အမှန်လို့ထင်ပြီး စိတ်လှုပ်ရှားခံစားမှုကို နှိုးဆွပေးတဲ့ အမုန်းစကားတွေရဲ့ သားကောင်လည်း ဖြစ်သွားတတ်ပါတယ်။



**✻ ကျောဖုံးမှ**

မြန်မာ့ရိုးရာယဉ်ကျေးမှု သီတင်းကျွတ်မီးထွန်းပွဲတော်ကို ရန်ကုန်မြို့ရှိ နေရာအသီးသီးတွင် ကျင်းပခဲ့ရာ ပွဲတော်လာပြည်သူများဖြင့် အထူးစည်ကားခဲ့ပြီး လမ်းအလိုက် နေရာအနှံ့ ရောင်စုံအလှမီး ထွန်းညှိကြခြင်းများနှင့် အလှမီးပုံးများကို ချိတ်ဆွဲကာ ပျော်ရွှင်စွာ အလှဆင်ကြိုဆိုကြကြောင်း လည်း သိရသည်။

ယခုနှစ်စျေးရောင်းပွဲတော်အတွင်း ဆိုင်ခန်းပေါင်း ၄၀၀ နီးပါးခန့်မှ အစားအသောက်အပါအဝင် လူသုံးကုန်ပစ္စည်းများအား ခင်းကျင်းပြသရောင်းချခဲ့ကာ တေးသရုပ်ဖော်အဖွဲ့၊ အငြိမ့်အဖွဲ့နှင့် ကာတွန်းပြပွဲများ ပါဝင်ခဲ့ပြီး ပွဲတော်ကျင်းပနေသည့် ရပ်ကွက်များ၌ ကလေး၊ လူကြီး အကြိုက် အပျော်စီးချားရဟတ်များ၊ ပင်လယ်ဓားပြလှေများ၊ ပျော့အိအိကစားစရာများနှင့် နိုင်ငံကျော်ဟစ်ဟော့ အဆိုတော်များပါ ပါဝင်တင်ဆက်ခဲ့သောကြောင့် ရေကျော် သီတင်းကျွတ်မီးထွန်းပွဲတော်မှာ အကြိတ်ကြိတ်တိုးကြက်ပျံမကျ စည်ကားခဲ့သည်။

**သတင်း- ပွင့်သစ္စာ**
**ဓာတ်ပုံ- စိုးမြင့်အောင်**

**အောက်တိုဘာ ၂၅ ရက် ညပိုင်းက ရေကျော် သီတင်းကျွတ်မီးထွန်းပွဲတော်သို့ လာရောက်သူများဖြင့် စည်ကားလျက်ရှိသည်ကို တွေ့ရစဉ်။**

# (၄၇)ကြိမ်မြောက် လေးကျွန်းတစ်မြင်းမိုရ် ဝက်ပါဆီမီးပူဇော်ပွဲ ပုဗ္ဗသီရိမြို့နယ်၌ ကျင်းပ



**နေပြည်တော် အောက်တိုဘာ ၂၅**

နေပြည်တော်ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့နယ် ဝဲကြီးကျေးရွာ သီရိမင်္ဂလာ ဝဲကြီးပရိယတ္တိစာသင်တိုက် ပရိဝုဏ်အတွင်း လေးကျွန်းတစ်မြင်းမိုရ်ဝက်ပါ ဆီမီးပူဇော်ပွဲကို မြန်မာသက္ကရာဇ် ၁၃၃၃ ခုနှစ် သီတင်းကျွတ်လဆန်းမှ စတင်၍ ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာ ဂန္ထဝါစက ပဏ္ဍိတ ဘဒ္ဒန္တ အာဒိစ္စဝံသက ဦးစီးကျင်းပခဲ့ရာ ယခုနှစ်တွင် (၄၇)ကြိမ်တိုင် ရှိခဲ့ပြီဖြစ်ကြောင်း သိရသည်။

ယခုနှစ်တွင် တပည့်ဖြစ်သူ ဆရာတော်ဦးပညာသီရိက ရပ်မိရပ်ဖများ၊ သက်ကြီးဝါကြီး ပုဂ္ဂိုလ်များနှင့် လူငယ်များစုပေါင်း၍ လေးကျွန်းတစ်မြင်းမိုရ် ဝက်ပါတည်ဆောက်ကာ အောက်တိုဘာ ၂၁ ရက်မှ ၂၅ ရက် အထိ ငါးရက်တိုင် ညဦးယံအချိန်တွင် ဝက်ပါအတွင်း ဆီမီးများပူဇော်ကာ ကျေးရွာလူငယ်များက သာသနာ့အလံများ၊ တံခွန်တိုင်များ၊ မီးကြာခွက်များ၊ အိုးစည်ဗုံမောင်းများဖြင့် လှည့်လည်ပူဇော်ကြသည်။

သီတင်းကျွတ်လပြည့်ကျော် ၁ ရက်တွင် တပည့်ရဟန်း၊ သံဃာများနှင့် ဒါယကာ၊ ဒါယိကာမများက ဆရာတော်အား ဖူးမြော်ကန်တော့ကြပြီး ကျောင်းပရိဝုဏ်အတွင်း ပျော်ပွဲရွှင်ပွဲအဖြစ် ချောတိုင်တက်ပွဲများ၊ ခေါင်းအုံးရိုက်ပွဲများ စသည်ဖြင့် ကျင်းပကြသည်။

ထို့နောက် ညပိုင်းတွင် လေးကျွန်းတစ်မြင်းမိုရ် ဝက်ပါဆီမီးပူဇော်ပွဲ ဆက်လက်ကျင်းပပြီး ကျောင်းဆောင်ပေါ်တွင် ကုသိုလ်ရှင်များ၏ ဧည့်ခံကျွေးမွေးမှုများကို သုံးဆောင်ကြပြီး ဆရာတော်ထံမှ သီလခံယူဆောက်တည်ကြကာ လျှုဒါန်းမှုအစုစုအတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

**မာမာစိုး(ကြေးမုံ)**

## မော်ကျွန်း တာဝတိံသာဘုရားဆင်းပွဲတော် ကြက်ပျံမကျစည်ကား

**မော်လမြိုင်ကျွန်း အောက်တိုဘာ ၂၅**

ဧရာဝတီတိုင်းဒေသကြီးတွင် အစည်ကားဆုံးဘုရားပွဲတော်တစ်ခုဖြစ်သည့် ၈၆ ကြိမ်မြောက် မော်လမြိုင်ကျွန်းမြို့ တာဝတိံသာဘုရား ဝါကျွတ်ဘုရားဆင်းပွဲတော်ကို အောက်တိုဘာ ၂၅ ရက် ည ၈ နာရီက တာဝတိံသာ ဂေါပကအဖွဲ့ကကြီးမှူး၍ ကျင်းပသည်။

ယင်းတာဝတိံသာဘုရားဆင်းပွဲတော်မတိုင်မီ နံနက် ၆ နာရီမှ ည ၇ နာရီအထိ တာဝတိံသာဘုရားအထက်ပစ္စယံပေါ်သို့ အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးပြည်သူများ တက်ရောက်ဖူးမြော်ကြသည်။

ယင်းတာဝတိံသာဘုရားဆင်းပွဲတော်တွင် မြတ်စွာဘုရားသည် တာဝတိံသာနတ်ပြည်မှ သင်္ကဿနဂိုရ်လူ့ပြည်သို့ သိကြား၊ နတ်၊ ဗြဟ္မာများ ခြံရံလျက် ရွှေစောင်းတန်း၊ ငွေစောင်းတန်း၊ ပတ္တမြားစောင်းတန်းတို့ဖြင့် ဆင်းသက်ကြွမြန်းပုံများကို ဆလိုက်မီးမောင်းစုံတို့ဖြင့် တခမ်းတနား ဆင်ယင်ကျင်းပရာ ကြွမြန်းရာဘုံအဆင့်အလိုက် နတ်မိမယ်များက နဂါးဘုံ၊ ဂဠုန်ဘုံ၊ ဘီလူးဘုံတို့မှ အကမျိုးစုံတို့ဖြင့် ကြိုဆိုကြသည်။

အဆိုပါ မော်လမြိုင်ကျွန်းမြို့ တာဝတိံသာဘုရား ဝါကျွတ်ပွဲတော်ကို အောက်တိုဘာ ၂၃ ရက်မှ ၂၆ ရက်အထိ လေးရက်တိုင် စည်ကားစွာ ကျင်းပလျက်ရှိရာ တာဝတိံသာ ဘုရားဆင်းပွဲတော် ကျင်းပသည့် ဘုရားလမ်း၊ ပွဲဈေးတန်းတစ်လျှောက်နှင့် မြို့ပေါ်လမ်းမကြီးများတွင် မော်လမြိုင်ကျွန်းမြို့နယ်နှင့် ဧရာဝတီတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးတို့မှ ဘုရားဖူးပြည်သူများ လာရောက်ကြသဖြင့် ကြိတ်ကြိတ်တိုးကြက်ပျံမကျ စည်ကားလျက်ရှိသည်။

**မော်ကျွန်း-မြင့်အောင်**

## လွိုင်လင်မြို့၌ မြို့လုံးကျွတ်ဆွမ်းဆန်စိမ်းလောင်းလှူ

**လွိုင်လင် အောက်တိုဘာ ၂၅**

ရှမ်းပြည်နယ်(တောင်ပိုင်း) လွိုင်လင်မြို့၌ နှစ်စဉ်ကျင်းပမြဲဖြစ်သော (၉၁) ကြိမ်မြောက် မြို့လုံးကျွတ် ဆွမ်းဆန်စိမ်းလောင်းလှူပွဲကို ၁၃၈၀ ပြည့်နှစ် သီတင်းကျွတ်လပြည့်ကျော် ၁ ရက် မွန်းလွဲ ၁ နာရီက မြို့မဈေးကြီးရှေ့ မင်းလမ်းပေါ်၌ ကျင်းပကြောင်း သိရသည်။

အဆိုပါ မြို့လုံးကျွတ် ဆွမ်းဆန်စိမ်းလောင်းလှူပွဲတွင် မြို့ပေါ်နှင့် အနီးပတ်ဝန်းကျင်ရှိ ဘုန်းကြီးကျောင်း ပင့်ကျောင်း ၁၉ ကျောင်းမှ သံဃာ ၃၃၈ ပါးနှင့် သီလရှင်များအား ဆွမ်းဆန်တော်များ လောင်းလှူခဲ့ကြသည်။

**လွိုင်လင်မိုး**

## မိုးနဲမြို့တွင် အဘိဓမ္မာအခါတော်နေ့ ဆီမီး ၁၀၀၀ ပူဇော်ပွဲကျင်းပ

**မိုးနဲ အောက်တိုဘာ ၂၅**

ရှမ်းပြည်နယ်(တောင်ပိုင်း) လင်းခေးခရိုင် မိုးနဲမြို့နယ်တွင် သီတင်းကျွတ်လပြည့်နေ့ (အဘိဓမ္မာအခါတော်နေ့) အခမ်းအနားနှင့် ဆီမီး ၁၀၀၀ ပူဇော်ပွဲကို ပေါ့မိုင်းရပ်ကွက် ချမ်းသာကြီးဘုန်းတော်ကြီးကျောင်းဓမ္မာရုံ၌ ယမန်နေ့ညနေ ၄ နာရီက ကျင်းပခဲ့သည်။

ရှေးဦးစွာ မြို့နယ်သံဃနာယကဥက္ကဋ္ဌ ဝိဇ္ဇရိယ်ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တမာဃိန္ဒထံမှ ဩဝါဒခံယူတော်မူပြီး အဘိဓမ္မာခုနစ်ကျမ်း ပါဠိတော်ရွတ်ဆိုပူဇော်ခြင်း၊ မေးမြန်းခြင်းနှင့် ဖြေကြားခြင်းများအား ကြွရောက်တော်မူလာသော ဆရာတော် သံဃာတော်များက ဆောင်ရွက်ခဲ့ကြသည်။ ထို့နောက် ဒေသခံပြည်သူများက သဲပုံစေတီ၊ ရေချမ်း ၊ ဆီမီး ၁၀၀၀ ထွန်းညှိပူဇော်ခြင်း၊ မီးပုံးပျံလွှတ်တင်ပူဇော်ခြင်းနှင့် တိုင်းရင်းသားရိုးရာ ကိန္နရီအက၊ တိုးနရားအက များဖြင့် သီတင်းကျွတ်မီးထွန်းပွဲတော်ကို စည်ကားစွာကျင်းပခဲ့ကြောင်း သိရသည်။

**၆၆၁**



# ကလေးတွေက ဟန်းဖုန်းတွေပေါ်လာတော့ အများအားဖြင့် စာဖတ်အားနည်းသွားတယ် ဒါကြောင့် ဒီစာပေပွဲတော်မျိုး ပြုလုပ်ပေးတာ ကောင်းပါတယ်

**ဒေါ်ချိုချို (အလယ်တန်းပြ)**

သံတွဲမြို့ ကလေးစာပေပွဲတော်ကို အောက်တိုဘာ ၂၇ ရက်မှ ၂၈ ရက်အထိ နေ့စဉ် နံနက် ၈ နာရီမှ ညနေ ၅ နာရီအထိ သံတွဲမြို့ ဒွါရာဝတီခန်းမ၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်သည်။ အဆိုပါ ကလေးစာပေပွဲတော်နှင့် စပ်လျဉ်း၍ ဒေသခံများ၏ စကားသံများကို စုစည်းဖော်ပြအပ်ပါသည်-



ဒေါ်ချိုချို (အလယ်တန်းပြ)



ဦးသန်းထွန်း



မဖြူစင်ကြယ် (သတ္တမတန်း)



ဦးလှဟန်



ဒေါ်သီတာ

**ဒေါ်ချိုချို (အလယ်တန်းပြ)**
**အထက(ခွဲ) မြို့မ**

အခုကျင်းပမယ့် ကလေးစာပေပွဲတော်က ပထမဆုံးအကြိမ် ကျင်းပတာမို့ ကလေးတွေအတွက် အသစ်အဆန်းလည်း ဖြစ်တယ်။ သူတို့အတွက် ဗဟုသုတလည်းရမယ်။ ကလေးစာပေပွဲတော်တွေ လုပ်တဲ့အတွက် ကလေးတွေက စာဖတ်ဖို့ ဝါသနာပါလာမယ်။ ဒီလိုလုပ်ပေးလိုက်တဲ့အတွက် ကလေးတွေအတွက် စာဖတ်ဖို့အခွင့်အလမ်းတွေ အများကြီးရသွားမယ်။ ကလေးစာပေပွဲတော်တွေကို တိုင်းဒေသကြီးနဲ့ပြည်နယ်တွေမှာ ကျင်းပပေးနေတဲ့အတွက် ကောင်းပါတယ်။

ကလေးတွေက ဟန်းဖုန်းတွေပေါ်လာတော့ အများအားဖြင့် စာဖတ်အားနည်းသွားတယ်။ ဒါကြောင့် ဒီစာပေပွဲတော်မျိုး ပြုလုပ်ပေးတာ ကောင်းပါတယ်။

**ဦးသန်းထွန်း**
**သံတွဲစည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ**

သံတွဲမြို့မှာ ဒီကလေးစာပေပွဲတော် ကျင်းပတာ ပထမဦးဆုံးအကြိမ်ဖြစ်တော့ ဝမ်းသာတယ်။ ဒီပွဲမျိုးကို ကျွန်တော့်အသက် အခု ၄၆ နှစ်ထဲမှာ ပထမဦးဆုံးအကြိမ် တွေ့ကြုံရတာဖြစ်တဲ့အတွက် ဝမ်းသာမိပါတယ်။ ပွဲဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌ တာဝန်ကိုလည်း ပါဝင်ထမ်းဆောင်နေတာဖြစ်တဲ့အတွက် ဒီပွဲလေး အောင်မြင်စွာဖြစ်မြောက်ဖို့ အတတ်နိုင်ဆုံး ပူးပေါင်းဆောင်ရွက်နေပါတယ်။ ကလေးတွေအတွက် ဒီလိုပွဲမျိုးတွေ ခဏခဏကျင်းပပေးရပါမယ်။ ဒီလိုပွဲတွေနဲ့အတူ ကလေးတွေစာဖတ်ဖြစ်အောင် အသိပညာဟောပြောပွဲလေးတွေ များများလုပ်ပေးစေချင်ပါတယ်။

ဒီလိုပွဲမျိုး တစ်နှစ်တစ်ကြိမ်လောက်ပဲဖြစ်ဖြစ်၊ ဖြစ်နိုင်ရင် တစ်နှစ်နှစ်ကြိမ်လောက်ပဲဖြစ်ဖြစ် လုပ်ပေးရင်တော့ စာပေအသိပညာတွေ အများကြီး တိုးပွားလာမယ်လို့ ထင်ပါတယ်။ ဒီလိုဖြစ်မြောက်ဖို့လည်း တတ်နိုင်သလောက် ကျွန်တော်တို့ ဒေသခံတွေအနေနဲ့ ဝိုင်းဝန်းထမ်းဆောင်သွားမှာဖြစ်ပါတယ်။

**မဖြူစင်ကြယ် (သတ္တမတန်း)**
**အထက(ခွဲ)မြို့မ**

သမီးတို့အနေနဲ့ ဒီလိုကလေးစာပေပွဲတော်မျိုး မကြုံဖူးပါဘူး။ စာပေဆိုတာ သမီးတို့ကျောင်းသားကျောင်းသူတွေအတွက် ကောင်းတဲ့ သူငယ်ချင်းတွေပါ။ ပြီးတော့ စာပေပွဲတော်တင်မဟုတ်ဘဲ ဖျော်ဖြေပွဲတွေပါတယ်ဆိုတော့ ပိုကောင်းပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ကလေးတွေကို ပိုပြီးစိတ်ဝင်စားစေမယ်လို့ ထင်ပါတယ်။ ဒီလိုမျိုးစာပေပွဲတော်တွေကတစ်ဆင့် စာအုပ်၊စာပေအပေါ် မြတ်နိုးလာမယ်။ ပြီးတော့ စာအုပ်၊ စာပေတွေက ဘယ်လိုကောင်းတယ်ဆိုတာကို မိဘတွေကလည်း ပြောပြကြမယ်။ သမီးတို့လို ကျောင်းသား ကျောင်းသူတွေအတွက် တန်ဖိုးရှိတဲ့ ဗဟုသုတတွေ အများကြီးရပါမယ်။ ဒါကြောင့် သူငယ်ချင်းတွေကိုလည်း လာစေချင်တယ်။ တခြားကျောင်းသားကျောင်းသူတွေလည်း အကုန်လုံးလာခဲ့ကြပါလို့ ဖိတ်ခေါ်ချင်ပါတယ်။

**ဦးလှဟန် (မြို့မိမြို့ဖ)**

ဒီကလေးစာပေပွဲတော်နေရာကို ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က ရွေးပေးခဲ့တယ်။ ရွေးပေးခဲ့ပြီးတော့ ကလေးစာပေပွဲတော် အောင်မြင်စွာကျင်းပနိုင်ဖို့ ကျွန်တော်တို့ မြို့မိမြို့ဖတွေကိုလည်း တိုင်ပင်တယ်။ တိုင်ပင်ပြီးတော့ ဒီမှာရှိတဲ့ အုပ်ချုပ်ရေးအဖွဲ့အစည်းတွေ၊ လူမှုရေးအဖွဲ့အစည်းတွေနဲ့ ပူးပေါင်းပြီး ပြင်ဆင်ကြတယ်။ အနာဂတ်ရဲ့ ရင်သွေးငယ်ကလေးတွေကို စာဖတ်စေချင်တယ်။

အခုက အင်တာနက်တွေပေါ်လာပြီး သိချင်တာတွေကို အင်တာနက်ကနေရှာနိုင်တဲ့ခေတ်ဖြစ်နေတယ်။ ဒီအင်တာနက်ပေါ်မှာ သတင်းတွေက တချို့အချက်အလက်တွေက အားလုံးမပြည့်စုံနိုင်ပါဘူး။ တချို့အကြောင်းအရာတွေက စာကြည့်တိုက်ထဲမှာရှိတဲ့ စာအုပ်ကြီးတွေထဲမှာမှ ရှာဖွေနိုင်မယ်။ ကလေးတွေက ဒီလိုစာအုပ်ကြီးတွေကို ရှာဖွေပြီးတော့ ဖတ်ဖို့အတွက် အချိန်မပေးချင်ကြတော့ဘူး၊ မလေ့လာချင်ဘူး။ ဒီလိုဆိုရင် ကလေးတွေရဲ့ နက်နဲတဲ့အသိပညာ၊ အတတ်ပညာတွေဟာ အားနည်းသွားနိုင်တယ်။ အင်တာနက်မှာ ရှာဖွေဖတ်နိုင်တယ်ဆိုပေမယ့် တချို့အရာတွေကတော့ ဒီစာပေနဲ့မှ စေ့ဆော်နိုင်ပါတယ်။

ဒါကြောင့် အခုလိုမျိုး ကလေးစာပေပွဲတော် ကျင်းပပေးတဲ့အတွက် စာအုပ်စာပေကနေရနိုင်တာတွေကိုလည်း ကလေးတွေ သိသွားမယ်၊ ပြီးတော့ စာအုပ်တွေရဲ့ အကျိုးကျေးဇူးတွေကိုလည်း ပိုသိလာပြီး စာဖတ်ချင်စိတ်လည်း ပိုပြီးတိုးတက်လာနိုင်မယ်လို့ မျှော်လင့်ပါတယ်။

ဒီကလေးစာပေပွဲတော်ကတော့ ကျွန်တော်တို့ မြို့မှာ ပထမဦးဆုံးအကြိမ် ကျင်းပတာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ နိုင်ငံတော်အစိုးရကိုလည်း ကျေးဇူးတင်ပါတယ်။ ဒီလိုလုပ်ပေးခြင်းအားဖြင့် ကလေးတွေက စာပေဗဟုသုတတွေ တိုးလာမှာဖြစ်တဲ့အတွက် ဒီလိုမျိုးစာပေပွဲတော်တွေကို ကျန်တဲ့ဒေသတွေမှာလည်း ဆက်လက်ကျင်းပပေးစေချင်ပါတယ်။

**ဒေါ်သီတာ (ကျောင်းသားမိဘ)**

ကျွန်မတို့ ပြည်နယ်မှာ အခုလိုစာပေပွဲတော် လုပ်တဲ့အတွက် ဝမ်းသာတယ်။ ဒီလိုလုပ်ပေးမှ ကလေးတွေအနေနဲ့ စာပေမျိုးစုံကို သိမြင်မယ်။ စာအုပ်စာပေမျိုးစုံ လာရောက်ရောင်းချပေးတဲ့အတွက်ကြောင့် ကျွန်မတို့အများကြီး ကျေးဇူးတင်တယ်။ စာအုပ်စာအုပ်ပေတွေဟာ တန်ဖိုးရှိတယ်ဆိုတာ သိကြတယ်။ ဒါကြောင့် ကလေးတွေကို ပညာဗဟုသုတတိုးအောင် စာဖတ်စေချင်တယ်။ ဒီလိုစာဖတ်ဖို့၊ စာဖတ်တဲ့အကျင့်ဖြစ်ဖို့ ဒီလိုပွဲတွေ လိုအပ်ပါတယ်။ ဒါမှ နောင်တစ်ချိန် ဒီကလေးတွေ တိုင်းပြည်အတွက် အလုပ်လုပ်တဲ့နေရာမှာ စာအုပ်ထဲက ပညာဗဟုသုတတွေကို ပညာယူပြီးတော့ ပိုပြီးကောင်းအောင် လုပ်နိုင်မှာဖြစ်ပါတယ်။ စာအုပ်စာပေတွေက ယဉ်ကျေးလိမ္မာတဲ့ ကလေးတစ်ယောက်ဖြစ်လာအောင် လမ်းညွှန်နိုင်တယ်လို့ မိဘတစ်ယောက်အနေနဲ့ ထင်မိပါတယ်။

**အောင်မင်းဟန်၊ တင်ထွန်းဦး**
**ဓာတ်ပုံ-အောင်မင်းဟန်**

## မန္တလေးတက္ကသိုလ်တွင် ဆီမီးတစ်သောင်း ထွန်းညှိပူဇော်ပွဲ ကျင်းပ

**မန္တလေး အောက်တိုဘာ ၂၅**

မန္တလေးတက္ကသိုလ် ကျောင်းသား ကျောင်းသူဟောင်းများနှင့် လက်ရှိပညာသင်ကြားနေကြသော ကျောင်းသားကျောင်းသူများ ပူးပေါင်းကာ ဒုတိယအကြိမ်မြောက် ဆီမီးတစ်သောင်း ထွန်းညှိပူဇော်ပွဲကို အောက်တိုဘာ ၂၅ ရက် ညနေ ၅ နာရီမှစတင်၍ ပျော်ရွှင်စွာ ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါ ထွန်းညှိပူဇော်ပွဲကို အမိတက္ကသိုလ်ကျောင်းတော်ကြီးနှင့် ပညာသင်ကြားပေးခဲ့သည့် ဆရာကြီး ဆရာမကြီးများအား ကျေးဇူးဆပ်လိုသော ရည်ရွယ်ချက်ဖြင့် ကျင်းပခြင်းဖြစ်ကြောင်း အဆိုပါပွဲအား ဦးဆောင်ကျင်းပသူ ဦးအောင်စိုးသန်းက ပြောသည်။

**ဆီမီးတစ်သောင်းထွန်းညှိပူဇော်**

"ဒီပွဲတော်က မိခင်ကျောင်းတော်ကြီးနဲ့ ပညာသင်ပေးခဲ့တဲ့ ဆရာ ဆရာမတွေကို အလေးအနက်ထားပြီး ပူဇော်တဲ့ပွဲဖြစ်ပါတယ်။ မနှစ်ကတော့ ပထမအကြိမ်အဖြစ် ဆီမီးငါးထောင် ထွန်းညှိပူဇော်ခဲ့ပါတယ်။ ဒီနှစ်မှာတော့ ဆီမီးတစ်သောင်းအပြင် မြန်မာမှုလက်ရာမီးပုံးတွေကိုလည်း ချိတ်ဆွဲပူဇော်ခဲ့ပါတယ်"ဟု ၎င်းက ပြောသည်။

ထို့ပြင် လက်ရှိပညာသင်ကြားနေသည့် စိတ်ပညာပထမနှစ် ဂုဏ်ထူးတန်းမှ မသိင်္ဂီဆွေကလည်း "ဒီပွဲကို ဒုတိယအကြိမ်ကျင်းပတာ ဖြစ်ပါတယ်။ ပထမအကြိမ်တုန်းကတော့ ဆီမီးငါးထောင် ထွန်းညှိပူဇော်ခဲ့ပြီး အခုအကြိမ်ကတော့ ဆီမီးတစ်သောင်းထွန်းညှိပူဇော်တာဖြစ်ပါတယ်။ ဒီလို ဆီမီးထွန်းညှိပူဇော်ပြီး ပွဲတော်ကျင်းပတာက အမိတက္ကသိုလ်ကြီးနဲ့ ပညာသင်ကြားပေးနေတဲ့ ဆရာ ဆရာမတွေကို ကျေးဇူးဆပ်တဲ့ ပူဇော်ပွဲဖြစ်တဲ့အတွက်လည်း အခုလို ဆီမီးထွန်းညှိပူဇော်ပွဲနဲ့အတူ ဆရာ ဆရာမကြီးတွေကို ပြန်လည်သတိရတမ်းတမိပါတယ်။ ကျွန်မတို့အပြစ်တွေကို ခွင့်လွှတ်ပေးပါရန် ဝန်ချတောင်းပန်တဲ့ပွဲဖြစ်တဲ့အတွက် အလွန်မွန်မြတ်ပါတယ်"ဟု ပြောသည်။

ယခုနှစ် မန္တလေးတက္ကသိုလ်၌ ဆီမီးတစ်သောင်း ထွန်းညှိပူဇော်ပွဲတွင် ပန်းချီမီးပုံးများ၊ ကာတွန်းမီးပုံးများ၊ စတုဒိသာကျွေးမွေးခြင်းများနှင့် အမှတ်တရပြက္ခဒိန်များ၊ အမှတ်တရ အင်္ကျီများအား အခမဲ့ဖြန့်ဝေပေးသည့်အပြင် ကျောင်းသားဟောင်းတစ်ဦး၏ မျက်လှည့်ပြသမှုများလည်း ပါဝင်ခဲ့ကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**



# ကလေးစာပေပွဲတော်(သံတွဲ)တွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားတီးဝိုင်းအဖွဲ့ ဖျော်ဖြေမည်







သံတွဲမြို့၌ အောက်တိုဘာ ၂၇ ရက်မှ ၂၈ ရက်အထိ ကျင်းပမည့် ကလေးစာပေပွဲတော်အတွက် ပြင်ဆင်ဆောင်ရွက်နေသည်ကို တွေ့ရစဉ်။

**သံတွဲ အောက်တိုဘာ ၂၅**

သံတွဲမြို့၌ အောက်တိုဘာ ၂၇ ရက်မှ ၂၈ ရက်အထိ ကျင်းပမည့် ကလေးစာပေပွဲတော်တွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားတီးဝိုင်းအဖွဲ့က ပါဝင်ဖျော်ဖြေတင်ဆက်သွားမည်ဖြစ်ကြောင်း သိရသည်။

ထိုကဲ့သို့ ဖျော်ဖြေတင်ဆက်ရာတွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားတီးဝိုင်းအဖွဲ့မှ တေးသံရှင်များအပြင် ငြိမ်းချမ်းရေးဂီတပွဲတော်ဆုရ တေးသံရှင်များ၊ ကျောက်ဆည်ဆင်အက၊ Myanmar Idol မှ သားငယ်၊ မယ်မဒီ၊ ပြည့်ဖြိုးတို့ကလည်း ပွဲတော်လာပရိသတ်များအား ပါဝင်ဖျော်ဖြေတင်ဆက်သွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ဖျော်ဖြေရေးအစီအစဉ်များကို အောက်တိုဘာ ၂၇ ရက်နှင့် ၂၈ ရက်တို့တွင် ညနေ ၅ နာရီမှ စတင်ဖျော်ဖြေသွားမည်ဖြစ်ကြောင်း သိရသည်။

**အောင်မင်းဟန်**

# သီတင်းကျွတ်ရုံးပိတ်ရက်များနှင့် ဝမ်းသာပီတိစကားသံများ

အမေးနှင့်အရေး - မင်းမင်းဇော်(ကလေး)
ဓာတ်ပုံ - ထန်းဖုန်

၂၀၁၈ ခုနှစ် အောက်တိုဘာ ၂၃၊ ၂၄ နှင့် ၂၅ ရက် ( မြန်မာသက္ကရာဇ် ၁၃၈၀ ပြည့်နှစ် သီတင်းကျွတ်လဆန်း ၁၄ ရက် အဖိတ်နေ့၊ သီတင်းကျွတ်လပြည့်နေ့နှင့် သီတင်းကျွတ်လပြည့်ကျော် ၁ ရက်)တို့သည် တရားဝင်ရုံးပိတ်ရက်များဖြစ်သည့်အားလျော်စွာ အဆိုပါရုံးပိတ်ရက်များအတွင်း မိဘဆွေမျိုးများထံပြန်၍ သွားရောက်ကန်တော့ခြင်း၊ ဘုရားဖူးခရီးစဉ်များသွားရောက်ခြင်း ပြုလုပ်ခဲ့ကြသူများ၏ ဝမ်းသာပီတိစကားသံများကို ရေးသားတင်ပြလိုက်ရပါသည်။



မမေသူ



မမြမြဝင်း



မနီလာသိန်း



ကိုကျော်သူမြင့်



မမြသီတာဝင်း



ကိုအောင်စိုးမိုး

**မမေသူ**
**ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန**

ကျွန်မဇာတိက ရန်ကုန်မြို့ဖြစ်ပါတယ်။ နေပြည်တော်မှာ တာဝန်ထမ်းဆောင်နေတဲ့ ဝန်ထမ်းတစ်ဦးဖြစ်ပါတယ်။ အခုလို သီတင်းကျွတ်ရုံးပိတ်ရက်တွေမှာ စိတ်ချမ်းသာကိုယ်ချမ်းသာနဲ့ ရန်ကုန်ပြန်ပြီး မိဘတွေကို ကန်တော့ခွင့်ရလို့ ဝမ်းသာတယ်။ ရန်ကုန်က ရေကျော်ဈေးသီတင်းကျွတ်ပွဲတော်ကို သွားရောက်လည်ပတ်ရတဲ့အတွက်လည်း ပျော်တယ်။ အခုလိုရုံးပိတ်ရက်တွေမှာ ပျော်ရွှင်ရတဲ့အတွက် နိုင်ငံ့တာဝန်၊ ပြည်သူ့တာဝန်တွေကို လန်းဆန်းတက်ကြွတဲ့ စိတ်တွေနဲ့ ပြန်လည်ထမ်းဆောင်နိုင်မှာ ဖြစ်ပါတယ်။

**မမြမြဝင်း**
**စက်မှုဝန်ကြီးဌာန**

အခုလို သီတင်းကျွတ်ရုံးပိတ်ရက်တွေမှာ မိဘတွေရှိတဲ့ ရန်ကုန်မြို့ကို ပြန်ခွင့်ရတဲ့အတွက် ဝမ်းသာကြည်နူးရပါတယ်။ မိဘတွေကို ကန်တော့တဲ့အခါ မိဘတွေက ဆုမွန်ကောင်းတွေ တောင်းပေးတဲ့အတွက် ကျွန်မစိတ်ထဲမှာ အတိုင်းမသိဝမ်းသာရပါတယ်။ အခု ရန်ကုန်ကနေ နေပြည်တော်ကို ပြန်လာတာဖြစ်ပါတယ်။ ကျွန်မလိုပဲ သီတင်းကျွတ်ရုံးပိတ်ရက်ရှည်ရတဲ့ ကျွန်မသူငယ်ချင်းတွေလည်း ဘုရားဖူးထွက်သူထွက်၊ မိဘ၊ ဆရာသမားတွေကို ပြန်ပြီးကန်တော့သူကန်တော့နဲ့ ပျော်ရွှင်နေကြမယ်လို့ ထင်ပါတယ်။ ရုံးပိတ်ရက်ရှည်တွေရှိတဲ့အတွက် ဝန်ထမ်းတွေအတွက်လည်း စိတ်လက်ပေါ့ပါးလန်းဆန်းစေပါတယ်။

**မနီလာသိန်း**
**ကမ္ဘောဇဘဏ်ခွဲ(၄)၊ နေပြည်တော်**

ကျွန်မဇာတိက မိတ္ထီလာမြို့ဖြစ်ပါတယ်။ သီတင်းကျွတ်ရုံးပိတ်ရက်ရလို့ မိတ္ထီလာမှာနေတဲ့ မိဘတွေဆီ ပြန်ပြီးကန်တော့တာဖြစ်ပါတယ်။ သူငယ်ချင်းတွေလည်း သီတင်းကျွတ်ရုံးပိတ်ရက်တွေရလို့ ပျော်နေကြတယ်။ အခု ဘဏ်ခွဲမှာ ကိုယ်စိတ်နှစ်ပါး လန်းဆန်းစွာနဲ့ ပြန်လည်တာဝန်ထမ်းဆောင်မှာ ဖြစ်ပါတယ်။ ဒီသီတင်းကျွတ်ရုံးပိတ်ရက်တွေမှာ အားလုံးပျော်ရွှင်ခဲ့ကြလိမ့်မယ်လို့ ယုံကြည်ပါတယ်။

**ကိုကျော်သူမြင့်**
**ယာဉ်မောင်း မန္တလာမင်းကားအသင်း**

သီတင်းကျွတ်ရုံးပိတ်ရက်တွေမှာ ကျွန်တော်တို့ကားဂိတ်က ကားအားလုံးနီးပါး မိဘရပ်ထံပြန်ကြတဲ့ ဝန်ထမ်းတွေနဲ့ ပြည့်နေပါတယ်။ အခုလို ရုံးပိတ်ရက်တွေမှာ ကျွန်တော်တို့ ကားတွေအတွက်လည်း ပိုပြီးအဆင်ပြေတယ်လို့ ပြောရမှာဖြစ်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ရုံးပိတ်ရက်ရှည်တွေ ပြေးဆွဲရတဲ့ ခရီးသည်ဦးရေနဲ့ သာမန်ရက်တွေ ပြေးဆွဲရတဲ့ဦးရေ နှိုင်းယှဉ်တဲ့အခါ အခုလို ရုံးပိတ်ရက်တွေမှာ ပြေးဆွဲရတဲ့ ခရီးစဉ်တိုင်းမှာ ခရီးသည်အပြည့် ဖြစ်နေလို့ပါ။ ကျွန်တော်တို့ ကားဂိတ်က နေပြည်တော်ကို အခြေစိုက်ပြီး မန္တလေး၊ တောင်ကြီး၊ ရန်ကုန်နဲ့ ပြင်ဦးလွင်တို့ကို ပြေးဆွဲပါတယ်။ ကျန်ဂိတ်တွေကနေ မြို့ပေါင်း ၁၉ မြို့ကို ပြေးဆွဲပါတယ်။ ကျွန်တော်တို့ ကားအသင်းကို အားပေးတဲ့အတွက် အထူးကျေးဇူးတင်ပါတယ်။ ရုံးပိတ်ရက်ရှည်တွေ များများရပြီး မန္တလာမင်းကားအသင်းကို များများအားပေးနိုင်ကြပါစေ။

**မမြသီတာဝင်း**
**ငါန်းဇွန်မြို့နယ် စာရင်းစစ်ရုံး**

ကျွန်မကတော့ စစ်ကိုင်းတိုင်းဒေသကြီး ငါန်းဇွန်မြို့နယ် စာရင်းစစ်ရုံးမှာ တာဝန်ထမ်းဆောင်နေတဲ့ ဝန်ထမ်းတစ်ဦးဖြစ်ပါတယ်။ ကျွန်မမိဘတွေက နေပြည်တော်မှာ နေထိုင်ကြပါတယ်။ အခုလို သီတင်းကျွတ်ရုံးပိတ်ရက်တွေရတဲ့အတွက် မိဘတွေကို လာရောက်ကန်တော့ခြင်း ဖြစ်ပါတယ်။ အခု နေပြည်တော်ကနေ ငါန်းဇွန်မြို့ကို ပြန်တော့မှာ ဖြစ်ပါတယ်။ အခုလို သီတင်းကျွတ်ရုံးပိတ်ရက်ရှည်ရလို့သာ မိဘတွေဆီကို လာရောက်ကန်တော့ခွင့်ရတာ ဖြစ်ပါတယ်။ ဒီအတွက်လည်း အတိုင်းမသိ ဝမ်းသာပီတိဖြစ်ရပါတယ်။

**ကိုအောင်စိုးမိုး**
**ရွှေစင်စကြာ ကားအသင်း**

အခုလို သီတင်းကျွတ်ရုံးပိတ်ရက်တွေမှာ ကျွန်တော်တို့ ကားအသင်းက တစ်နာရီခြား တစ်စီးလောက် ခရီးသည်အပြည့်နဲ့ ပြေးဆွဲရပါတယ်။ အရင်တုန်းကဆိုရင် နှစ်နာရီခြား တစ်ကြိမ် ပုံမှန်ခရီးသည်လောက်နဲ့ပဲ ပြေးဆွဲနေတာဖြစ်ပါတယ်။ ရုံးပိတ်ရက်တွေမှာ သာမန်ထက် ခရီးသည်အပြည့်နဲ့ ပြေးဆွဲရတယ်လို့ ဆိုရမှာဖြစ်ပါတယ်။ လက်မှတ်ခ နှုန်းထားတွေကတော့ ပုံမှန်အတိုင်းပါပဲ။ အခုသီတင်းကျွတ်ရုံးပိတ်ရက်မှာ ခရီးသည်အပြည့်နဲ့ ခရီးစဉ်ပြေးဆွဲရတဲ့အပြင် တစ်ချိန်ကို မော်တော်ယာဉ်နှစ်စီးကနေ သုံးစီးအထိ ပြေးဆွဲရပါတယ်။ ကျွန်တော်တို့ ကားအသင်းကလည်း ခရီးသွားတွေကို ဝန်ဆောင်မှုအပြည့်နဲ့ ပြေးဆွဲပေးနေတာ ဖြစ်ပါတယ်။ ကျွန်တော်တို့ ကားအသင်းကို အားပေးတဲ့ခရီးသည်အပေါင်း စိတ်ချမ်းသာ ကိုယ်ကျန်းမာရှိကြပါစေလို့ ဆုမွန်ကောင်း တောင်းပါတယ်။

# ပျဉ်းမနားမြို့၌ နှစ်ကျိပ်ရှစ်ဆူဗုဒ္ဓရုပ်ပွားတော်မြတ်များ ဒေသစာရီလှည့်လည်အပူဇော်ခံ

**နေပြည်တော် အောက်တိုဘာ ၂၅**

နေပြည်တော် ဒက္ခိဏခရိုင် ပျဉ်းမနားမြို့နယ်လုံးဆိုင်ရာ နှစ်(၁၀၀)ပြည့် နှစ်ကျိပ်ရှစ်ဆူ ဗုဒ္ဓရုပ်ပွားတော်မြတ်များ ဒေသစာရီလှည့်လည်အပူဇော်ခံပွဲကို အောက်တိုဘာ ၂၅ ရက် (သီတင်းကျွတ်လပြည့်ကျော် ၁ ရက်) ညနေ ၄ နာရီမှ စတင်၍ ပျဉ်းမနားမြို့ တပ်တွင်းဓမ္မာရုံ ဖွင့်ပွဲမုခ်ဦးရှေ့၌ နေပြည်တော်ကောင်စီဝင်များဖြစ်သည့် ဦးတင်ထွန်း၊ ဦးအေးအောင်စိန်နှင့် ဦးညီထွန်း ပျဉ်းမနားမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသန်းစိုးအောင်၊ နေပြည်တော်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးမျိုးဆွေ၊ စိုးလျှပ်စစ်ဖောင်ဒေးရှင်းဥက္ကဋ္ဌ ဦးကျော်မင်းထွန်းနှင့် တပ်တွင်းနှစ်ကျိပ်ဆူဘုရားများစံကျောင်းတော် ဥက္ကဋ္ဌ ဦးသိန်းဝင်းတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ နေပြည်တော်ကောင်စီဝင် ဗိုလ်မှူးကြီးမင်းနောင်က ပျဉ်းမနားမြို့နယ်လုံးဆိုင်ရာ နှစ်(၁၀၀)ပြည့် နှစ်ကျိပ်ရှစ်ဆူဗုဒ္ဓရုပ်ပွားတော်မြတ်များ ဒေသစာရီလှည့်လည်အပူဇော်ခံ ဖွင့်ပွဲမုခ်ဦးအား စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးသည်။

ထို့နောက် ပျဉ်းမနားမြို့နယ်လုံးဆိုင်ရာ နှစ်(၁၀၀)ပြည့် နှစ်ကျိပ်ရှစ်ဆူ ဗုဒ္ဓရုပ်ပွားတော်မြတ်များ ဒေသစာရီ လှည့်လည်အပူဇော်ခံပွဲအတွက် ဘုရားများပင့်ဆောင် လာသော ယာဉ်များဖြင့် ပျဉ်းမနားမြို့အတွင်းသို့ ဒေသစာရီကြွချီလှည့်လည်အပူဇော်ခံရာ မြို့နယ်အတွင်းရှိ ပြည်သူများနှင့် ဧည့်သည်များက ပန်း၊ ရေချမ်း၊ ဆီမီး၊ အမွှေးနံ့သာတိုင်များနှင့် အလှူငွေ အစုစုတို့ကို လှူဒါန်းကြသည့်အပြင် နှစ်ကျိပ်ရှစ်ဆူဘုရား အပူဇော်ခံလှည့်လည်ရာတွင် လိုက်ပါလာကြသူများအား ချိုချဉ်၊ အချိုရည်ဘူးနှင့် ရေသန့်တို့ဖြင့် အာဟာရဒါနပြု ဧည့်ခံကျွေးမွေးကြသည်။



"ခုလို သီတင်းကျွတ်အခါသမယမှာ ဗုဒ္ဓရုပ်ပွားဆင်းတုတော်တွေ မြို့တွင်းလှည့်လည်အပူဇော်ခံတာ အခုဆို နှစ်(၁၀၀)ပြည့်မြောက်ခဲ့ပါပြီ။ အလွန်ပင်မင်္ဂလာအပေါင်းနဲ့ပြည့်စုံလှတဲ့အပြင် မြို့နယ်အတွက်လည်း ကျက်သရေရှိ ကောင်းမွန်တဲ့အစဉ်အလာဖြစ်တာကြောင့် ပျဉ်းမနားမြို့နယ်သူ မြို့နယ်သားလူငယ်တွေက လက်ဆင့်ကမ်းထိန်းသိမ်းဖို့လိုပါတယ်"ဟု ဒေသခံပြည်သူတစ်ဦးက ပြောသည်။

ထိုသို့ နှစ်ကျိပ်ရှစ်ဆူဘုရားများ ဒေသစာရီကြွချီအပူဇော်ခံရာတွင် ဘုရားဖြစ်စဉ်တော် မှန်ကန်စွာသရုပ်ဖော်နိုင်မှု၊ ယဉ်ကျေးမှုဓလေ့ကို ဖော်ကျူးနိုင်မှု၊ သာသနာတော်ကို ပြန့်ပွားအောင် ဖော်ကျူးနိုင်မှု စသည့်အချက်များကို အခြေခံပြီး ပထမ၊ ဒုတိယ၊ တတိယ၊ စတုတ္ထ၊ ပဥ္စမဆုများကို ချီးမြှင့်ပေးသွားမည်ဖြစ်ကြောင်းနှင့် နှစ်ကျိပ်ရှစ်ဆူဘုရားများ လှည့်လည်ပူဇော်ပွဲကို နှစ်စဉ်စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ခြင်းဖြစ်သည်။

**စိုးမိုး(ပြန်/ဆက်)**



သီတင်းကျွတ်လပြည့်(အဘိဓမ္မာအခါတော်နေ့)ညပိုင်းက ပဲခူးမြို့(ဥဿာမြို့သစ်)ရှိ မနောစိတ္တာပူဇနီ စေတီတော်မြတ်ကြီးတွင် ဆရာကြီး ဦးတင်မှန်အား ဦးထိပ်ပန်ဆင်၍ ဆရာကြီး ဦးသံလုံးနှင့် တပည့်သား၊ သမီးများက အဆိုပါစေတီတော်အား ဒုတိယအကြိမ်မြောက် ဆီမီး ၉၀၀၀ ထွန်းညှိပူဇော်ထားသည်ကို တွေ့ရစဉ်။

ခင်မောင်ဝင်း(ကြေးမုံ)



သီတင်းကျွတ်လပြည့် ညပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ် မင်းဓမ္မကုန်းတော်ပေါ်ရှိ လောကချမ်းသာအဘယလာဘမုနိ ရုပ်ပွားတော်မြတ်ကြီး(ကျောက်တော်ကြီးဘုရား)ရင်ပြင်ပေါ်၌ ဆီမီး ၁၀၀၀ ထွန်းညှိပူဇော်စဉ်။

ဖြေ၄



ရွှေပေါင်းသမိုင်းဝင် အပရာဇိတ ဆံတော်ရှင် ကျိုက်ဝိုင်းစေတီတော်မြတ်ကြီး၏ရင်ပြင်၌ သီတင်းကျွတ်လပြည့်ကျော် ၁ ရက်က ဆီမီး ၁၁၀၀၀ ထွန်းညှိပူဇော်ထားစဉ်။

မျိုးမင်းသိန်း(မရမ်းကုန်း)



နေပြည်တော် တပ်ကုန်းမြို့နယ် သပြေချောင်းကျေးရွာ၌ အောက်တိုဘာ ၂၅ ရက် ညနေ ၄ နာရီက သီတင်းကျွတ်ပွဲတော်ကာလ ပျော်ပွဲရွှင်ပွဲအဖြစ် ချောတိုင်တက်ပွဲ ကျင်းပစဉ်။

မျိုးသူရ

# ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဝင်းသိန်း ဆွာနှင့် သာဂရကြားရှိ မြန်မာ့သစ်လုပ်ငန်းမြေနေရာ ကျူးကျော်နေထိုင်သူများနှင့် တွေ့ဆုံဆွေးနွေး



**ရေတာရှည် အောက်တိုဘာ ၂၅**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် ဆွာမြို့နှင့် သာဂရမြို့အကြားရှိ မြန်မာ့သစ်လုပ်ငန်း မြေနေရာများတွင် ကျူးကျော်နေထိုင်သူများအား ဖယ်ရှားပေးရန် ဌာနမှ ညွှန်ကြားလာမှုအပေါ် မြန်မာ့သစ်လုပ်ငန်းတွင် နေ့စားအဖြစ် ခုနစ်နှစ်မှ နှစ်ပေါင်း ၃၀ အထိ လုပ်ကိုင်ခဲ့ကြသူများက တိုင်းဒေသကြီးအစိုးရအဖွဲ့ထံ အသနားခံတင်ပြခဲ့ကြောင်း သိရသည်။

"နိုင်ငံအတွက် အများကြီးအလုပ်အကျွေးပြုခဲ့ပြီးပြီ။ အခုလို နေရာထိုင်ခင်းအတွက် ဖယ်ရှားပေးရမယ်ဆိုတော့ ကိုယ်ချင်းစာပါတယ်။ ဒီအတွက်လည်း မြေနေရာကို အကောင်းဆုံးဖြစ်အောင် စီစဉ်ပေးသွားမယ်။ ဝန်ထမ်းတွေအတွက်လည်း နေစရာလိုင်းခန်းတွေ ရှိတယ်ဆိုရင် ဝန်ထမ်းတွေအနေနဲ့ လိုင်းခန်းမှာနေကြပါ။ ကျန်တဲ့ နေ့စားဝန်ထမ်းတွေအတွက် အဆင်ပြေအောင် ဌာနဆိုင်ရာတွေနဲ့ ညှိနှိုင်းဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်"ဟု အောက်တိုဘာ ၂၅ ရက် နံနက်ပိုင်းက မြန်မာ့သစ်လုပ်ငန်းဌာနအတွင်း နေ့စားအလုပ်သမားများနှင့် တွေ့ဆုံစဉ် ဝန်ကြီးချုပ်က ရှင်းလင်းပြောကြားသည်။

မြန်မာ့သစ်လုပ်ငန်းတွင် လက်ရှိဝန်ထမ်းအင်အား ၁၀ ဦး၊ နေ့စားဝန်ထမ်း ၄၂ ဦးရှိပြီး အားလုံးမှာ ပတ်ဝန်းကျင်မြေနေရာများတွင် နှစ်ပေါင်း ၃၀ အထိ နေထိုင်ခဲ့ကြသူများဖြစ်၍ ရွှေ့ပြောင်းနေထိုင်စရာနေရာအတွက် အခက်အခဲများစွာ ဖြစ်ပေါ်နိုင်ကြောင်း နေ့စားဝန်ထမ်းတစ်ဦးကပြောသည်။ "ကျွန်တော်တို့ ဒီဝန်းကျင်မှာ နေထိုင်လာကြတာ နှစ်ပေါင်း ၃၀ တောင်ကျော်ပြီ။ ကိုယ့်အိမ်ကိုယ်ဆောက်ပြီး နေလာခဲ့ကြတာ ခုတော့ ရွှေ့ပြောင်းဖယ်ရှားပေးရမယ်ဆိုရင် အားလုံးအတိဒုက္ခရောက်ကြရမှာပါ။ ဒါကြောင့်လည်း ဝန်ကြီးချုပ်ထံ အသနားခံတင်ပြခဲ့ခြင်းဖြစ်ပါတယ်"ဟု ၎င်းက ဆက်လက်ပြောသည်။ **ကိုလွင်(ဆွာ)**

# မြန်မာနိုင်ငံ ဆီစက်ပိုင်ရှင်များအသင်းက တောင်သူများဖြင့် စာချုပ်ချုပ်ကာ မြေပဲများ စတင်စိုက်ပျိုး

**နေပြည်တော် အောက်တိုဘာ ၂၅**



မြန်မာနိုင်ငံဆီစက်ပိုင်ရှင်များအသင်းမှ သွင်းအားစုများ၏ မှန်မှန်ကန်ကန် သုံးစွဲနိုင်မှု နည်းပညာများကို အသုံးချခြင်းနှင့်အတူ ဈေးကွက်အာမခံချက်ကို တောင်သူများဖြင့် သဘောတူစာချုပ်ချုပ်ကာ မြေပဲများ စတင်စိုက်ပျိုးနေကြောင်း မြန်မာနိုင်ငံဆီစက်ပိုင်ရှင်များအသင်း ဒုတိယဥက္ကဋ္ဌ(၁) ဦးထွန်းထွန်းဦးထံမှ သိရသည်။

"မြန်မာနိုင်ငံက စိုက်နေတဲ့ စနစ်ကို ပြောင်းလဲရမှာဖြစ်သလို သွင်းအားစုတွေကိုလည်း ပြောင်းလဲရမယ်ဆိုပြီး နည်းလမ်းရှာကြံခဲ့တယ်။ စိုက်ရမယ့်မျိုးကို မြန်မာနိုင်ငံဆီစက်ပိုင်ရှင်များအသင်းက မျိုးထုတ်လုပ်နေတယ်။ မျိုးထုတ်တဲ့အထဲမှာ ပြည်တွင်းမျိုးတွေကိုလည်း ထုတ်နေသလို နိုင်ငံခြားမျိုးတွေကိုလည်း စမ်းသပ်စိုက်ပျိုးနေပါတယ်။ စစ်ကိုင်းတိုင်းဒေသကြီးမှာ ဧက ၅၀၊ မန္တလေးတိုင်းဒေသကြီးမှာ ဧက ၂၀၀၊ မကွေးတိုင်းဒေသကြီးမှာ ဧက ၅၀ လောက်စိုက်နေပါတယ်။ လာမယ့်ဆောင်းပဲမှာ ရှမ်းပြည်နယ်ဘက်က စံပြစိုက်ကွင်းမှာ ဧက ၅၀ လောက်စိုက်မှာဖြစ်ပြီး စစ်ကိုင်းတိုင်းဒေသကြီးကသာနဲ့ ထီးချိုင့်ဒေသတို့မှာ ဧက ၃၀ လောက် စိုက်ဖို့ ပြင်နေပါတယ်။ ဒေသနဲ့ကိုက်ညီတဲ့ မျိုးကိုပဲ စိုက်တာဖြစ်သလို စမ်းသပ်စိုက်ရာမှာ နိုင်ငံခြားမျိုးတွေကို တစ်ဧက၊ နှစ်ဧကလောက် ကြားညှပ်စိုက်ဖို့ စမ်းသပ်နေပါတယ်"ဟု ဦးထွန်းထွန်းဦးက ပြောကြားသည်။

တိုင်းဒေသကြီး သုံးခုတွင်၂၀၁၇ ခုနှစ် ဆောင်းပဲစိုက်ရာသီတွင် စတင်စမ်းသပ်စိုက်ပျိုးခဲ့ကာ ငါးနေရာ စမ်းသပ်စိုက်ပျိုးရာ နှစ်နေရာ အောင်မြင်ပြီး သုံးနေရာ မအောင်မြင်သေးကြောင်း သိရသည်။ အဓိကမှာ မြေ၏စမ်းသပ်မှုနည်းပညာများ အားနည်းခဲ့ပြီး ယခုနှစ် စိုက်ထားသည့် မြေပဲများ အောင်မြင်လာမည့် နိုဝင်ဘာလလယ်ခန့်တွင် ရိတ်ကြမည်ဖြစ်ကြောင်း သိရသည်။

"ဆောင်းပဲစိုက်ဖို့ ပြင်ဆင်နေကြတယ်။ အခု ကျွန်တော်တို့ စိုက်နေတဲ့ စနစ်တွေက တရုတ်မှာတော့ တစ်ဧက တင်း ၁၂၀ နဲ့ ၁၅၀ ကြားမှာ ထွက်တယ်။ မြန်မာနိုင်ငံမှာတော့ အဲဒီလောက်ထွက်ချင်မှ ထွက်လိမ့်မယ်။ သွင်းအားစု အားနည်းတာ မြေတွေရဲ့ ပြုပြင်နိုင်တဲ့ စွမ်းအားနည်းတာတွေ ရှိနေတယ်။ မြေက မစိုက်ခင်ကတည်းက မြေရဲ့အချဉ်ဓာတ်၊ အငန်ဓာတ် အားနည်းတာတွေကို စမ်းသပ်ပြီးမှ သွင်းအားစုတွေကို ဖြည့်ပြီးပြင်ဆင်ထားရမှာ ဖြစ်တယ်။ အခုက နည်းစနစ်တွေကို ရှာရင်းရှာရင်းနဲ့ လက်ရှိမှာ တော်တော်လေး မြင့်မားတဲ့ နည်းပညာနဲ့ လုပ်ဆောင်လာနိုင်လာတာတွေ ရှိနေပါပြီ။ နည်းစနစ်တကျအတိုင်း စိုက်ရင် တင်း ၁၅၀ မထွက်တောင် တင်း ၁၀၀ ကတော့ ထွက်နိုင်ပါတယ်။ ပြီးခဲ့တဲ့ အပတ်က မန္တလေးတိုင်းဒေသကြီး ရှမ်းကလေးကျွန်းမှာ တင်း ၉၀ ကျော်ထွက်ပြီး မတ္တရာ၊ စဉ့်ကူးမှာဆိုရင် တစ်ဧကကို ၁၀၂ တင်း ထွက်နေပြီဖြစ်ပါတယ်"ဟု တောင်သူတစ်ဦးက ရှင်းပြသည်။

၂၀၁၆ ခုနှစ်က မြန်မာနိုင်ငံဆီစက်လုပ်ငန်းရှင်များအသင်းကို စတင်ဖွဲ့စည်းကာ ပြည်တွင်းဆီစက်များ ပြန်လည်ရှင်သန်ဖွံ့ဖြိုးလာစေရန် ပြည်တွင်းစားသုံးဆီနှင့် ဆီထွက်သီးနှံဖွံ့ဖြိုးလာစေရန်နှင့် စားသုံးသူများ ဆီကောင်းဆီသန့် စားသုံးနိုင်စေရန်ဆိုသည့် ရည်ရွယ်ချက်ထားဆောင်ရွက်နေကြောင်း သိရသည်။ အဓိက ရည်မှန်းချက်ဖြစ်သည့် ပြည်တွင်းဆီနှင့် ဆီထွက်သီးနှံ ဖွံ့ဖြိုးရေးအတွက် စိုက်ပျိုးရေးမှ အခြေခံရာမှာ တောင်သူများကို ပံ့ပိုးပေးနိုင်ရန်အတွက် နည်းပညာရရန် တရုတ်နိုင်ငံသို့ သွားရောက်လေ့လာကာ တရုတ်နိုင်ငံမှ စက်ကိရိယာနှင့် နည်းပညာရှင်များဖြင့် မြေပဲကိုလက်ရှိတွင် စမ်းသပ်စိုက်ပျိုးနေခြင်းဖြစ်ကြောင်း သိရသည်။

**မျိုးဝင်းထွန်း(မုံရွာ)**

# သဘင်အစည်းအရုံးဝင်များ တွေ့ဆုံဆွေးနွေး

**တာချီလိတ် အောက်တိုဘာ ၂၅**

မြန်မာနိုင်ငံ သဘင်အစည်းအရုံးဥက္ကဋ္ဌ မြို့ရွှေမန်းသားဖိုးချစ်နှင့် တာချီလိတ်မြို့နယ် သဘင်အစည်းအရုံးဝင်များ တွေ့ဆုံဆွေးနွေးပွဲကို အောက်တိုဘာ ၂၅ ရက် မွန်းလွဲပိုင်းက တာချီလိတ်မြို့ ရှမ်းရိုးမကွင်း ကဇာတ်ရုံ၌ ကျင်းပရာ ရှေးဦးစွာ တာချီလိတ်မြို့နယ် သဘင်အစည်းအရုံးဝင် မျိုးဆက်သစ် လူငယ်လေးများက "အမျိုးသားရေးအတွက် သဘင်" တေးသီချင်းဖြင့် တင်ဆက်ဖျော်ဖြေကြသည်။

ထို့နောက် မြန်မာနိုင်ငံ သဘင်ပညာရှင်များအစည်းအရုံးဥက္ကဋ္ဌ ဦးဖိုးချစ်က သဘင်အစည်းအရုံး၏ လုပ်ငန်းဆောင်ရွက်ချက်များ၊ သဘင်အနုပညာရှင်များ လိုက်နာဆောင်ရွက်ရမည့်အချက်များ၊ သဘင်အစည်းအရုံးနှင့် သဘင်အနုပညာရှင်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်အကောင်အထည်ဖော်လျက်ရှိသည့် ရှေ့လုပ်ငန်းစဉ်များကို အကျယ်တဝင့် ရှင်းလင်းပြောကြားပြီး တာချီလိတ်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးမင်းအောင်က မှတ်တမ်းတင်စကားပြောကြားသည်။

ဆက်လက်ပြီး တာချီလိတ်မြို့နယ် သဘင်အစည်းအရုံးဥက္ကဋ္ဌ ဦးခင်မောင်မြင့်နှင့် အဖွဲ့ဝင်များက လုပ်ငန်းဆောင်ရွက်ရာတွင် တွေ့ကြုံရသည့် အားသာချက်၊ အားနည်းချက်နှင့် လိုအပ်ချက်များအား တင်ပြဆွေးနွေးရာ မြန်မာနိုင်ငံသဘင်အစည်းအရုံးဥက္ကဋ္ဌက ပြန်လည်ရှင်းလင်းဖြည့်ဆည်းဆောင်ရွက်ပေးသည်။ ယင်းနောက် တာချီလိတ်မြို့နယ် သဘင်အစည်းအရုံးဝင် မျိုးဆက်သစ်လူငယ်လေးများက ရိုးမဖိတ်ခေါ်သံ တေးသီချင်းဖြင့် ကပြဖျော်ဖြေကာ မြန်မာနိုင်ငံသဘင်အစည်းအရုံးဥက္ကဋ္ဌအား ဝါကျွတ်ဂါရဝပြုကြပြီး မြို့ရွှေမန်းသားဖိုးချစ်ဇာတ်သဘင်အဖွဲ့က တာချီလိတ်မြို့နယ် သဘင်အစည်းအရုံးအတွက် ရန်ပုံငွေကျပ် ၁၀ သိန်း ပေးအပ်လှူဒါန်းခဲ့သည်။

**မောင်ယဉ်ကျေး**

# ရန်ကုန်၌ အာရှ ယူ-၁၉ အမျိုးသမီးခြေစစ်ပွဲ ဆက်လက်ကျင်းပ

**ရန်ကုန် အောက်တိုဘာ ၂၅**

၂၀၁၉ အာရှ ယူ-၁၉ အမျိုးသမီးခြေစစ်ပွဲ အုပ်စု(စ) ဒုတိယနေ့ကို အောက်တိုဘာ ၂၆ ရက် ညနေ ၆ နာရီတွင် ရန်ကုန်မြို့ရှိ သုဝဏ္ဏကွင်း၌ ဆက်လက်ကျင်းပမည်ဖြစ်ပြီး အိမ်ရှင်မြန်မာ ယူ-၁၉ အမျိုးသမီးအသင်းနှင့် လာအို ယူ-၁၉ အမျိုးသမီးအသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ ယင်းခြေစစ်ပွဲ အုပ်စုပွဲများကို မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပနေခြင်းဖြစ်ပြီး ကျန်အုပ်စုပွဲများကိုလည်း တစ်ပြိုင်နက် ကျင်းပလျက်ရှိသည်။

ပထမအဆင့် ခြေစစ်ပွဲတွင် အုပ်စုခြောက်ခုကို တစ်ရက်တည်း ကျင်းပလျက်ရှိပြီး ငါးသင်းတစ်အုပ်စု၊ လေးသင်းလေးအုပ်စုနှင့် သုံးသင်းတစ်အုပ်စု ပါဝင်နေသည်။ မြန်မာအသင်းပါဝင်သည့် အုပ်စုတွင် သုံးသင်းသာ ပါဝင်သောကြောင့် မြန်မာအသင်းသည် အုပ်စုဒုတိယနေ့မှသာ ပထမပွဲ ယှဉ်ပြိုင်ရခြင်းဖြစ်ပြီး ပြိုင်ဘက်အသင်းများ အနေအထားအရ ဒုတိယအဆင့်ခြေစစ်ပွဲသို့ တက်ရောက်ရန် အခွင့်အရေးများနေသည်။ မြန်မာ ယူ-၁၉ အမျိုးသမီးအသင်း၏ အနေအထားမှာ လာအိုအသင်းထက် များစွာသာလွန်နေသောကြောင့် အမှတ်ပြည့်ရယူနိုင်မည်ဖြစ်ပြီး ဂိုးပြတ်သွင်းယူနိုင်ခြင်းရှိ မရှိသာ စောင့်ကြည့်ရမည်ဖြစ်သည်။ မြန်မာ ယူ-၁၉ အမျိုးသမီးအသင်းသည် ယနေ့ပွဲအနိုင်ရပါက နောက်တစ်ဆင့် တက်ရောက်ခွင့်ရရန် အခွင့်အရေးကောင်းသွားမည်ဖြစ်ပြီး အနိုင်ရလဒ်အပြင် ဂိုးပြတ်သွင်းယူနိုင်ရန်လည်း လိုအပ်နေသည်။ လာအိုအသင်းသည် ပထမပွဲအဖြစ် အောက်တိုဘာ ၂၄ ရက်က အီရန်အသင်းနှင့် ယှဉ်ပြိုင်ကစားရာ လေးဂိုး-တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့သည်။ ထို့ကြောင့် ယနေ့ပွဲမှာ လာအိုအသင်းအတွက် အရေးပါနေပြီး ရှုံးပွဲထပ်မံကြုံတွေ့ပါက ခြေစစ်ပွဲ အောင်မြင်ခွင့်ဆုံးရှုံးမည်ဖြစ်သည်။

**ရှိုင်းထက်ဇော်**

# ဖယ်ခုံမြို့နယ်တွင် ရဲတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့က ဘိန်းခင်း ၂၇ ဧက ဖျက်ဆီး

**ဖယ်ခုံ အောက်တိုဘာ ၂၅**

ရှမ်းပြည်နယ် ဖယ်ခုံမြို့နယ် မြို့နယ်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် အောက်တိုဘာ ၂၄ ရက် နံနက် ၉ နာရီမှ ညနေ ၄ နာရီအထိ ကုန်းငူကျေးရွာ၊ ဆိုင်ခွန်ကျေးရွာနှင့် ကဟန့်ကျေးရွာအနီးရှိ အမြင့် နှစ်ပေခန့် ဘိန်းခင်း ၂၇ ဧကအား ဖျက်ဆီးရှင်းလင်းခဲ့ကြောင်း သိရသည်။

**ရဲပြန်ကြား**

■



# ဂျပန်ဝန်ကြီးချုပ် မြို့တော်ပေကျင်းသို့ ရောက်ရှိ



**ပေကျင်း အောက်တိုဘာ ၂၅**

ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေးသည် တရုတ်နိုင်ငံသို့ သွားရောက်သည့် သုံးရက်ကြာခရီးစဉ်အဖြစ် ပေကျင်းမြို့သို့ အောက်တိုဘာ ၂၅ ရက်တွင် ရောက်ရှိလာကြောင်း၊ ဂျပန်ခေါင်းဆောင်တစ်ဦးအနေဖြင့် တရုတ်နိုင်ငံသို့ ခုနစ်နှစ်တာကာလအတွင်း ပထမဦးဆုံး လာရောက်ခဲ့ခြင်းဖြစ်ကြောင်း ဒေသဆိုင်ရာသတင်းဌာနများက သတင်းထုတ်ပြန်သည်။

တရုတ်ဝန်ကြီးချုပ် လီခချန်း၊ တရုတ်သမ္မတ ရှီကျင့်ဖျင်တို့အား ဝန်ကြီးချုပ်အာဘေးက အောက်တိုဘာ ၂၆ ရက်တွင် တွေ့ဆုံကာ ဆွေးနွေးမှုများပြုလုပ်သွားရန် စီစဉ်ထားသည်။

ကိုရီးယားကျွန်းဆွယ် နျူကလီးယားလက်နက် ဖျက်သိမ်းရေး၊ မြောက်ကိုရီးယား၏ အတင်းအဓမ္မပြန်ပေးဆွဲ ခေါ်ဆောင်သွားခြင်းခံခဲ့ရသော ဂျပန်နိုင်ငံသားများအရေးတို့နှင့် ပတ်သက်၍ ဆွေးနွေးမည်ဖြစ်ပြီး တရုတ်နိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်မှုကို ထပ်လောင်းအတည်ပြုလိုကြောင်း တိုကျိုမြို့မှ မထွက်ခွာမီ သတင်းထောက်များကို ဝန်ကြီးချုပ်အာဘေးက ပြောကြားသည်။ ၁၉၇၀ နှင့် ၁၉၈၀ ပြည့်လွန်နှစ်ကာလများအတွင်း မြောက်ကိုရီးယားထောက်လှမ်းရေးအဖွဲ့၏ ပြန်ပေးဆွဲမှုကိုခံခဲ့ရသော ဂျပန်နိုင်ငံသား ၁၇ ဦးထက်မနည်း ရှိသည်ဟု ဂျပန်အစိုးရက လက်ခံထားပြီး ၎င်းတို့အနက် ငါးဦးသာ ဂျပန်နိုင်ငံသို့ ပြန်လာနိုင်ခဲ့သည်။

လွတ်လပ်မျှတသော ကုန်သွယ်ရေးကို မြှင့်တင်ရန်လည်းကောင်း၊ အရှေ့တရုတ်ပင်လယ်အတွင်း ငြိမ်းချမ်းရေးနှင့် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရန်လည်းကောင်း မိမိတို့နှစ်နိုင်ငံအကြား ဆွေးနွေးလိုကြောင်း ဝန်ကြီးချုပ်အာဘေးက ပြောကြားသည်။

**အင်န်အိတ်ချ်ကေ**

## ဥရောပရှိ အမေရိကန်ထောက်ခံနိုင်ငံများအား သမ္မတပူတင် သတိပေး



**မော်စကို အောက်တိုဘာ ၂၅**

ရုရှားသမ္မတ ဗလာဒီမာပူတင်က ဥရောပရှိ အမေရိကန်ထောက်ခံနိုင်ငံများအား ၎င်းတို့အနေဖြင့် အမေရိကန်၏ ဒုံးလက်နက်များ တပ်ဖြန့်ထားရှိမှုကို လက်ခံသဘောတူမည်ဆိုပါက မော်စကို၏ လေကြောင်းတိုက်ခိုက်မှုကိုပါ ပြင်ဆင်ထားရန်လိုအပ်ကြောင်း သတိပေးပြောကြားခဲ့သည်။

သမ္မတ ပူတင်က အောက်တိုဘာ ၂၄ ရက်တွင် မော်စကိုမြို့၌ အီတလီဝန်ကြီးချုပ် ဂျီဆက်စ်ပီကွန်တေးနှင့် တွေ့ဆုံပြီးနောက် အထက်ပါကိစ္စနှင့် ပတ်သက်ပြီး မီဒီယာသို့ ပြောကြားခဲ့ခြင်းဖြစ်သည်။

အမေရိကန်ပြည်ထောင်စုအနေဖြင့် တာလတ်ပစ်နျူကလီးယား ဒုံးလက်နက်ပစ်ခတ်မှုတားဆီးရေးစာချုပ်မှ ထွက်မည်ဆိုပါက ဥရောပနိုင်ငံများအပေါ် သက်ရောက်မည့် အကျိုးရလဒ်ကို မီဒီယာက သမ္မတပူတင်အား မေးမြန်းခဲ့သည်။

အမေရိကန်အနေဖြင့် ၎င်းအားဆန့်ကျင်သည့် ဥရောပနိုင်ငံများသို့ ဒုံးကျည်များပစ်ခတ်လာမည်ဆိုပါက မော်စကိုအနေဖြင့်လည်း တန်ပြန်ပစ်ခတ်ရမည်ဖြစ်သည်ဟု မီဒီယာ၏မေးမြန်းချက်ကို သမ္မတပူတင်က ပြန်လည်ဖြေကြားခဲ့ကြောင်း သိရသည်။

ထို့ပြင် သမ္မတ ပူတင်က အမေရိကန်၏ဒုံးလက်နက်များ တပ်ဖြန့်ထားရှိမှုကို သဘောတူသည့် ဥရောပနိုင်ငံများအနေဖြင့် ၎င်းတို့သည် အချိန်မရွေး လေကြောင်းတိုက်ခိုက်မှုအန္တရာယ်နှင့် ရင်ဆိုင်ရနိုင်ဖွယ်ရှိသည်ကို နှလုံးသွင်းထားရန်လိုအပ်သည်ဟု ပြောကြားခဲ့သည်။

**အင်န်အိတ်ချ်ကေ**

## နိုင်ငံတစ်ဝန်းလုံးရှိ ရထားသံလမ်း ဇရိယာတစ်လျှောက်၌ ခြံစည်းရိုးကာရံရန် အိန္ဒိယရထားလုပ်ငန်းစီစဉ်



**နယူးဒေလီ အောက်တိုဘာ ၂၅**

အိန္ဒိယနိုင်ငံတစ်ဝန်းလုံးရှိ ရထားလမ်းဇရိယာတစ်လျှောက်တွင် ခြံစည်းရိုးကာရံသွားရန် နိုင်ငံပိုင်ရထားလုပ်ငန်းက စီစဉ်ထားကြောင်း၊ ယင်းမှာ ရထားလမ်းဇရိယာအတွင်းသို့ ပြည်သူများ တရားမဝင်ဝင်ရောက်ခြင်းမှ ကာကွယ်တားဆီးနိုင်ရန်ဖြစ်ကြောင်း အိန္ဒိယရထားလုပ်ငန်း တာဝန်ရှိသူတစ်ဦးက အောက်တိုဘာ ၂၄ ရက်တွင် ပြောကြားသည်။

အိန္ဒိယနိုင်ငံမြောက်ပိုင်း ပန်ဂျပ်ပြည်နယ် အမ်ရစ်ဆာမြို့တွင် အောက်တိုဘာ ၁၉ ရက်က ရထားသံလမ်းပေါ်တွင် စုဝေးနေကြသည့် လူအုပ်စုကြီးအတွင်းသို့ ရထားတစ်စင်းက အရှိန်ပြင်းစွာ ဝင်တိုက်မိရာ လူပေါင်း ၆၁ ဦးအထိ သေဆုံးခဲ့သည့်ဖြစ်ရပ်အပြီးတွင် အိန္ဒိယရထားရဲတပ်ဖွဲ့၏ အကြံပြုချက်အရ ယင်းသို့ စီစဉ်ခြင်းဖြစ်သည်။ အမ်ရစ်ဆာမြို့ရှိ ရထားလမ်းပေါ်တွင် ပြည်သူများစုဝေးကာ ဟိန္ဒူဘာသာရေးပွဲတော်ကျင်းပမှုကို စောင့်ကြည့်နေကြစဉ် ယင်းဖြစ်ရပ်ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

၂၀၁၅ ခုနှစ်မှ ၂၀၁၇ ခုနှစ်အထိ ကာလအတွင်း အိန္ဒိယနိုင်ငံတွင် ရထားသံလမ်းဖြတ်ကူးမှုများ၌ ရထားတိုက်မှုများကြောင့် လူပေါင်း ၅၀၀၀၀ သေဆုံးခဲ့ရကြောင်း အိန္ဒိယရထားလုပ်ငန်းမှ ထုတ်ပြန်သည့်ကိန်းဂဏန်းများအရ သိရသည်။

မည်သူမဆို ရထားလမ်းအတွင်းသို့ ဝင်ရောက်ခဲ့ပါက ၎င်းကို ကျူးကျော်ဝင်ရောက်သူအဖြစ် အိန္ဒိယရထားရဲတပ်ဖွဲ့က ဒဏ်ငွေများ ချမှတ်နိုင်ကြောင်း၊ သို့သော် ရထားလမ်းဇရိယာအတွင်း ခြံစည်းရိုးကာရံပါက ရထားလမ်းများပေါ်တွင် လူသေဆုံးမှုများကို အဆုံးသတ်စေနိုင်ကြောင်း အဆိုပါ တာဝန်ရှိသူက ပြောကြားသည်။

အိန္ဒိယ ရထားလုပ်ငန်းသည် ကမ္ဘာပေါ်တွင် အကြီးမားဆုံးသော ရထားလမ်းကွန်ရက်တစ်ခု ဖြစ်ပြီး နိုင်ငံ၏ မြောက်ပိုင်းမှ တောင်ပိုင်းအထိ ဆက်သွယ်ထားသည့် ရထားလမ်းများတွင် နေ့စဉ် ရထားစင်းရေ ၉၀၀၀ ကျော် ခုတ်မောင်းပြေးဆွဲနေပြီး ခရီးသည်ဦးရေ ၂၃ သန်းနီးပါးကို နေ့စဉ် သယ်ယူပို့ဆောင်ပေးနေသည်။

အလွန်ကြီးမားသော အများပြည်သူဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းကြီးဖြစ်သည့် အိန္ဒိယရထားလုပ်ငန်းသည် လုပ်သားဦးရေ ၁ ဒသမ ၃ သန်းခန့်ရှိကာ ကမ္ဘာပေါ်တွင် အလုပ်သမားအင်အားသတ္တမမြောက် အကြီးမားဆုံးလုပ်ငန်းလည်း ဖြစ်သည်။

အိန္ဒိယရထားလမ်းစနစ်များ ခေတ်မီရေးနှင့်တိုးချဲ့ရေးအတွက် အမေရိကန်ဒေါ်လာ ၁၃၇ ဘီလီယံအကုန်အကျခံဆောင်ရွက်မည့် ငါးနှစ်စီမံကိန်းကိုဆောင်ရွက်မည်ဟု အိန္ဒိယအစိုးရက ၂၀၁၅ ခုနှစ်အတွင်းက ကတိပြုခဲ့သည်။

**ဆင်ဟွာ**

## နှစ်နိုင်ငံ ပိုင်နက်နယ်မြေ အငြင်းပွားမှု ဖြေရှင်းနိုင်လျှင် ရုရှားနှင့် ငြိမ်းချမ်းရေးစာချုပ် ချုပ်ဆိုနိုင်လိမ့်မည်ဟု ဂျပန်ပြော

**တိုကျို အောက်တိုဘာ ၂၅**

နှစ်နိုင်ငံ ပိုင်နက်နယ်မြေ အငြင်းပွားမှုပြဿနာ ဖြေရှင်းနိုင်မှုအပေါ် အခြေခံ၍ ရုရှားနိုင်ငံနှင့် ငြိမ်းချမ်းရေးစာချုပ်တစ်ရပ် ချုပ်ဆိုသွားမည်ဖြစ်ကြောင်း ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေးက အောက်တိုဘာ ၂၄ ရက်က ပြုလုပ်သော လွှတ်တော်အစည်းအဝေး ဖွင့်ပွဲအခမ်းအနားတွင် ပြောကြားလိုက်သည်။

မိမိ၏ နိုင်ငံသည် ရုရှားနိုင်ငံနှင့် ဆက်ဆံရေးကောင်းမွန်သည့် ပုံမှန်အနေအထားတွင်ရှိနေကြောင်း၊ မိမိတို့နှစ်နိုင်ငံသည် နှစ်ပေါင်း ၇၀ ကျော်မျှ ငြိမ်းချမ်းရေးစာချုပ်တစ်ရပ်ကို ချုပ်ဆိုနိုင်ခဲ့ခြင်းမရှိကြောင်း၊ ၂၀၁၆ ခုနှစ် ဒီဇင်ဘာလက ဂျပန်နိုင်ငံသို့ ရုရှားသမ္မတ ဗလာဒီမာပူတင်လာရောက်စဉ်အတွင်း ရရှိခဲ့သော သဘောတူညီချက်များကို မိမိတို့ တဖြည်းဖြည်း အကောင်အထည်ဖော်လျက်ရှိကြောင်း ဝန်ကြီးချုပ် အာဘေးက ပြောကြားသည်။

ရုရှားသမ္မတ ဗလာဒီမာပူတင်နှင့် အပြန်အလှန် ယုံကြည်မှု တည်ဆောက်နိုင်မှုအပေါ်အခြေခံ၍ နှစ်နိုင်ငံပိုင်နက်နယ်မြေ အငြင်းပွားမှုပြဿနာကို ဖြေရှင်းနိုင်မည်ဖြစ်ကာ ယင်းနိုင်ငံနှင့် ငြိမ်းချမ်းရေးစာချုပ်တစ်ရပ်ကို လက်မှတ်ရေးထိုးနိုင်မည်ဖြစ်ကြောင်း ဝန်ကြီးချုပ် အာဘေးက ပြောကြားသည်။

ဂျပန်နိုင်ငံသည် ကြိုတင်စည်းကမ်းသတ်မှတ်ချက်များ မထားရှိဘဲ ယခုနှစ်ကုန်မတိုင်မီမှာပင် ငြိမ်းချမ်းရေးစာချုပ်ကို လက်မှတ်ထိုးသင့်သည်ဟု သမ္မတပူတင်က စက်တင်ဘာလအတွင်းက ကျင်းပသည့် အရှေ့ဖျားဒေသ စီးပွားရေးဖိုရမ်ဆွေးနွေးပွဲ ကာလအတွင်း အကြံပြုတိုက်တွန်းခဲ့ကြောင်း သတင်းတွင်ဖော်ပြသည်။

ဒုတိယကမ္ဘာစစ်၏ အကျိုးဆက်အဖြစ် ကျွန်းများပိုင်ဆိုင်မှု ဖြစ်ပေါ်ခဲ့ရပြီး နှစ်နိုင်ငံအကြား ငြိမ်းချမ်းရေးစာချုပ်တစ်ရပ် လက်မှတ်ရေးထိုးနိုင်ရေးအတွက် အခါအားလျော်စွာ ဆွေးနွေးမှုများ ပြုလုပ်ခဲ့ကြသော်လည်း အပြီးသတ်စာချုပ် ချုပ်ဆိုနိုင်ခြင်း မရှိခဲ့ပေ။

**အေအက်ဖ်ပီ**

# တောင်သူဦးကြီးများသို့ အသိပေးကြေညာချက်

၁။ နိုင်ငံတော်အစိုးရ၏ မူဝါဒများနှင့်အညီ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းအတွက် လိုအပ်သော စိုက်ပျိုးစရိတ်ချေးငွေများကို တောင်သူလယ်သမားဦးကြီးများသို့ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ တစ်ဆင့် ရာသီအလိုက်ထုတ်ချေးလျက်ရှိရာ ယခုအစိုးရသစ်လက်ထက်တွင် တစ်ဧကချေးငွေ နှုန်းထားများကို အောက်ပါအတိုင်း တိုးမြှင့်ထုတ်ချေးခဲ့ပြီး ၂၀၁၈-၂၀၁၉ ခုနှစ်တွင်လည်း အခြားသီးနှံ တစ်ဧက နှုန်းထားကို ကျပ် ၅၀၀၀၀/-မှ ကျပ် ၁၀၀၀၀၀/-သို့ တိုးမြှင့်ထုတ်ချေးသွားမည် ဖြစ်ပါသည်-

| စဉ် | ဘဏ္ဍာရေးနှစ် | သီးနှံအမျိုးအစား | တစ်ဧကချေးငွေနှုန်းထား(ကျပ်) |
|---|---|---|---|
| (က) | ၂၀၁၆-၂၀၁၇ | စပါး | ကျပ် ၁၀၀၀၀၀ မှ ၁၅၀၀၀၀ |
| (ခ) | ၂၀၁၇-၂၀၁၈ | အခြားသီးနှံ | ကျပ် ၂၀၀၀၀ မှ ၅၀၀၀၀ |
| (ဂ) | ၂၀၁၈-၂၀၁၉ | အခြားသီးနှံ | ကျပ် ၅၀၀၀၀ မှ ၁၀၀၀၀၀ |

၂။ ၂၀၁၈-၂၀၁၉ ခုနှစ်၊ စိုက်ပျိုးစရိတ်ချေးငွေများ ထုတ်ချေးရာတွင် ယခင်နှစ် ၂၀၁၈ မိုးချေးငွေ ထုတ်ချေးသကဲ့သို့ပင် **"တောင်သူတစ်ဦးချင်း ၎င်းတို့ပိုင်ဆိုင်သော လယ်ယာမြေလုပ်ပိုင်ခွင့်ပြု လက်မှတ် (ပုံစံ-၇)မူရင်းကို ဘဏ်သို့ အပေါင်အဖြစ်ပေးအပ်၍ တောင်သူတစ်ဦးချင်း ကိုယ်တိုင်အာမခံသောစနစ်"** ဖြင့် လွယ်ကူရှင်းလင်းစွာ ထုတ်ချေးပေးသွားမည်ဖြစ်ပါသည်။

၃။ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်အတွင်း စိုက်ပျိုးစရိတ်ချေးငွေများကို အောက်ပါအတိုင်း ထုတ်ချေးပေးမည်ဖြစ်ပါသည်-

| | | | |
|---|---|---|---|
| (က) | ၂၀၁၈ ခုနှစ် ဆောင်းချေးငွေ | ၂၀၁၈ ခုနှစ် | **အောက်တိုဘာလ (၂၆) ရက်နေ့မှ ဒီဇင်ဘာလကုန်အထိ** |
| (ခ) | ၂၀၁၉ ခုနှစ် မိုးကြိုချေးငွေ | ၂၀၁၉ ခုနှစ် | **ဇန်နဝါရီလ (၁) ရက်နေ့မှ မတ်လကုန်အထိ** |
| (ဂ) | ၂၀၁၉ ခုနှစ် မိုးချေးငွေ | ၂၀၁၉ ခုနှစ် | **မေလ (၂) ရက်နေ့မှ စက်တင်ဘာလကုန်အထိ** |

၄။ သို့ပါ၍ ရာသီအလိုက် စိုက်ပျိုးစရိတ်ချေးငွေများ အချိန်မီရရှိနိုင်ရေးအတွက် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်၊ မြို့နယ်ဘဏ်ခွဲများနှင့် ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် အသိပေးကြေညာအပ်ပါသည်။

**စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန**

# ကော့သောင်းမြို့နယ်၌ လက်နက်ခဲယမ်းများနှင့် မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

**နေပြည်တော် အောက်တိုဘာ ၂၅**
မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့သည် မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးလုပ်ငန်းများ အရှိန်မြှင့်ဆောင်ရွက်လျက်ရှိရာ ကော့သောင်းမြို့နယ်၌ လက်နက်ခဲယမ်းများနှင့် မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိခဲ့သည်။

ဖြစ်စဉ်မှာ အောက်တိုဘာ ၂၄ ရက် မွန်းတည့် ၁၂ နာရီတွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့စု ၃၄ (ကော့သောင်း)မှ တပ်ဖွဲ့ဝင်များနှင့် မာရမ်းနယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ကော့သောင်းမြို့နယ် ခမောက်ကြီးမြို့ ဖော့သုတ်ကျေးရွာရှိ နိုင်အေကဖွန်(ခ) နိုင်အက် ၃၈ နှစ်(ထိုင်း)၏နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းအား နေအိမ်တွင်တွေ့ရှိပြီး အိပ်ခန်းအတွင်းမှ အိုက်စ် ၈၇၄ ဒသမ ၈ ဂရမ်၊ စိတ်ကြွရူးသွပ်ဆေးပြား ၁၄၀၀၊ ဆေးခြောက် ၂၇၄ ဂရမ်၊ ပွိုင့် ၂၂ ပြောင်းရှည်သေနတ် တစ်လက်၊ ၎င်းကျည်ကတ် တစ်ခု၊ ကျည် ၃၉ တောင့်၊ ပစ္စတိုသေနတ် တစ်လက်၊ ၎င်းကျည်ကတ် တစ်ခု၊ ၉ မမကျည် အတောင့် ၇၀၊ ဂရမ်ချိန်စက် တစ်လုံးတို့ကို ရှာဖွေသိမ်းဆည်းရမိခဲ့သည်။

ဆက်လက်၍ ပူးပေါင်းအဖွဲ့သည် ခမောက်ကြီးမြို့ ဖော့သုတ်ကျေးရွာ ဘုန်းကြီးကျောင်းလမ်းနေ နိုင်ချွတ် ၄၅ နှစ်(ထိုင်း)၏နေအိမ်အား ဝင်ရောက်ရှာဖွေရာ နေအိမ်ရှေ့တွင် ၎င်းကျေးရွာနေ ကြေးရစပ် ၃၈ နှစ်(ထိုင်း)အား တွေ့ရှိ၍ ရှာဖွေရာ လွယ်အိတ်အတွင်းမှ အိုက်စ် ၄ ဒသမ ၃ ဂရမ်ကို တွေ့ရှိသိမ်းဆည်းရမိခဲ့သည်။ ၎င်း၏နေအိမ်အတွင်း ဆက်လက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၄၄၈၀၊ အိုက်စ် ၅၀၀ ဂရမ်ခန့် ကိုလည်းကောင်း၊ ပွိုင့် ၃၈ ခြောက်လုံးပြူးသေနတ် တစ်လက်၊ ၎င်းကျည် ၁၅ တောင့်၊ ပွိုင့် ၃၂ ခြောက်လုံးပြူးသေနတ် တစ်လက်တို့ကို လည်းကောင်း၊ ဖော့သုတ်ကျေးရွာ ခမောက်ကြီးမြို့နေ မိုးဇော်ဦး(၄၂)နှစ်၏နေအိမ်အား ဝင်ရောက်ရှာဖွေရာ နေအိမ်တွင် ၎င်းအားတွေ့ရှိပြီး စိတ်ကြွရူးသွပ်ဆေးပြား ၁၅ ပြား၊ အိုက်စ် သုည ဒသမ ၅ ဂရမ်ခန့်နှင့် မူးယစ်ဆေးဝါးသုံးစွဲသည့် ကိရိယာများကို လည်းကောင်း၊ ဖော့သုတ်ကျေးရွာအဝင် လမ်းတွင်စောင့်ဆိုင်းနေစဉ် အဆိုပါကျေးရွာနေ စိုးပြည့်ကျော် မောင်းနှင်လာ သည့်ဆိုင်ကယ်အား ရပ်တန့်ရှာဖွေရာ ၎င်းထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၃၄ ပြားနှင့် အိုက်စ် သုည ဒသမ ၁ ဂရမ်ခန့်တို့ကို တွေ့ရှိသိမ်းဆည်းရမိခဲ့ပြီး စုစုပေါင်း စိတ်ကြွရူးသွပ်ဆေးပြား ၅၉၂၉ ပြား (ဒေသကာလပေါက်ဈေးတန်ဖိုးငွေကျပ် ၁၇၇ ဒသမ ၈၇ သိန်း)၊ အိုက်စ် (မက်သာဖက်တမင်း) ၁၃၇၉ ဒသမ ၇ ဂရမ်ခန့် (ဒေသကာလပေါက်ဈေးတန်ဖိုးငွေကျပ် ၂၇၅ ဒသမ ၉၄ သိန်း)၊ ဆေးခြောက် ၂၇၄ ဂရမ် (ဒေသကာလပေါက်ဈေးတန်ဖိုးငွေကျပ် ၇၄၁၀၀)နှင့် သေနတ် လေးလက်တို့ကို လည်းကောင်း သိမ်းဆည်းရမိခဲ့သည်။


နိုင်အေကဖွန်၊ ကြေးရစပ်၊ နိုင်ချွတ်၊ မိုးဇော်ဦးနှင့် စိုးပြည့်ကျော်တို့အား သိမ်းဆည်းရမိသည့် လက်နက်ခဲယမ်းများ၊ မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

သို့ဖြစ်၍ နိုင်အေကဖွန်၊ ကြေးရစပ်၊ နိုင်ချွတ်၊ မိုးဇော်ဦးနှင့် စိုးပြည့်ကျော်တို့အား သက်ဆိုင်ရာရဲစခန်းတွင် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေဖြင့် အသီးသီးအမှုဖွင့်အရေးယူပြီး ကွင်းဆက်များ ဖော်ထုတ်စစ်ဆေးလျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

# တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေး ဆောင်ရွက်လျက်ရှိ

**နေပြည်တော် အောက်တိုဘာ ၂၅**
တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့်မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး အောက်တိုဘာ ၂၄ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီး တစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၄၂၂ စီး၊ သွင်းကုန် ၄၆၉ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီး တစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၁၀ စီး၊ သွင်းကုန် ၄၃ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

ထူးခြားဖမ်းဆီးမှုအနေဖြင့် အောက်တိုဘာ ၂၃ ရက်တွင် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်စဉ် Hilux ယာဉ်တစ်စီးအား စစ်ဆေးခဲ့ရာ ယာဉ်ပေါ်တွင် တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် Orange Squash(750 ml)၊ Queen Brand (10 Pkgs) နှင့် M-150(150 ml)(9 Pkgs) (စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် သုည ဒသမ ၂၄၉ သန်း)ကို စစ်ဆေးတွေ့ရှိ၍ သိမ်းဆည်းခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# လေးမျက်နှာမြို့နယ်၌ အစာအဆိပ်သင့်၍ ၄၈ ဦး ဆေးကုသမှုခံယူ

**နေပြည်တော် အောက်တိုဘာ ၂၅**
ဧရာဝတီတိုင်းဒေသကြီး လေးမျက်နှာမြို့နယ် ညောင်ပင်ဝဲကျေးရွာအုပ်ချုပ်ရေးမှူး ဦးဟန်ဝင်းအောင်၏နေအိမ်၌ အောက်တိုဘာ ၂၃ ရက် ည ၁၀ နာရီက ဒေသခံပြည်သူများ စုပေါင်းလှူဒါန်းသည့် ခေါက်ဆွဲထုပ်များအား ပဲသီး၊ မုန်လာဥ၊ ဂေါ်ဖီထုပ်တို့နှင့် ကြော်လှော်၍ အောက်တိုဘာ ၂၄ ရက် နံနက် ၇ နာရီက အဆိုပါကျေးရွာရှိ ဓမ္မရာမဘုန်းကြီးကျောင်း၌ ဥပုသ်သည်၊ ဒေသခံပြည်သူ ၁၃၀ နှင့် ဦးဟန်ဝင်းအောင် နေအိမ်၌ ၃၀ စုစုပေါင်း ၁၆၀ တို့အား ကျွေးမွေးခဲ့ရာ ၄၈ ဦးမှာ မူးဝေအော့အန်သဖြင့် လေးမျက်နှာပြည်သူ့ဆေးရုံကြီးတွင် ဆေးကုသမှုခံခဲ့ကြောင်း သိရသည်။ **ရဲပြန်ကြား**

# ပြည်ကြီးတံခွန်မြို့နယ်တွင် မီးပုံးပျံပြုတ်ကျရာမှ မီးလောင်မှုဖြစ်ပွား၍ နေအိမ်ရှစ်လုံး မီးလောင်ဆုံးရှုံး

**နေပြည်တော် အောက်တိုဘာ ၂၅**
မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ် (ဆ)ရပ်ကွက် ရတနာလမ်းနှင့် မင်္ဂလာလမ်းကြား ၅၃×၅၄ လမ်းကြားရှိ ဒေါ်နီနီအောင်၏ နေအိမ်ပေါ်သို့ အောက်တိုဘာ ၂၄ ရက် ည ၇ နာရီ မိနစ် ၂၀ က မီးပုံးပျံပြုတ်ကျခဲ့ရာမှတစ်ဆင့် နေအိမ်ရှစ်လုံးသို့ မီးကူးစက်လောင်ကျွမ်းခဲ့ကြောင်း သိရသည်။ **ကိုရဲ**





လှိုင်သာယာမြို့နယ် စက်မှုဇုန် ၃ အထပ်သားစက်ရုံ၌ အောက်တိုဘာ ၂၅ ရက် ည ၉ နာရီ ၄၅ မိနစ်ခန့်က Level 4 အဆင့် မီးလောင်မှုဖြစ်ပွားရာ မီးသတ်တပ်ဖွဲ့ဝင်များ မီးငြိမ်းသတ်နေစဉ်။
မျိုးမင်းသိန်း(မရမ်းကုန်း)

# ဟုမ္မလင်းမြို့နယ်၌ မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

**နေပြည်တော် အောက်တိုဘာ ၂၅**
မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့စု(၉) ဟုမ္မလင်း(နောင်ပိုအောင်လှုပ်ရှား)မှ တပ်ဖွဲ့ဝင်များသည် အောက်တိုဘာ ၂၄ ရက် ညနေပိုင်းတွင် ဟုမ္မလင်းမြို့နယ် တောင်ကင်းကျေးရွာအုပ်စု မက္ကလပ်ကျေးရွာရှိ ဦးသိန်းထွန်း၏နေအိမ်အား ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၄ ပြားနှင့် ဘိန်းဖြူ ရှစ်ဂရမ် တို့အား တွေ့ရှိသိမ်းဆည်းရမိခဲ့သဖြင့် ဟုမ္မလင်းမြို့မရဲစခန်းက အမှုဖွင့်အရေးယူပြီး ကွင်းဆက်များဖော်ထုတ်စစ်ဆေးလျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

# လေသေနတ် တစ်လက်နှင့် ခဲသီးများ သိမ်းဆည်းရမိ

**နေပြည်တော် အောက်တိုဘာ ၂၅**
မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့ ၃ ရပ်ကွက် ကျောက်မီးကျောင်းလမ်း၌ အောက်တိုဘာ ၂၄ ရက် ညနေ ၅ နာရီခွဲက ခရိုင်ရဲတပ်ဖွဲ့မှူးရုံးမှ တပ်ဖွဲ့ဝင်များသည် လှည့်ကင်းဆောင်ရွက်နေစဉ် အဆိုပါရပ်ကွက်နေ အောင်ကိုဦးပါ နှစ်ဦးအား အရှည် သုံးပေ ငါးလက်မခန့်ရှိ နံပါတ်(၂)အမျိုးအစား လေသေနတ် တစ်လက်၊ ခဲသီး ၂၀၈ တောင့်တို့နှင့်အတူ ဖမ်းဆီးရမိခဲ့သဖြင့် ၎င်းတို့အား ပခုက္ကူမြို့မရဲစခန်းက အရေးယူထားကြောင်း သိရသည်။

**ရဲပြန်ကြား**

# ဆိပ်ဖြူမြို့နယ်၌ သံချေးတက် ဗုံးသီးဟောင်းတစ်လုံး တွေ့ရှိ

**နေပြည်တော် အောက်တိုဘာ ၂၅**
မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့နယ် ပင်းတလဲကျေးရွာ ရွှေဘုံသာဘုရားဝင်းအတွင်း၌ ၎င်းကျေးရွာနေ ဦးသန်းမြင့်အောင်သည် အောက်တိုဘာ ၂၄ ရက် ညနေ ၆ နာရီခွဲက ဇရပ်ပြုပြင်ရန် မြေကျင်းတူးနေစဉ် ဗုံးသီးဟောင်း တစ်လုံးတွေ့ရှိခဲ့ကြောင်း သတင်းအရ ဆိပ်ဖြူမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များက သက်သေများနှင့်အတူ သွားရောက်စစ်ဆေးခဲ့ရာ သံချေးတက်နေသည့် စနက်တံပါ ၃၆ ခွင်းဗုံးအဟောင်းတစ်လုံး တွေ့ရှိခဲ့သဖြင့် တာဝန်ရှိသူများထံ အပ်နှံခဲ့ကြောင်း သိရသည်။ **ရဲပြန်ကြား**

# နမ့်ဆန်မြို့နယ်၌ မိုင်းပေါက်ကွဲမှုဖြစ်ပွား၍ တစ်ဦး ဒဏ်ရာရ

**နေပြည်တော် အောက်တိုဘာ ၂၅**
ရှမ်းပြည်နယ် နမ့်ဆန်မြို့နယ် နမ့်ဆန်-လီလုမြေသားလမ်း ဟိုက်တန်းကျေးရွာအနီး၌ အောက်တိုဘာ ၂၄ ရက် နံနက် ၁၀ နာရီ မိနစ် ၅၀ က ဟိုက်တန်းကျေးရွာမှ သီပေါမြို့သို့ ဟိုက်တန်းကျေးရွာနေ ဦးရန်အောင် မောင်းနှင်ပြီး ဇနီးဖြစ်သူ ဒေါ်ခင်အုန်းကြည် လိုက်ပါလာသော ဆိုင်ကယ်သည် မိုင်းတစ်လုံးနင်းမိပေါက်ကွဲခဲ့သဖြင့် ဒေါ်ခင်အုန်းကြည်တွင် ဝဲခြေချင်းဝတ်မိုင်းစထိမှန်ပေါက်ကွဲဒဏ်ရာရရှိခဲ့ပြီး နမ့်ဆန်ပြည်သူ့ဆေးရုံကြီး၌ ဆေးကုသမှုခံယူနေကြောင်း သိရသည်။ **ရဲပြန်ကြား**

# ငါးထောင်ကျပ်တန်နှင့် တစ်သောင်းကျပ်တန် ငွေစက္ကူအတုများ ပြုလုပ်သုံးစွဲသူများအား ဖမ်းဆီးရမိ

**နေပြည်တော် အောက်တိုဘာ ၂၅**
ရှမ်းပြည်နယ် ရွှေညောင်မြို့ ရွှေဘုံသာရပ်ကွက်ရှိ ကုန်စုံဆိုင်တစ်ဆိုင်သို့ အောက်တိုဘာ ၂၄ ရက် မွန်းလွဲ ၂ နာရီ ၁၅ မိနစ်က အမျိုးသားနှစ်ဦး ဈေးဝယ်လာစဉ် ငါးထောင်တန် ငွေစက္ကူအတုတစ်ရွက် ပေးခဲ့ကြောင်း သတင်းအရ ရွှေညောင်နယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များက သွားရောက်စုံစမ်းခဲ့ရာ ငွေအတုဖြင့်ဈေးဝယ်ခဲ့သူမှာ ရွှေဘုံသာရပ်ကွက်နေ ကျော်သူ(ခ)အီစွတ် ဖြစ်ကြောင်းသိရှိရပြီး ၎င်းနေအိမ်အားရှာဖွေရာ ကျော်သူ(ခ)အီစွတ်နှင့် မိုးမြင့်မြတ်(ခ)ဂြိုလ်သားတို့နှစ်ဦးကို ငါးထောင်တန် ငွေစက္ကူအတု ငါးရွက်နှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

စစ်ဆေးချက်များအရ ငွေစက္ကူအတုများကို ခနသိဒ္ဓိရပ်ကွက်နေ မင်းထက်ကိုကို(ခ)နူးရ်မိုဟမ္မဒ် "မိဘဂုဏ်" ကွန်ပျူတာ၊ မိတ္တူနှင့် စာစီ၊ စာရိုက်လုပ်ငန်းလုပ်ကိုင်သူထံမှ ရရှိကြောင်း ပေါ်ပေါက်ခဲ့သဖြင့် အဆိုပါဆိုင်သို့ ထပ်မံဝင်ရောက်ရှာဖွေရာ တစ်သောင်းတန် ငွေစက္ကူအတုပြုလုပ်ဆဲ A4 စာရွက် တစ်ရွက်၊ ငွေစက္ကူအတုပြုလုပ်ရာတွင် အသုံးပြုသည့် ကွန်ပျူတာလက်တော့ပ် တစ်လုံးနှင့် အခြားဆက်စပ်ပစ္စည်းများ သိမ်းဆည်းရမိခဲ့သောကြောင့် ကျော်သူ(ခ)အီစွတ်ပါ သုံးဦးအား ရွှေညောင်နယ်မြေရဲစခန်းက စစ်ဆေးလျက်ရှိကြောင်း သိရသည်။



**ကိုရဲ**

# မြန်မာနိုင်ငံလူမွဲခံယူခြင်းဆိုင်ရာဥပဒေကြမ်း

**ပြည်သူများသိရှိလေ့လာအကြံပြုနိုင်ရေးအတွက် ဖော်ပြခြင်းဖြစ်ပါသည်။ အကြံပြုစာများကိုပြည်ထောင်စုလွှတ်တော်ရုံးသို့ လိပ်မူပေးပို့နိုင်ပါသည်။**

**ယမန်နေ့မှအဆက်**

(ဂ) ကြွေးမြီတစ်ခုခုနှင့်ပတ်သက်၍ ဤပုဒ်မအရ ပေးရမည့် အတိုးနှုန်းသည် စာရင်းရှင်းလင်းဖျက်သိမ်းခြင်းမှလွဲ၍ ယင်းကြွေးမြီအတွက် သတ်မှတ်သည့် အတိုးနှုန်းဖြစ်သည်။ ထိုသို့ သတ်မှတ်ချက်မရှိပါက နည်းဥပဒေတွင် သတ်မှတ်ထားသည့် အတိုးနှုန်းဖြစ်သည်။

**ကြွေးမြီအဆင့် သီးခြားသတ်မှတ်ခြင်း**

၁၉၈။ (က) ဤပုဒ်မပါ ကြွေးမြီအဆင့်သီးခြားသတ်မှတ်ခြင်း ဆိုသည်မှာ မြီရှင်နှင့် ကုမ္ပဏီတို့၏ သဘောတူညီချက်အရ ကုမ္ပဏီက ပေးဆပ်ရမည့် သတ်မှတ် ကြွေးမြီတစ်ရပ် သို့မဟုတ် ယင်းကြွေးမြီ၏ အစိတ်အပိုင်းတစ်ရပ်ရပ်ကို သတ်မှတ်အတိုင်းအတာတစ်ခုအထိ ပေးဆပ်ပြီးမှသာလျှင် အခြားသောကြွေးမြီတို့အား ပေးဆပ်စေခြင်းကို ဆိုသည်။

(ခ) ပုဒ်မခွဲ (က) အရ မြီရှင်တစ်ဦး၏ ကြွေးမြီအဆင့် သီးခြားသတ်မှတ်ခြင်းကြောင့် ထိုသဘောတူညီချက်တွင် ပါဝင်ခြင်းမရှိသည့် သို့မဟုတ် ထိုသဘောတူညီချက်နှင့် သက်ဆိုင်ခြင်းမရှိသည့် မြီရှင်အား နစ်နာခြင်းမဖြစ်စေသည့် အတိုင်းအတာမှတစ်ပါး ဤအပိုင်းတွင်ပါဝင်သည့် မည်သည့်ပြဋ္ဌာန်းချက်ကမျှ ထိုသို့ကြွေးမြီအဆင့် သီးခြားသတ်မှတ်ခြင်းကို ထိခိုက်စေခြင်းမရှိစေရ။

**အာမခံပဋိညာဉ်စာချုပ်များမှရရှိငွေများကို လျှောက်ထားခြင်း။**

၁၉၉။ (က) ကုမ္ပဏီသည် စာရင်းရှင်းလင်းဖျက်သိမ်းခြင်းမပြုမီ တတိယပုဂ္ဂိုလ်အတွက် သူတစ်ပါးထိခိုက်မှုအာမခံကို အာမခံကုမ္ပဏီနှင့် အာမခံစာချုပ် ချုပ်ဆိုခဲ့ပြီး နောက် ယင်းအာမခံပဋိညာဉ်စာချုပ်အရ ကုမ္ပဏီကဖြစ်စေ၊ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိကဖြစ်စေ၊ အာမခံကုမ္ပဏီမှပေးလျော်သည့် အာမခံကြေးကို လက်ခံရရှိပါက ထိုအာမခံကြေးကို ရရှိနိုင်ရန်အတွက် ကုန်ကျခဲ့သော ကုန်ကျစရိတ်ကို နုတ်ပယ်လျက် စာရင်းရှင်းလင်း ဖျက်သိမ်းရေးအရာရှိသည် အဆိုပါထိခိုက်နစ်နာသည့် တတိယပုဂ္ဂိုလ်ထံ ပေးဆပ်ရန်တာဝန်ရှိသည့် ပမာဏအား ပုဒ်မ ၁၉၆ ပါ အခြားကြွေးမြီများထက် ဦးစားပေး၍ ပေးချေရမည်။

(ခ) အာမခံကုမ္ပဏီက ကုမ္ပဏီသို့ ပေးရန်တာဝန်ရှိသော လျော်ကြေးပမာဏသည် ကုမ္ပဏီကထိခိုက်နစ်နာသည့် တတိယပုဂ္ဂိုလ်ထံပေးရန် တာဝန်ရှိသည့်ပမာဏထက် လျော့နည်းနေပါက ပုဒ်မခွဲ (က) ပါ ပြဋ္ဌာန်းချက်သည် ထိုတတိယပုဂ္ဂိုလ်မှရရန် ကျန်ရှိသည့်ငွေအား ရပိုင်ခွင့်အခွင့်အရေးကို ပိတ်ပင်ခြင်းမရှိစေရ။

**ကြွေးမြီနှင့်တောင်းဆိုမှုများကို စီရင်ခြင်း**

**သက်သေခံအထောက်အထားပြသရန်ခွင့်ပြုသည့် ကြွေးမြီ သို့မဟုတ် တောင်းဆိုမှုများ**

၂၀၀။ (က) စာရင်းရှင်းလင်းဖျက်သိမ်းမှုတိုင်းတွင် ကုမ္ပဏီစာရင်းရှင်းလင်းဖျက်သိမ်းမှု စတင်ခြင်းမပြုမီ ဖြစ်ပွားပေါ်ပေါက်ခဲ့သည့် အခြေအနေများနှင့် စပ်လျဉ်း၍ ကုမ္ပဏီကပေးဆပ်ရန်ရှိသည့် ကြွေးမြီများနှင့် တောင်းဆိုမှုများသည် လက်ရှိ သို့မဟုတ် အနာဂတ်အတွက်ဖြစ်သည်၊ တိကျသေချာမှုရှိသည် မရှိသည်၊ စုံစမ်းပေါ်ပေါက်သည် သို့မဟုတ် နစ်နာကြေးအတွက် ခိုင်လုံသော အနေအထားရှိသည် စသည်တို့ကို သက်သေခံအထောက်အထားအဖြစ် တင်ပြရန် ခွင့်ပြုနိုင်သည်။

(ခ) ကုမ္ပဏီကပေးရန်ရှိသည့် ကြွေးမြီများ သို့မဟုတ် ကုမ္ပဏီအပေါ်တောင်းဆိုမှုများသည် ကုမ္ပဏီစာရင်းရှင်းလင်းဖျက်သိမ်းခြင်းစတင်ချိန် သို့မဟုတ် စတင်ပြီးနောက်ပိုင်းမှ ပေါ်ပေါက်လျှင် ဖျက်သိမ်းမှုပြုနေသည့် ကုမ္ပဏီနှင့် ပတ်သက်၍ ကြွေးမြီ သို့မဟုတ် တောင်းဆိုမှုကို သက်သေခံအထောက်အထားအဖြစ် အောက်ပါအခြေအနေများတွင် တင်ပြခွင့်ပြုနိုင်သည်-

(၁) ပြန်လည်ထူထောင်ရေးဆောင်ရွက်ခဲ့သည့် အချိန် သို့မဟုတ် ကုမ္ပဏီသည် အပိုင်း(၅) သို့မဟုတ် အပိုင်း(၆) ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ပြန်လည်ထူထောင်ရေးအစီအစဉ်ကို ဆောင်ရွက်နေသည့်အချိန်တွင် အခြေအနေတစ်ရပ်ရပ်ပေါ်ပေါက်ခဲ့လျှင်၊ ထို့ပြင်

(၂) ကုမ္ပဏီအား စာရင်းရှင်းလင်းဖျက်သိမ်းစေရန် ဆုံးဖြတ်ချက်မချမီ သို့မဟုတ် တရားရုံးက ကုမ္ပဏီကိုစာရင်းရှင်းလင်းဖျက်သိမ်းစေသည့် အမိန့်ချမှတ်ခြင်းမပြုမီ တစ်ဆက်တည်းအချိန်တွင် ကုမ္ပဏီသည် ထိုပြန်လည်ထူထောင်ရေးကို ဆောင်ရွက်ခဲ့လျှင် သို့မဟုတ် ပြန်လည်ထူထောင်ရေး အစီအစဉ်ကို ဆောင်ရွက်နေဆဲဖြစ်လျှင်၊ ထို့ပြင်

(၃) ပြန်လည်ထူထောင်ရေးလုပ်ငန်းစဉ် ဆောင်ရွက်နေစဉ်အတွင်း ထိုတောင်းဆိုမှု သို့မဟုတ် တာဝန်ရှိမှုကို ပေးချေခဲ့ခြင်းမရှိလျှင်။

(ဂ) ကုမ္ပဏီတွင်ပါဝင်သူ သို့မဟုတ် ကြွေးမြီပေးဆပ်ရသူတို့က ကုမ္ပဏီသို့ပေးရန် တာဝန်ရှိသည့် ကြွေးမြီပမာဏအားလုံးကို ကုမ္ပဏီ သို့မဟုတ် စာရင်းရှင်းလင်း ဖျက်သိမ်းရေးအရာရှိထံသို့ ပေးချေခြင်းမပြုရသေးပါက ယင်းကြွေးမြီနှင့်ပတ်သက်ပြီး ကုမ္ပဏီကိုဆန့်ကျင်၍ သက်သေခံအထောက်အထား တင်ပြခွင့် မပြုနိုင်။

**ကြွေးမြီများ သို့မဟုတ် တောင်းဆိုမှုများနှင့်ပတ်သက်၍ သက်သေခံအထောက်အထား တင်ပြခြင်း**

၂၀၁။ (က) စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိက မြီရှင်များအားလုံး သို့မဟုတ် တစ်ဦးဦးကို ကုမ္ပဏီအပေါ်ရှိ ၎င်းတို့၏ ကြွေးမြီများ သို့မဟုတ် တောင်းဆိုမှုများကို သက်သေထင်ရှားပြသရန် ဆင့်ခေါ်သည့်အခါတွင် နည်းဥပဒေပါ ပြဋ္ဌာန်းချက်နှင့်အညီ အဆိုပါ ဆင့်ခေါ်ခြင်းခံရသည့် ထိုမြီရှင်များသည် နည်းဥပဒေအရ သတ်မှတ်ထားသည့်ပုံစံတွင် ကြွေးမြီ သို့မဟုတ် တောင်းဆိုမှုနှင့်သက်ဆိုင်သည့် သက်သေခံအထောက်အထားကို သတ်မှတ်ထားသည့် စာရွက်စာတမ်းများ ပူးတွဲလျက် သတ်မှတ်သည့်အချိန်အတွင်း စာရင်းရှင်းလင်း ဖျက်သိမ်းရေးအရာရှိထံ ၎င်းတို့၏ကြွေးမြီများ သို့မဟုတ် တောင်းဆိုမှုများကို သက်သေထင်ရှားပြသစေရမည်။

(ခ) ပုဒ်မခွဲ(က) ပါ မည်သည့်အချက်ကမျှ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ က ဆင့်ခေါ်ခြင်းမရှိသဖြင့် ကြွေးမြီ သို့မဟုတ် တောင်းဆိုမှုအား သက်သေထင်ရှားပြသခွင့်ကို ပိတ်ပင်ခြင်းမရှိစေရ။ ထို့ပြင် စာရင်းရှင်းလင်းဖျက်သိမ်းရေး အရာရှိသည် ပုဒ်မခွဲ (က) အရ သက်သေထင်ရှားပြသရန် မဆင့်ခေါ်ခဲ့ခြင်းကြောင့် ယင်းကြွေးမြီ သို့မဟုတ် တောင်းဆိုမှုကို ငြင်းပယ်ခြင်းမပြုရ။

(ဂ) စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိသည် နည်းဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ကုမ္ပဏီနှင့် ပတ်သက်သည့် ကြွေးမြီများ သို့မဟုတ် တောင်းဆိုမှုများကို ဆုံးဖြတ်ပေးရမည်။

(ဃ) တစ်ဦးတစ်ယောက်၏ ကြွေးမြီ သို့မဟုတ် တောင်းဆိုမှု တစ်ရပ်နှင့်စပ်လျဉ်း၍ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိမှ ဤပုဒ်မနှင့်အညီ ဆုံးဖြတ်ချက်ချပြီးနောက်တွင် ထိုသူက စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ၏ ဆုံးဖြတ်ချက်ကို မကျေနပ်လျှင် နည်းဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ တရားရုံးသို့ လျှောက်ထားနိုင်သည်။

**အပြန်အလှန်သွင်းငွေနှင့်ခုနှိမ်ခြင်း**

၂၀၂။ (က) စာရင်းရှင်းလင်းဖျက်သိမ်းခြင်းဆောင်ရွက်နေသည့် ကြွေးမြီမပေးဆပ်နိုင်သော ကုမ္ပဏီနှင့် ယင်းကုမ္ပဏီထံမှ ကြွေးမြီရရန်ရှိသူ သို့မဟုတ် တောင်းဆိုမှုတစ်ရပ် ပြုလုပ်ထားသူပုဂ္ဂိုလ်တို့အကြား အပြန်အလှန်ပေးသွင်းမှု၊ အပြန်အလှန်ငွေထုတ်ယူမှု သို့မဟုတ် အခြားသော အပြန်အလှန် ဆက်သွယ်ဆောင်ရွက်မှုများရှိသည့်အခါတွင်-

(၁) ငွေစာရင်းဆိုသည်မှာ ထိုအပြန်အလှန်ဆက်သွယ်ဆောင်ရွက်မှုများနှင့် ပတ်သက်၍ တစ်ဖက်မှ အခြားတစ်ဖက်သို့ ပေးရမည့်အရာဟု မှတ်ယူရမည်။

(၂) တစ်ဖက်မှ ပေးချေရမည့်ပမာဏသည် အခြားတစ်ဖက်မှ ပြုလုပ်ပေးရမည့် ပမာဏတစ်ခုခုမှ ခုနှိမ်ရမည်။

(၃) ငွေစာရင်း၏လက်ကျန်ငွေကို ကုမ္ပဏီက ပေးရန် သို့မဟုတ် ရရန်ရှိသည်တို့အတွက် သက်သေခံအထောက်အထားအဖြစ် တင်ပြစေနိုင်သည်။

(ခ) လူတစ်ဦးသည် ကုမ္ပဏီသို့ငွေပေးသွင်းချိန် သို့မဟုတ် ကုမ္ပဏီမှငွေရရှိချိန်၌ ကုမ္ပဏီသည် ကြွေးမြီမပေးဆပ်နိုင်သူဖြစ်ကြောင်း သိရှိပြီးဖြစ်လျှင် ထိုသူသည် ဤပုဒ်မအရ ခုနှိမ်ပေးရန် တောင်းဆိုခွင့်မရှိစေရ။

**အချိန်မီ သက်သေထင်ရှားမပြနိုင်သည့်မြီရှင်များကို ဖယ်ထုတ်ရန် အခွင့်အာဏာ**

၂၀၃။ တရားရုံးသည် မြီရှင်များက ၎င်းတို့၏ကြွေးမြီများ သို့မဟုတ် တောင်းဆိုမှုများကို သက်သေထင်ရှားပြရန်အချိန်ကာလသတ်မှတ်ပေးနိုင်သည်။ သတ်မှတ်ကာလအတွင်း သက်သေထင်ရှားမပြနိုင်လျှင် ယခင်က သက်သေထင်ရှားပြီးဖြစ်သော ကြွေးမြီများကို ခွဲဝေပေးရာတွင် ထိုမြီရှင်အား ဖယ်ထုတ်ရမည်။

**အာမခံအကျိုးခံစားခွင့်ရမြီရှင်က ကြွေးမြီအတွက် သက်သေခံအထောက်အထားတင်ပြခြင်း**

၂၀၄။ (က) ဤပုဒ်မသည် ကြွေးမြီမပေးဆပ်နိုင်သည့် ကုမ္ပဏီတစ်ရပ် စာရင်းရှင်းလင်း ဖျက်သိမ်းရာတွင် အာမခံအကျိုးခံစားခွင့်ရှိသော ကြွေးမြီအပေါ် သက်သေခံ အထောက်အထားတင်ပြမှုနှင့် သက်ဆိုင်စေရမည်။

(ခ) ကြွေးမြီမပေးဆပ်နိုင်သည့် ကုမ္ပဏီတစ်ရပ် စာရင်းရှင်းလင်း ဖျက်သိမ်းရာတွင် အာမခံအကျိုးခံစားခွင့်ရမြီရှင်သည် ဤပုဒ်မပါ ပြဋ္ဌာန်းချက်၊ ဤဥပဒေ၏ အခြားသောပြဋ္ဌာန်းချက် သို့မဟုတ် ကြွေးမြီတစ်ရပ်အား သက်သေထင်ရှားပြသခြင်းနှင့် သက်ဆိုင်သည့် နည်းဥပဒေပါ ပြဋ္ဌာန်းချက်မှလွဲ၍ အာမခံအကျိုးခံစားခွင့်ရှိသည့် ကြွေးမြီတစ်စိတ်တစ်ပိုင်း သို့မဟုတ် အားလုံးကို အခြားနည်းအားဖြင့် သက်သေခံအထောက်အထား တင်ပြနိုင်ခွင့်မရှိစေရ။

(ဂ) အာမခံအကျိုးခံစားခွင့်ရမြီရှင်သည် ကြွေးမြီနှင့်ပက်သက်သည့် သက်သေခံအထောက်အထား တင်ပြရာတွင် စာဖြင့်ရေးသား တင်ပြရမည်။

(ဃ) ယေဘုယျအားဖြင့် အာမခံအကျိုးခံစားခွင့်ရမြီရှင်က မြီရှင်များအကျိုးအတွက် ၎င်း၏ အာမခံအကျိုးခံစားခွင့်ကို စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ စွန့်လွှတ်ပေးအပ်ခဲ့လျှင် အဆိုပါမြီရှင်သည် အာမခံထားသည့်ကြွေးမြီ၏ ပမာဏတစ်ခုလုံးအတွက် သက်သေခံအထောက်အထား တင်ပြနိုင်သည်။

(င) အာမခံအကျိုးခံစားခွင့်ရမြီရှင်က အာမခံပစ္စည်းကိုထုခွဲရောင်းချခဲ့ပြီး အဆိုပါ ထုခွဲရောင်းချမှုသည် သဘောရိုးဖြင့် သင့်တော်သည့်နည်းလမ်းများအရ ဆောင်ရွက်ခဲ့ကြောင်းကို စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိက ကျေနပ်လျှင် မြီရှင်သည် ထုခွဲရောင်းချခဲ့ရာမှ ရရှိခဲ့သည့် အသားတင်ပမာဏကို နုတ်ပြီးနောက် ကျန်ရှိသည့် ပမာဏအတွက် သက်သေခံအထောက်အထားပြနိုင်သည်။

(စ) မြီရှင်သည် အာမခံပစ္စည်းကိုထုခွဲရောင်းချခြင်း သို့မဟုတ် လွှဲပြောင်းပေးအပ်ခြင်း မပြုရသေးပါက ယင်း၏တန်ဖိုးကို ခန့်မှန်းတင်ပြနိုင်ပြီး ထိုသို့ခန့်မှန်းထားသည့် တန်ဖိုးကိုနုတ်ပြီးနောက် ကျန်ရှိသည့်ပမာဏအတွက်ကိုသာ သက်သေခံအထောက်အထားပြနိုင်သည်။

(ဆ) ပုဒ်မခွဲ (စ) အရ ကြွေးမြီအတွက် သက်သေခံအထောက်အထားတင်ပြရာတွင် အာမခံပစ္စည်း၏ အသေးစိတ်အချက်အလက်များနှင့် ခန့်မှန်းတန်ဖိုးပါဝင်ရမည်။

(ဇ) အာမခံအကျိုးခံစားခွင့်ရမြီရှင်၏ ကြွေးမြီအတွက် သက်သေခံအထောက်အထား တင်ပြရာတွင် မြီရှင်သည် အာမခံပစ္စည်း၏ ခန့်မှန်းတန်ဖိုးကိုနုတ်ပြီး ကျန်ရှိသည့်ပမာဏကိုသာ တင်ပြခဲ့ခြင်းဖြစ်ပါက မြီရှင်သည် ခန့်မှန်းတန်ဖိုးကို ပြောင်းလဲပြင်ဆင်ရန်အလို့ငှာ ကြွေးမြီနှင့် ပတ်သက်သည့် သက်သေခံအထောက်အထားကို နောင်တွင် ပြောင်းလဲပြင်ဆင် တင်ပြနိုင်သည်။

(ဈ) ကုမ္ပဏီကို စာရင်းရှင်းလင်းဖျက်သိမ်းရာတွင် ပုဒ်မခွဲ (ဇ) အရ ကြွေးမြီ သက်သေခံအထောက်အထားပြင်ဆင်ခဲ့သည့် မြီရှင်သည် ရပိုင်ခွင့်ရှိသည့် ပမာဏထက် ပို၍ရရှိပါက နှောင့်နှေးမှုမရှိဘဲ ပိုနေသည့်ပမာဏကို စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ ပြန်ပေးရမည်။

(ည) ကုမ္ပဏီကိုဖျက်သိမ်းရာတွင် ကြွေးမြီသက်သေခံ အထောက်အထား ပြင်ဆင်ခဲ့သည့် မြီရှင်သည် ထိုပြင်ဆင်ထားသည့် ပမာဏထက် နည်း၍ရရှိပါက ခွဲဝေပေးပြီး ကျန်ရှိနေသည့် ငွေပမာဏနှင့် နောင်လာမည့်ခွဲဝေမှုများတွင် အကျုံးဝင်သော လျော့နည်းသည့်ပမာဏတို့ကို ဖြည့်စွက်ရပိုင်ခွင့်ရှိသည်။ သို့ရာတွင် မြီရှင်သည် ကြွေးမြီအထောက်အထား ပြင်ဆင်ချက်မတိုင်မီက ပြုလုပ်ခဲ့သည့် ခွဲဝေမှုတွင် အကျိုးသက်ဆိုင်ခွင့်မရှိစေရ။

(ဋ) အာမခံအကျိုးခံစားခွင့်ရ မြီရှင်က ကြွေးမြီသက်သေခံအထောက်အထား တင်ပြရာတွင် အာမခံခန့်မှန်းတန်ဖိုးထုတ်နုတ်ပြီးနောက် ကျန်ရှိသည့် ပမာဏကို တင်ပြခဲ့ခြင်းဖြစ်ပြီး အဆိုပါအာမခံပစ္စည်းကို ထုခွဲရောင်းချရာ၌ ခန့်မှန်းတန်ဖိုးအတိုင်း ရရှိခဲ့ခြင်းမရှိလျှင် ထိုခန့်မှန်းတန်ဖိုးနေရာ၌ အမှန်တကယ် ရောင်းချခဲ့သည့် အသားတင်ငွေကို အစားထိုးရမည်ဖြစ်ပြီး ထိုဆောင်ရွက်ချက်သည် ပုဒ်မခွဲ (ဇ) နှင့် (ည) တို့အရ ကြွေးမြီသက်သေခံအထောက်အထား ပြင်ဆင်ခဲ့ပြီးဖြစ်သည်ဟု မှတ်ယူရမည်။

**အာမခံပစ္စည်းများအနက်မှ ဆက်စပ်ဝန်ထမ်းများ၏ဦးစားပေးမှုအစဉ်**

၂၀၅။ ကုမ္ပဏီသည် စာရင်းရှင်းလင်းဖျက်သိမ်းခြင်း ပြုလုပ်သည်ဖြစ်စေ၊ မပြုလုပ်သည်ဖြစ်စေ ဤပုဒ်မနှင့်သက်ဆိုင်စေရမည်ဖြစ်ပြီး ပုဒ်မ ၁၉၆ ပါ သက်ဆိုင်သည့်ဝန်ထမ်းများမှ ရရန်ရှိသော ဦးစားပေးရပိုင်ခွင့်များကို အခြားနည်းဖြင့်ပေးချေနိုင်ခြင်းမရှိပါက အာမခံအကျိုးခံစားခွင့်ရှိသူ၏ အာမခံကို ထုခွဲရောင်းချ၍ ရရှိသောအသားတင်ငွေအနက်မှ အဆိုပါဝန်ထမ်းများရရန်ရှိသောငွေကို အာမခံအကျိုးခံစားခွင့်ရှိသော ပုဂ္ဂိုလ်ထက် ဦးစားပေး၍ ပေးချေရမည်။

**ဝန်ထုပ်ဝန်ပိုးဖြစ်သည့်ပစ္စည်းကို တာဝန်မယူကြောင်း ထုတ်ဖော်ကြေညာခွင့်**

၂၀၆။ (က) ကုမ္ပဏီ၏ စာရင်းရှင်းလင်း ဖျက်သိမ်းရေးအရာရှိသည် ဝန်ထုပ်ဝန်ပိုးဖြစ်သည့်ပစ္စည်းကို လက်ရောက်ရယူထားခဲ့လျှင် သို့မဟုတ် ရောင်းချရန်ကြိုးစားခဲ့လျှင် သို့မဟုတ် ယင်းပစ္စည်းနှင့်စပ်လျဉ်း၍ ပိုင်ရှင်၏အခွင့်အရေးများကို အခြားနည်းဖြင့် အသုံးပြုခဲ့ပြီးဖြစ်လျှင်ပင် ဤပုဒ်မအရ ဝန်ထုပ်ဝန်ပိုးဖြစ်သည့် ပစ္စည်းတစ်ခုခုကို တာဝန်မယူကြောင်း နည်းဥပဒေဖြင့် သတ်မှတ်ထားသည့်ပုံစံနှင့်အညီ အကြောင်းကြားစာ ပေးပို့ ငြင်းဆိုနိုင်သည်။

**စာမျက်နှာ ၁၆ သို့**

**စာမျက်နှာ ၁၅ မှ**

(ခ) ဤပုဒ်မ၏ရည်ရွယ်ချက်များအလို့ငှာ အောက်ပါတို့သည် ဝန်ထုပ်ဝန်ပိုးဖြစ်စေသော ပစ္စည်းဖြစ်သည်-

(၁) အကျိုးအမြတ်မရှိသော ပဋိညာဉ်စာချုပ်နှင့်

(၂) မရောင်းချနိုင်သော သို့မဟုတ် အလွယ်တကူရောင်းချခြင်း မပြုနိုင်သော ကုမ္ပဏီပိုင်ပစ္စည်းများ သို့မဟုတ် ငွေကြေးပေးရန် တာဝန်တင်ရှိလာစေနိုင်သည့် သို့မဟုတ် အခြားဝန်ထုပ်ဝန်ပိုးဖြစ်လာစေသည့် ပြုလုပ်မှုတစ်ခုခု။

(ဂ) ဤပုဒ်မအရ တာဝန်မယူကြောင်း ကြေညာချက်သည်-

(၁) တာဝန်မယူကြောင်း ထုတ်ဖော်ကြေညာသည့်နေ့မှစ၍ ကုမ္ပဏီတွင်ရှိမည့် အခွင့်အရေးများ၊ အကျိုးစီးပွားများနှင့် တာဝန်ရှိမှုများသည် ယင်းသို့ ထုတ်ဖော်ကြေညာသည့်ပစ္စည်း သို့မဟုတ် ပစ္စည်းနှင့် ဆက်နွှယ်၍ စတင်အကျိုးသက်ရောက်စေရမည်။ သို့ရာတွင်

(၂) ကုမ္ပဏီအား တာဝန်ရှိမှုတစ်ခုခုမှ စွန့်လွှတ်ရန် ရည်ရွယ်ချက်အလို့ငှာ လိုအပ်သည့်အခါမှတစ်ပါး အခြားပုဂ္ဂိုလ်တစ်ဦးဦး၏ အခွင့်အရေးများ သို့မဟုတ် တာဝန်ရှိမှုများကို မထိခိုက်စေရ။

(ဃ) အောက်ပါအခြေအနေများတွင် ပစ္စည်းတစ်ခုခုနှင့်ပတ်သက်၍ တာဝန်မယူကြောင်း အကြောင်းကြားစာအား ထုတ်ဆင့်ပေးပို့ခြင်းမပြုရ-

(၁) ပစ္စည်းတွင် အကျိုးသက်ဆိုင်သူသည် စာရင်းရှင်းလင်းဖျက်သိမ်းရေး အရာရှိ သို့မဟုတ် ၎င်းမတိုင်မီ စာရင်းရှင်း ဖျက်သိမ်းရေးအရာရှိအဖြစ် ဆောင်ရွက်ခဲ့သူများထံသို့ စာဖြင့်ရေးသား၍ ၎င်းက တာဝန် ရှိ၊ မရှိ ဆုံးဖြတ်ပေးရန်လျှောက်ထားခဲ့လျှင်၊ ထို့အပြင်

(၂) ဤပုဒ်မအရ ပစ္စည်းတစ်ရပ်နှင့်စပ်လျဉ်းပြီး ထိုသို့ လျှောက်ထားမှုကို ပြုလုပ်သည့်နေ့မှစတင်၍ ၂၈ ရက် ကာလ သို့မဟုတ် တရားရုံးက ထပ်မံတိုးမြှင့်သော အချိန်ကာလကို ကျော်လွန်ကုန်ဆုံးခဲ့သည့်တိုင် အောင် တာဝန်မယူကြောင်းကြေညာချက်အား ထုတ်ဆင့်ခဲ့ခြင်း မပြုခဲ့လျှင်။

(င) ဤပုဒ်မအရ တာဝန်မယူကြောင်း ကြေညာချက်ထုတ်ပြန်ခြင်းကြောင့် ဆုံးရှုံးမှု သို့မဟုတ် နစ်နာမှုရှိသူ မည်သူ့ကိုမဆို ၎င်းဆုံးရှုံးခဲ့မှု သို့မဟုတ် နစ်နာမှု၏ အတိုင်းအတာတစ်ခုအထိ ၎င်းအား ကုမ္ပဏီ၏မြီရှင်အဖြစ် မှတ်ယူရမည်ဖြစ်ပြီး ထိုသူ၏ ဆုံးရှုံးမှု သို့မဟုတ် နစ်နာမှုအတွက် ကုမ္ပဏီစာရင်းရှင်းလင်းဖျက်သိမ်းရာတွင် သက်သေခံအထောက်အထားအဖြစ် တင်ပြနိုင်သည်။

**ငှားရမ်းသည့်ပစ္စည်းအပေါ် တာဝန်မယူကြောင်းကြေညာချက်**

၂၀၇။ (က) ပုဒ်မ ၂၀၆ အရ ငှားရမ်းထားသည့် ပစ္စည်းတစ်ခုခုအပေါ် တာဝန်မယူကြောင်း ကြေညာချက်သည် ထပ်ဆင့်အငှားချထားခံရသူ သို့မဟုတ် အပေါင်ခံသူ အသီးသီးထံသို့ တာဝန်မယူကြောင်း ကြေညာချက်မိတ္တူကို ပေးပို့ထားခြင်း မရှိပါက အကျိုးသက်ရောက်မှုမရှိစေရ။ ထို့ပြင် အောက်ပါအခြေအနေ တစ်ရပ်ရပ်တွင် အကျိုးသက်ရောက်မရှိစေရ-

(၁) ဤပုဒ်မခွဲအရ နောက်ဆုံးအကြောင်းကြားစာ ပေးအပ်သည့်နေ့မှစတင် ရေတွက်လျှင် ၁၄ ရက် ကာလ မကုန်ဆုံးမီ ထိုပစ္စည်းနှင့် ပတ်သက်၍ ပုဒ်မ ၂၀၉ အရ တင်ပြလျှောက်ထားခြင်း မရှိလျှင်၊ သို့မဟုတ်

(၂) ယင်းကဲ့သို့ လျှောက်လွှာကို ပြုလုပ်ပြီးသော်လည်း တာဝန်မယူကြောင်း ငြင်းဆိုခြင်းသည် အကျိုးသက်ရောက်လိမ့်မည်ဟု တရားရုံးက ညွှန်ကြားလျှင်။

(ခ) တရားရုံးက ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၂) အရ ညွှန်ကြားသည့်အခါ ပုဒ်မ ၂၀၉ အရ ချမှတ်ပေးသည့် အမိန့်တစ်ခုခုအစား သို့မဟုတ် ယင်းအမိန့်တွင် ထည့်သွင်းလျက် အငှားချထားခြင်းနှင့်စပ်လျဉ်းသည့် အမြဲစွဲကပ်ထားသည့် ပစ္စည်းများ၊ အိမ်ငှား၏တိုးတက်အောင်ဆောင်ရွက်မှုနှင့် အငှားချထားမှုမှ ပေါ်ပေါက်လာသည့် အခြားကိစ္စများအပေါ်တွင် အမိန့်ချမှတ်နိုင်သည်။

**တာဝန်မယူကြောင်းငြင်းဆိုခြင်းနှင့်ပတ်သက်၍ တရားရုံး၏ သာမန်အခွင့်အာဏာများ**

၂၀၈။ (က) စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိက ပုဒ်မ ၂၀၆ အရ ပစ္စည်းကို တာဝန်မယူကြောင်း ငြင်းဆိုခဲ့သည်နှင့်တစ်ပြိုင်နက် ဤပုဒ်မနှင့် ပုဒ်မ ၂၀၉ ပါ ပြဋ္ဌာန်းချက်များသည် သက်ဆိုင်စေရမည်။

(ခ) ဤပုဒ်မအရ တရားရုံးသို့ အောက်ပါပုဂ္ဂိုလ်တစ်ဦးဦးက လျှောက်ထားနိုင်သည်-

(၁) တာဝန်မယူကြောင်း ငြင်းဆိုထားသည့်ပစ္စည်းတွင် အကျိုးသက်ဆိုင်မှု ရှိသည်ဟု တောင်းဆိုသူတစ်ဦးဦး၊ သို့မဟုတ်

(၂) တာဝန်မယူကြောင်း ငြင်းဆိုထားသည့်ပစ္စည်းနှင့် စပ်လျဉ်း၍ ကြေညာချက်အရ ကင်းလွတ်ခွင့်ရသည့် တာဝန်မျိုးမဟုတ်သော တာဝန်တစ်ရပ်ရပ် တင်ရှိနေသူတစ်ဦး။

(ဂ) တာဝန်မယူကြောင်း ငြင်းဆိုသည့်ပစ္စည်းကို အောက်ပါ ပုဂ္ဂိုလ်တစ်ဦးဦးထံ အပ်နှင်းရန် သို့မဟုတ် လွှဲပြောင်းပေးအပ်ရန်အတွက် ဤပုဒ်မအရ လျှောက်ထားသည့်အခါ တရားရုံးသည် သင့်သည်ထင်မြင်သည့် စည်းကမ်းချက်များ သတ်မှတ်၍ အမိန့်ချမှတ်နိုင်သည်-

(၁) ယင်းပစ္စည်းကို ပိုင်ဆိုင်ခွင့်ရှိသူ သို့မဟုတ် ထိုသူ၏ ယုံမှတ်အပ်နှံခံရသူ၊ သို့မဟုတ်

(၂) ပုဒ်မခွဲ (ခ)၊ ပုဒ်မခွဲငယ် (၂) တွင် ဖော်ပြထားသည့် တာဝန်ရှိမှုကို လိုက်နာရသူ သို့မဟုတ် ထိုသူ၏ ယုံမှတ်အပ်နှံခံရသူ။

(ဃ) တာဝန်မယူကြောင်း ကြေညာချက်နှင့်ပတ်သက်ပြီး လိုက်နာရသူတစ်ဦးကို လျော်ကြေးပေးရန်ရည်ရွယ်၍ ပြုလုပ်ပါက တရားမျှတမည်ဟု ထင်မြင်သည်မှတစ်ပါး တရားရုံးသည် ပုဒ်မခွဲ (ဂ) အရ အမိန့်ချမှတ်ခြင်းမပြုရ။

(င) တာဝန်မယူကြောင်း ငြင်းဆိုမှုကြောင့် တစ်ဦးတစ်ယောက် ခံစားရသည့် ဆုံးရှုံးမှု သို့မဟုတ် နစ်နာမှု၏အတိုင်းအတာကို ပုဒ်မ ၂၀၆၊ ပုဒ်မခွဲ (င) ၏ ရည်ရွယ်ချက်အလို့ငှာ ဆန်းစစ်ရာတွင် ဤပုဒ်မအရ ချမှတ်သည့် အမိန့်တစ်ရပ်၏ အကျိုးသက်ရောက်မှုကို ထည့်သွင်းစဉ်းစားရမည်။

(စ) ဤပုဒ်မအရ ပုဂ္ဂိုလ်တစ်ဦးဦးထံ ပစ္စည်းအပ်နှင်းထားသည့် အမိန့်သည် ဥပဒေနှင့်အညီ တရားဝင်ရရှိသောပစ္စည်းဖြစ်ပြီး ပေးကမ်းခြင်း၊ တာဝန်ပေးခြင်း သို့မဟုတ် လွှဲပြောင်းပေးခြင်းတို့ဖြင့် ဆောင်ရွက်ရန် မလိုအပ်စေရ။

**ငှားရမ်းထားသည့်ပစ္စည်းကို တာဝန်မယူကြောင်းငြင်းဆိုခြင်းနှင့်ပတ်သက်၍ တရားရုံး၏ အခွင့်အာဏာများ**

၂၀၉။ (က) အောက်ပါသတ်မှတ်ချက်များ ပြုလုပ်သည်မှတစ်ပါး၊ တရားရုံးသည် ထပ်ဆင့် အငှားချထားခံရသူ သို့မဟုတ် အပေါင်ခံသူ အနေဖြင့် ကုမ္ပဏီကိုအမှီပြု၍ ဆက်ခံတောင်းဆိုသူတစ်ဦးဦးအား အငှားချထားသည့်ပစ္စည်းအား အပ်နှံစေရန် ပုဒ်မ ၂၀၈ အရ အမိန့်ချမှတ်ခြင်းမပြုရ။ ထိုသူသည်-

(၁) စာရင်းရှင်းလင်းဖျက်သိမ်းမှုစတင်သည့်အချိန်တွင် အငှားစာချုပ်အရ ကုမ္ပဏီက တာဝန်ရှိသည့်အတိုင်း တူညီသောတာဝန်ရှိမှုများ၊ တာဝန်ယူမှုများကို မဆန့်ကျင်စေရ၊ သို့မဟုတ်

(၂) လိုအပ်ပါက စာရင်းရှင်းလင်းဖျက်သိမ်းမှု စတင်သည့်အချိန်တွင် အငှားစာချုပ်အား တစ်ဦးတစ်ယောက်ကို တာဝန်ပေးပါက ထိုသူက တာဝန်ရှိလာမည့်တူညီသောတာဝန်ရှိမှုများနှင့် တာဝန်ယူမှုများကို မဆန့်ကျင်စေရ။

(ခ) အငှားစာချုပ်တွင် ပါဝင်သည့်ပစ္စည်းတစ်ခုခု၏ တစ်စိတ်တစ်ဒေသအပေါ်တွင် ပုဒ်မ ၂၀၈ အရ ချမှတ်သောအမိန့်ပါ ရည်ရွယ်ချက်များအလို့ငှာ ပုဒ်မခွဲ (က) ပါ ပြဋ္ဌာန်းချက်များသည် အမိန့်နှင့်ပတ်သက်သည့် ပစ္စည်းကိုသာ ပါဝင်သကဲ့သို့ အကျိုးသက်ရောက်သည်။

(ဂ) ပုဒ်မခွဲ (က)နှင့်သက်ဆိုင်ပြီး ကုမ္ပဏီကိုအမှီပြု၍ ထပ်ဆင့် အငှားချထားခံရသူ သို့မဟုတ် အပေါင်ခံသူအနေဖြင့် တောင်းဆိုနေသူတစ်ဦးသည် ထိုပုဒ်မခွဲအရ လိုအပ်သည့် သတ်မှတ်ချက်များနှင့်အညီ ချမှတ်သောပုဒ်မ ၂၀၈ အရ အမိန့်ကို လက်ခံရန်ဆန္ဒမရှိသည့်အခါ တရားရုံးသည် ထိုပုဒ်မအရချမှတ်သည့်အမိန့်ဖြင့် ကုမ္ပဏီပိုင်မြေနှင့် ပစ္စည်းအပေါ် အကျိုးအမြတ်များအား အငှားစာချုပ်ရှိ ငှားရမ်းသူ၏ သဘောတူညီချက်ကိုဆောင်ရွက်ရန် တာဝန်ရှိသူတစ်ဦးဦးထံ ကိုယ်တိုင်ဖြစ်စေ၊ ကိုယ်စားလှယ်အနေဖြင့်ဖြစ်စေနှင့် တစ်ဦးတည်းဖြစ်စေ၊ ကုမ္ပဏီနှင့်ပူးတွဲ၍ဖြစ်စေ အပ်နှင်းနိုင်သည်။

(ဃ) ကုမ္ပဏီကြောင့်ဖြစ်ပေါ်လာသည့်ပစ္စည်းများ၊ အခွင့်အရေးများ၊ တာဝန်များနှင့် အကျိုးခံစားခွင့်များအားလုံးမှ ကင်းလွတ်စေလျက် အဆိုပါပစ္စည်းနှင့် ယင်းအပေါ်အကျိုးခံစားခွင့်ကို တရားရုံးသည် ထိုသူထံသို့ အပ်နှင်းနိုင်သည်။

(င) ပုဒ်မခွဲ (က) နှင့်သက်ဆိုင်ပြီး ကုမ္ပဏီကိုအမှီပြု၍ ထပ်ဆင့် အငှားချထားခံရသူ သို့မဟုတ် အပေါင်ခံသူအနေဖြင့် တောင်းဆိုနေသူမည်သူမဆို ပုဒ်မ ၂၀၈ အရ ချမှတ်သည့် အမိန့်ကိုလက်ခံရန် ငြင်းဆိုသည့်အခါ ထိုသူအား ပစ္စည်းတွင်ရှိသည့် အကျိုးခံစားခွင့်အားလုံးမှ ဖယ်ထုတ်စေရမည်။

**တရားရုံးက ပဋိညာဉ်စာချုပ်များကို ပယ်ဖျက်ခြင်း**

၂၁၀။ (က) ကုမ္ပဏီနှင့် ပဋိညာဉ်စာချုပ်တစ်ရပ်ချုပ်ဆိုပြီး ထိုစာချုပ်အရ အကျိုးအမြတ် ခံစားခွင့်ရှိသူကဖြစ်စေ သို့မဟုတ် ထိုစာချုပ်ကြောင့် တာဝန်တင်ရှိနေသူက ဖြစ်စေ လျှောက်ထားလာပါက တရားရုံးသည် ပဋိညာဉ်အတိုင်းဆောင်ရွက်ရန် ပျက်ကွက်ခြင်းအတွက် နစ်နာကြေးပေးစေရန်ဖြစ်စေ သို့မဟုတ် တရားမျှတသည်ဟု ယူဆသော နည်းလမ်းဖြင့်ဖြစ်စေ စည်းကမ်းချက်များ သတ်မှတ်လျက် ပဋိညာဉ်စာချုပ်အား ပယ်ဖျက်စေရန်အမိန့်ချမှတ်နိုင်သည်။

(ခ) အထက်ပါ အမိန့်အရ တစ်ဦးတစ်ယောက်အား ပေးအပ်ရမည့်နစ်နာကြေးကို ကုမ္ပဏီစာရင်းရှင်းလင်းဖျက်သိမ်းရာတွင် ပေးချေရမည့် ကြွေးမြီတစ်ရပ်အဖြစ် ထိုသူက သက်သေထင်ရှားပြသနိုင်သည်။

**အပြီးသတ် စာရင်းရှင်းလင်းခြင်းနှင့်ဖျက်သိမ်းခြင်း**

**ကုမ္ပဏီဖျက်သိမ်းခြင်းမပြုမီ နောက်ဆုံးအစည်းအဝေး**

၂၁၁။ (က) ကုမ္ပဏီ၏ကိစ္စရပ်များအား အပြည့်အဝ စာရင်းရှင်းလင်းဖျက်သိမ်းပြီးသည်နှင့်တစ်ပြိုင်နက် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိသည် မည်သို့ဆောင်ရွက်ခဲ့သည်နှင့် ကုမ္ပဏီ၏ ပစ္စည်းကို မည်သို့အပြီးသတ် စီမံခန့်ခွဲခဲ့သည်ကို ဖော်ပြသည့် စာရင်းရှင်းလင်းဖျက်သိမ်းခြင်းစာရင်းကို ပြုစုပြီးနောက် ရှင်းလင်းတင်ပြရန် ကုမ္ပဏီ၏မြီရှင်များ အစည်းအဝေး (ကုမ္ပဏီတွင်ပါဝင်သူ များ၏ ဆန္ဒအလျောက် စာရင်းရှင်းလင်းဖျက်သိမ်းခြင်းဖြစ်ပါက ကုမ္ပဏီတွင် ပါဝင်သူများ၏အစည်းအဝေး) ကို ခေါ်ယူကျင်းပရမည်။

(ခ) အစည်းအဝေးကျင်းပပြီးနောက် ရက်သတ္တတစ်ပတ်အတွင်း စာရင်းရှင်းလင်း ဖျက်သိမ်းရေးအရာရှိသည် မှတ်ပုံတင်အရာရှိထံ စာရင်းရှင်းလင်းဖျက်သိမ်းခြင်းစာရင်း၏ မိတ္တူကိုလည်းကောင်း၊ အစည်းအဝေးမှတ်တမ်းကိုလည်းကောင်း ပေးပို့ရမည်။ အစည်းအဝေးအထမြောက်ရန် လိုအပ်သော အနည်းဆုံး တက်ရောက်သူအရေအတွက်မပြည့်မီပါက ထိုစာရင်းနှင့်အတူ လိုအပ်သော အရေအတွက်မပြည့်မီကြောင်း အတည်ပြုဖော်ပြသည့်စာကိုလည်း ပူးတွဲပေးပို့ရမည်။

**ကုမ္ပဏီအားအပြီးသတ်ဖျက်သိမ်းခြင်းနှင့် ကုမ္ပဏီအားပြန်လည်တည်ရှိစေခြင်း**

၂၁၂။ (က) ဤပုဒ်မသည် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိက မှတ်ပုံတင်အရာရှိထံ ပုဒ်မ ၂၁၁ (၂) တွင် ပြဋ္ဌာန်းပါရှိသည့် အချက်အလက်များ ပေးပို့သည်ကိစ္စနှင့် သက်ဆိုင်စေရမည်။

(ခ) ထိုပေးပို့သော သတင်းအချက်အလက်များကို ရရှိသည်နှင့်တစ်ပြိုင်နက် မှတ်ပုံတင်အရာရှိသည် မှတ်ပုံတင်စာရင်းတွင် ရေးသွင်းရမည်။ ထိုသို့ မှတ်ပုံတင်ပြီးသည့်နေ့မှစတင်လျက် ၃ လပြည့်မြောက်သည့်နေ့တွင် ကုမ္ပဏီသည် အပြီးသတ်ဖျက်သိမ်းပြီးဖြစ်သည်ဟု မှတ်ယူရမည်။

(ဂ) သို့သော် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိကဖြစ်စေ၊ အကျိုးသက်ဆိုင်သူဟု တရားရုံးကထင်မြင်ယူဆသူကဖြစ်စေ လျှောက်ထားလာပါက တရားရုံးသည် ကုမ္ပဏီအား အပြီးသတ်ဖျက်သိမ်းသည့်ရက်ကို ရွှေ့ဆိုင်းရန် အမိန့်ချမှတ်နိုင်သည်။

(ဃ) အခြားအကျိုးသက်ဆိုင်သူမှ လျှောက်ထားလာပါက တရားရုံးသည် ကုမ္ပဏီမှတ်ပုံတင်ရုံးတွင် အပြီးသတ်ဖျက်သိမ်းပြီးဖြစ်သည့် ကုမ္ပဏီအား ပြန်လည်အသက်သွင်းသည့် အမိန့်ကို သင့်လျော်သည့် စည်းကမ်းချက်များ သတ်မှတ်လျက် ချမှတ်နိုင်ပြီး စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိကိုလည်း ခန့်ထားနိုင်သည်။

(င) အဆိုပါတရားရုံး၏ အမိန့်မိတ္တူကို အလုပ်လုပ်ကိုင်ရက် ၅ ရက်အတွင်း မှတ်ပုံတင်အရာရှိထံပေးပို့ရန် တာဝန်သည် ထိုအမိန့်ချမှတ်ပေးစေရန် လျှောက်ထားသူ၏ တာဝန်ဖြစ်ပြီး ထိုသို့ဆောင်ရွက်ရန် ပျက်ကွက်ပါက မှတ်ပုံတင်အရာရှိသည် ထိုသူအား ကျပ်တစ်သိန်းထက်မပိုသော ဒဏ်ကြေးငွေ တပ်ရိုက်နိုင်သည်။

**ဆောလျင်စွာ ဖျက်သိမ်းခြင်း**

၂၁၃။ (က) စာရင်းရှင်းလင်းဖျက်သိမ်းရာ၌ ကုန်ကျခဲ့သည့်စရိတ်များအား ပေးချေရန် ကုမ္ပဏီသည် လုံလောက်သည့် ထုခွဲရောင်းချနိုင်သော ပစ္စည်းများမရှိဟု ကုမ္ပဏီ၏ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိကဖြစ်စေ သို့မဟုတ် ပုဒ်မ ၁၆၈ အရ ခန့်အပ်သော တရားဝင်ပစ္စည်းထိန်းကဖြစ်စေ ထင်မြင်ယူဆလျှင် မည်သည့်အချိန်တွင်မဆို ကုမ္ပဏီအား ဆောလျင်စွာ ဖျက်သိမ်းရန်အတွက် မှတ်ပုံတင်အရာရှိထံ လျှောက်ထားနိုင်သည်။

(ခ) ထိုသို့ လျှောက်ထားခြင်းမပြုမီ ကုမ္ပဏီ၏ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ သို့မဟုတ် တရားဝင်ပစ္စည်းထိန်းသည် ထိုသို့လျှောက်ထားရန် ရည်ရွယ်ကြောင်းကို ကုမ္ပဏီ၏ မြီရှင်များနှင့် ကြွေးမြီပေးဆပ်ရန် တာဝန်ရှိသူများထံ ၁၄ ရက်ထက်နောက်မကျစေဘဲ ကြိုတင်အကြောင်းကြားရမည်။ ကုမ္ပဏီမှ ပစ္စည်းထိန်းခန့်ထားပါက ထိုပစ္စည်းထိန်းထံသို့ အကြောင်းကြားရမည်။

(ဂ) ထိုအကြောင်းကြားစာကို ပေးပို့ချိန်မှစ၍ ကုမ္ပဏီ၏ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ သို့မဟုတ် တရားဝင် ပစ္စည်းထိန်းသည် ကုမ္ပဏီနှင့် ပတ်သက်၍ ပုဒ်မခွဲ (က) အရ လျှောက်ထားရန် တာဝန်မှလွဲ၍ ကုမ္ပဏီ၊ မြီရှင်နှင့် ကြွေးမြီဆပ်ရန်တာဝန်ရှိသူများနှင့် ပတ်သက်၍ ၎င်းထမ်းဆောင်ရမည့် တာဝန်များရပ်စဲပြီးဖြစ်သည်ဟု မှတ်ယူရမည်။

(ဃ) ကုမ္ပဏီ၏ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ သို့မဟုတ် တရားဝင် ပစ္စည်းထိန်းထံမှ ပုဒ်မခွဲ (က) အရ ပေးပို့သော ထိုအကြောင်းကြားစာကို လက်ခံရရှိသည်နှင့်တစ်ပြိုင်နက် မှတ်ပုံတင်အရာရှိသည် ယင်းစာကို မှတ်ပုံတင်စာရင်း ရေးသွင်းရမည်ဖြစ်ပြီး ထိုသို့ရေးသွင်းပြီးသည့်နေ့မှ စတင်ရေတွက်လျက် ၃ လ ကုန်ဆုံးသည့်နေ့တွင် ကုမ္ပဏီသည် အပြီးသတ် ဖျက်သိမ်းပြီးဖြစ်သည်ဟု မှတ်ယူရမည်။

(င) ကုမ္ပဏီ၏ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ သို့မဟုတ် တရားဝင် ပစ္စည်းထိန်း သို့မဟုတ် ကုမ္ပဏီ၏မြီရှင်တစ်ဦးဦး သို့မဟုတ် ကုမ္ပဏီတွင် ပါဝင်သူ သို့မဟုတ် ပစ္စည်းထိန်း မည်သူမဆို ပုဒ်မခွဲ (က) အရ အကြောင်းကြားစာပေးပို့ပြီးပါက တရားရုံးမှ အောက်ပါညွှန်ကြားသည့်အမိန့်များ ရရှိနိုင်ရန် လျှောက်ထားနိုင်သည်-

(၁) ပုဒ်မခွဲ (က) အရ အကြောင်းကြားစာပေးပို့ခဲ့ခြင်း မရှိဘိသကဲ့သို့ ကုမ္ပဏီအား စာရင်းရှင်းလင်းဖျက်သိမ်းနိုင်စေရန်အတွက် သတ်မှတ်ညွှန်ကြားပေးရန်နှင့်

**(ဆက်လက်ဖော်ပြပါမည်)**



## ဆံတော်ရှင်ကျိုက်ထီးရိုးစေတီတော်မြတ်ကြီး ဗုဒ္ဓါဘိသေကအနေကဇာတင်နှင့် ဗုဒ္ဓပူဇနိယပွဲတော်ဖွင့်ပွဲ ကျင်းပ

**ကျိုက်ထို အောက်တိုဘာ ၂၅**
မွန်ပြည်နယ် ကျိုက်ထိုမြို့နယ်၌ တည်ရှိသော ဆံတော်ရှင် ကျိုက်ထီးရိုးစေတီတော်မြတ်၏ ဗုဒ္ဓါဘိသေက အနေကဇာတင်ပွဲနှင့် ဗုဒ္ဓပူဇနိယပွဲတော် ဖွင့်ပွဲအခမ်းအနားကို အောက်တိုဘာ ၂၄ ရက် နံနက် ၅ နာရီခွဲက ကျိုက်ထီးရိုးစေတီတော်မှန်လုံဆောင်၌ ကျင်းပခဲ့သည်။

ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာအေးဇံနှင့် အစိုးရအဖွဲ့ဝင်များက ဆရာတော်ကြီးများအား လှူဖွယ်ဝတ္ထုပစ္စည်းများဆက်ကပ်လှူဒါန်းကာ ရေစက်သွန်းချ အမျှပေးဝေကြပြီး စေတီတော်မြတ်အား အမွှေးနံ့သာရည်များဖြင့် သပ္ပာယ်ပြီး ဗုဒ္ဓပူဇနိယပွဲတော်မုခ်ဦးကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးခဲ့သည်။

အဆိုပါ ဗုဒ္ဓပူဇနိယပွဲတော်အား ကောဇာသက္ကရာဇ် ၁၃၈၀ ပြည့်နှစ် သီတင်းကျွတ်လပြည့်နေ့မှ ၁၃၈၁ ခုနှစ် ကဆုန်လပြည့်နေ့ထိ ခုနစ်လတိုင် ကျင်းပသွားမည်ဖြစ်သည်။ **ဝင်းမောင်(ကျိုက်ထို)**

## ပုပ္ပားတောင်ကလပ်ဘုရားကြီးသို့ သီတင်းကျွတ်ပိတ်ရက် ဘုရားဖူးလာသူများပြား

**ကျောက်ပန်းတောင်း အောက်တိုဘာ ၂၅**
သီတင်းကျွတ်ပိတ်ရက်တွင် မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ်ရှိ ပုပ္ပားတောင်ကလပ် ဘုရားကြီးသို့ ပြည်တွင်းပြည်ပ ဘုရားဖူးဧည့်သည်များ ကားကြီးကားငယ်အသွယ်သွယ်ဖြင့် လာရောက်ကြသဖြင့် စည်ကားလျက်ရှိနေသည်ကို အောက်တိုဘာ ၂၄ ရက် နံနက်ပိုင်းက တွေ့ရသည်။

ကျောက်ပန်းတောင်းမြို့နယ်ရှိ ပုပ္ပားတောင်ကလပ်ဘုရားကြီးသည် ပြည်တွင်းပြည်ပ ဘုရားဖူးဧည့်သည်များ စိတ်ဝင်တစား လာရောက်လည်ပတ်လေ့ရှိသည့် နေရာဒေသတစ်ခုဖြစ်ပြီး ခရီးသွားရာသီအချိန်များတွင် အမြဲမပြတ် စည်ကားလျက်ရှိသည်။

အဆိုပါ ပြည်တွင်းပြည်ပ ဘုရားဖူးဧည့်သည်များကို မှီခိုအားထားပြုပြီး ဈေးရောင်းသည့် ဒေသထွက် အမှတ်တရပစ္စည်းအရောင်းဆိုင်များ၊ ပရဆေးမြစ်ဆေးဥ အရောင်းဆိုင်များ၊ သစ်သီးအရောင်းဆိုင်များနှင့် စားသောက်ဆိုင်လုပ်ငန်းရှင်များ ရောင်းအားကောင်းမွန်၍ စီးပွားရေး အဆင်ပြေလျက်ရှိနေကြောင်းလည်း သိရသည်။

"မနေ့ကဆိုရင် ဘုရားဖူးလာကြသူတွေများလွန်းလို့ တောင်ကလပ် ဘုရားသွားလမ်းတွေမှာ ကားတွေတော်တော်ကျပ်ပါတယ်။ ဒီနေ့လည်း သီတင်းကျွတ် လပြည့်နေ့ဖြစ်တာကြောင့် ပြည်တွင်းပြည်ပ ဘုရားဖူးဧည့်သည်တွေအပြင် အနီးအနားကျေးရွာတွေက ဘုရားဖူးလာတဲ့သူတွေရှိလို့ စည်ကားပါတယ်။ ကျွန်မတို့ ဈေးသည်တွေလည်း ဒီကိုလာလည်တဲ့ ပြည်တွင်းပြည်ပဘုရားဖူး ဧည့်သည်တွေကိုပဲ မှီခိုအားထားပြီး ဈေးရောင်းနေရတာပါ။ ဒီသီတင်းကျွတ် ရုံးပိတ်ရက်ကတော့ ဘုရားဖူးဧည့်သည်တွေများလို့ ဈေးရောင်းရလို့ ပျော်ပါတယ်" ဟု ပုပ္ပားတောင်ကလပ်ဘုရားအနီး ဈေးရောင်းသည့် စားသောက်ဆိုင်လုပ်ငန်းရှင် အမျိုးသမီးတစ်ဦးက ပြောပြသည်။

**ရဲဝင်းနိုင် (ညောင်ဦး)**

## သီတင်းကျွတ်အခါသမယ ဆွမ်းကြီးလောင်းပွဲများကျင်းပ

**ပေါင်းတည်**
(၁၃၆)ကြိမ်မြောက် သီတင်းကျွတ်ဆွမ်းကြီးလောင်းပွဲတော်ကြီးကို ပဲခူးတိုင်းဒေသကြီး ပေါင်းတည်မြို့နယ်တွင် အောက်တိုဘာ ၂၅ ရက် နံနက် ၄ နာရီက ရွှေကျောင်းကြီးတိုက် သကျမုနိမိုယ်းကောင်းဘုရားကြီးမုခ်ဦး ဘုရားကြီးလမ်းမှ စတင်၍ကျင်းပသည်။

တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်ဦးရဲလင်းနိုင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးနေလင်းနိုင်၊ မြို့နယ်အတွင်းရှိ ဌာနဆိုင်ရာဝန်ထမ်းမိသားစုများ၊ စေတနာရှင်များက နဝကမ္မအလှူငွေများ၊ ပရိဘောဂများ၊ လူသုံးကုန်ပစ္စည်းများနှင့် စားသောက်ကုန်ပစ္စည်းများအား သဒ္ဓါတရားထက်သန်စွာ လောင်းလှူကြသည်။

**ဝ၄ဇ**

**မောက်မယ်**
ရှမ်းပြည်နယ်(တောင်ပိုင်း) မောက်မယ်မြို့နယ်လုံးဆိုင်ရာသာသနာ့အကျိုးတော်ဆောင် အဖွဲ့က ကြီးမှူး၍ နှစ်စဉ်ကျင်းပမြဲဖြစ်သော သီတင်းကျွတ် ဆွမ်းဆန်စိမ်းလောင်းလှူပူဇော်ပွဲကို အောက်တိုဘာ ၂၅ ရက် နံနက် ၇ နာရီက နန်းဖတ်ခုမ်စေတီကျောင်းမှ ပရိယတ္တိပါဒကစာသင်တိုက်အထိ ဗိုလ်ချုပ်အောင်ဆန်းလမ်းမတစ်လျှောက်တွင် ကျင်းပသည်။

သီတင်းကျွတ်ဆွမ်းဆန်စိမ်းလောင်းလှူပူဇော်ပွဲတွင် စုပေါင်းရုံးရှေ့၌ ဌာနဆိုင်ရာများနှင့် ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဗိုလ်ချုပ်အောင်ဆန်းလမ်းမတစ်လျှောက်တွင် ရပ်ကွက်နှင့် ကျေးရွာများရှိ ဒေသခံတိုင်းရင်းသားပြည်သူများက မြို့နယ်တွင်းရှိ သံဃာတော်အပါး ၂၀၀ ခန့်အား ဆွမ်းဆန်စိမ်းများ လောင်းလှူပူဇော်ခဲ့ကြကြောင်း သိရသည်။

**စိုင်းမျိုးသန့်(ပြန်/ဆက်)**

**တနင်္သာရီ**
တနင်္သာရီတိုင်းဒေသကြီး တနင်္သာရီမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး ဦးညဏ်လင်းအောင် ဦးဆောင်ပြီး ဌာနဆိုင်ရာဝန်ထမ်းများ၊ စေတနာရှင်မိဘပြည်သူများက အောက်တိုဘာ ၂၄ ရက် ညနေ ၃ နာရီ ၁၅ မိနစ်က မြို့ကျက်သရေဆောင် ရှေးဟောင်းသမိုင်းဝင် မြဝတ်ဆင်စေတီတော်မြတ်ကြီး ရင်ပြင်ပတ်လည်ပရိဝုဏ်အတွင်းဆွမ်းဆန်စိမ်းလောင်းလှူခြင်း ပြုခဲ့ကြသည်။

ဆန်၊ ဆီ၊ ဆပ်ပြာမွှေး၊ သွားတိုက်တံ၊ သွားတိုက်ဆေး၊ မျက်နှာသုတ်ပဝါ၊ ဆေးအမျိုးမျိုး၊ ဖယောင်းတိုင်၊ အမွှေးတိုင်စသဖြင့် လှူဖွယ်ဝတ္ထုအသုံးအဆောင်ပစ္စည်းများကို ကုသိုလ်ပြုလောင်းလှူခဲ့ကြကြောင်း သိရသည်။

**နန်းသာရီ-ထိန်ဝင်း (ပြန်/ဆက်)**

## သက်တော်ရှည်ဆရာတော်ကြီးများပူဇော်ပွဲနှင့် ဂိုဏ်းပေါင်းစုံသံဃာမဟာပဝါရဏာပွဲကျင်းပ

**ပြင်ဦးလွင် အောက်တိုဘာ ၂၅**
သက်တော်ရှည်ဆရာတော်ကြီးများ ပူဇော်ပွဲနှင့် ဂိုဏ်းပေါင်းစုံ သံဃာမဟာပဝါရဏာပွဲကို အောက်တိုဘာ ၂၄ ရက် မွန်းလွဲ ၁ နာရီက မန္တလေးတိုင်းဒေသကြီးပြင်ဦးလွင်မြို့နယ် ဖားအောက်တောရဗုဒ္ဓသာသနာ့ရိပ်သာ တပ်ဦးဓမ္မရိပ်သာတိုးချဲ့ ဓမ္မာနုဓမ္မပဋိပန္န နှစ်ထပ်သိမ်တော်ကြီး၌ ကျင်းပသည်။

သက်တော်ရှည်ဆရာတော်ကြီးများ၊ သံဃာတော်အရှင်သူမြတ် ၁၃၅၄ ပါးကြွရောက်တော်မူပြီး ရွှေကျောင်းဆရာတော်အမှူးပြုသော သံဃာတော်များက ဂိုဏ်းပေါင်းစုံသံဃာမဟာပဝါရဏာပွဲ ကျင်းပသည်။

အခမ်းအနားအပြီးတွင် သံဃာတော်အရှင်မြတ်များအား တိုင်းဒေသကြီးလွှတ်တော်ဒုတိယဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ စေတနာအလှူရှင်များက စာရေးတံမဲများ လောင်းလှူကြသည်။

အခမ်းအနားသို့ သာသနာ့နွယ်ဝင် သီလရှင်များ၊ တိုင်းဒေသကြီး လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဒေါက်တာခင်မောင်ဌေးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ခရိုင်နှင့်မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ဘာသာရေး၊ လူမှုရေးအသင်းအဖွဲ့များ၊ အလှူရှင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။ **မောင်ပြည်သူ(မန္တလေး)**



## ကျောက်စိမ်းလိုဏ်ဂူတော်ကြီးသို့ သီတင်းကျွတ်ပိတ်ရက်များတွင် လာရောက်လေ့လာလည်ပတ်သူများအထူးစည်ကား



**အမရပူရ အောက်တိုဘာ ၂၅**
မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ် ဆင်ရွာမြင်းမှူးကျေးရွာအနီးတွင် တည်ထားကိုးကွယ်လျက်ရှိသော ဝေရောစနကျောက်စိမ်းစေတီတော်မြတ်ကြီး၏ ပရိဝုဏ်အတွင်းရှိ ကျောက်စိမ်းလိုဏ်ဂူတော်ကြီးအား သီတင်းကျွတ်ပိတ်ရက်များတွင် လာရောက်လည်ပတ်လေ့လာသူများ အထူးစည်ကားလျက်ရှိသည်။

"သီတင်းကျွတ်ပိတ်ရက်မို့ သူငယ်ချင်းတွေနဲ့ ကျောက်စိမ်းဘုရားလာတာပါ၊ ကျောက်စိမ်းဘုရားကြီးမှာ လာရောက် ဘုရားဖူးသူတွေ များပြားသလို ကျောက်စိမ်းလိုဏ်ဂူတော်ကြီးမှာ လာရောက်လေ့လာသူတွေ များပြားပါတယ်၊ ကျောက်စိမ်းလိုဏ်ဂူတော်ကို အခုမှရောက်ဖူးတာပါ၊ လေ့လာစရာတွေများလှပါတယ်၊ လိုဏ်ဂူထဲမှာ လေ့လာသူတွေကြိတ်ကြိတ်တိုးနေတော့ သေချာလေ့လာခွင့်တော မရခဲ့ဘူး" ဟု မန္တလေးမြို့မှ လာရောက်လေ့လာသူတစ်ဦးက ပြောကြားသည်။

ကျောက်စိမ်း လိုဏ်ဂူတော်ကြီးမှာ အလျားပေ ၂၅၀၊ အနံ ၁၃ ပေ၊ အမြင့် ၁၃ပေရှိကြောင်း၊ လိုဏ်ဂူတော်အဝင်ဝမှာ ကျောက်စိမ်းနဂါးရုပ်ကြီးများဖြင့် ထုလုပ်ထားကြောင်း၊ မိုးကုတ်ဆရာတော်ကြီး၏ ဓာတ်တော်၊ မွေတော်များလည်း ပါဝင်ကြောင်း၊ ကျောက်စိမ်းဖြင့် ထုဆစ်ထားသော ဗုဒ္ဓရုပ်ပွားတော်များ၊ ဇာတ်ကြီးဆယ်ဘွဲ့၊ အောင်ခြင်းရှစ်ပါး၊ မြန်မာ့ဆယ့်နှစ်လရာသီပွဲတော် သမိုင်းဝင်ပုံစံငယ်များ၊ ဘုရားဒါယကာ ဦးစိုးနိုင်၏ သူ့ဘဝ သူ့အကြောင်း၊ ကျောက်စိမ်းထမင်းဝိုင်း ၊ ပုဂံခေတ်၊ ပျူခေတ်မှစတင်၍ လက်ကောက်များ ဝတ်ဆင်ခြင်း၊ လက်ဝတ်ရတနာများ ဝတ်ဆင်ခြင်းကိုလည်း ဖော်ပြထားကြောင်း၊ ကံကောင်းခြင်း အတိတ်နိမိတ်ကို ဖြစ်ပေါ်စေသော Lucky Fish ရုပ်တုများ ထုဆစ်ပြသထားကြောင်း ကျောက်စိမ်းလိုဏ်ဂူတော်ဖြစ်မြောက်ရေးဥက္ကဋ္ဌ ဦးခင်မောင်ကြီးက ပြောကြားသည်။

ကျောက်စိမ်းလိုဏ်ဂူတော်ကြီးကို ၂၀၁၇ ခုနှစ် ဇန်နဝါရီ ၃ ရက်က စတင်တည်ဆောက်ခဲ့ပြီး ၂၀၁၇ ခုနှစ် ဒီဇင်ဘာ ၃၀ ရက်တွင် ပြီးစီးခဲ့ကြောင်းသိရပြီး သီတင်းကျွတ် အလုပ်ပိတ်ရက်များတွင် လာရောက် လေ့လာလည်ပတ်သူများ အထူးစည်ကား လျက်ရှိကြောင်း သိရသည်။

**သန်းဇော်မင်း(ပြန်/ဆက်)**

## မကွေးမြသလွန်စေတီတော်မြတ်ကြီးတွင် အကြိမ်(၃၀)မြောက် ဆီမီး ၉၀၀၀ ကပ်လှူပူဇော်



**မကွေး အောက်တိုဘာ ၂၅**
မကွေးမြို့ သမိုင်းဝင် မြသလွန်စေတီတော်မြတ်ကြီး၏ အကြိမ် (၃၀)မြောက် ဆီမီး ၉၀၀၀ ကပ်လှူပူဇော်ပွဲကို ၁၃၈၀ ပြည့်နှစ် သီတင်းကျွတ်လပြည့်နေ့ (အောက်တိုဘာ ၂၄ ရက်) ညနေ ၆ နာရီက မြသလွန်စေတီရင်ပြင်တော် မဟာအတုလရံသီတန်ဆောင်းတော်၌ ကျင်းပခဲ့ကြောင်း သိရသည်။

မကွေးတိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဒေါက်တာခင်မောင်အေးက ဆီမီးထွန်းညှိပူဇော်၍ အကြိမ် (၃၀)မြောက် ဆီမီး ၉၀၀၀ ပူဇော်ပွဲ အခမ်းအနားဖွင့်လှစ်ပြီး တိုင်းဒေသကြီး ဝန်ကြီးများ၊ တိုင်းဒေသကြီးလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးဇော်မျိုးဝင်းနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာများနှင့် ဧည့်သည်တော်များက ဆီမီးထွန်းညှိပူဇော်ခဲ့ကြသည်။

တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဒေါက်တာခင်မောင်အေးနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များက ယူဘီရေယာဉ်ဖြင့် မြသလွန်စေတီတော်မြတ်ကြီးအား ဆီမီး ၉၀၀၀ ပူဇော်နေသည်ကို ဧရာဝတီမြစ်အတွင်းမှ ဖူးမြော်ကြည်ညိုခဲ့ကြသည်။

မကွေးမြို့ မြသလွန်စေတီတော်မြတ်ကြီး၏ ဘုရားပွဲတော်ကို နှစ်စဉ် သီတင်းကျွတ်လဆန်း ၁၀ ရက်မှ သီတင်းကျွတ်လကုန်အထိ ရက် ၂၀ ကြာ ကျင်းပမည်ဖြစ်ပြီး သီတင်းကျွတ်လပြည့်နေ့တွင် ပန်း ၉၀၀၀၊ ဆွမ်းများ၊ သစ်သီးများနှင့် ဆီမီး ၉၀၀၀ ကပ်လှူပူဇော်ခြင်း၊ သီတင်းကျွတ်လပြည့်ကျော် ၁ ရက်နေ့ (အောက်တိုဘာ ၂၅ ရက်) မွန်းလွဲပိုင်းတွင် မကွေးမြို့ပေါ်ရှိ ကျောင်းတိုက်များမှ သံဃာအပါး ၂၀၀၀ ကျော်တို့ကို တိုင်းဒေသကြီးအစိုးရအဖွဲ့၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာများ၊ စေတနာရှင် အလှူရှင်များက ဆွမ်းဆန်စိမ်းနှင့် လှူဖွယ်ပစ္စည်းများအား လောင်းလှူကြကြောင်း သိရသည်။

**သန်းနိုင်ဦး(ငဖဲ)**

## ၁၆၇ နှစ်မြောက်ရွှေကျင်မြို့နယ် သီတင်းကျွတ်မီးမျှောပူဇော်ပွဲတော်ကျင်းပ



**ရွှေကျင် အောက်တိုဘာ ၂၅**
ပဲခူးတိုင်းဒေသကြီး ရွှေကျင်မြို့နယ်တွင် ၁၆၇ နှစ်မြောက်သီတင်းကျွတ်မီးမျှောပူဇော်ပွဲတော် ရေပွဲဖွင့်ပွဲအခမ်းအနားကို ပျဉ်းမပင်ရပ်ကွက် ရွှေကျင်ချောင်းအတွင်းရှိ ရေပွဲကျင်းပရေး ဗဟိုမဏ္ဍပ်၌ အောက်တိုဘာ ၂၅ ရက်နံနက် ၉ နာရီခွဲက စည်တော်ကြီးဖောင်၊ လှော်ကားတော်ကြီးလှေ၊ ကရဝိက်ဖောင်တော်၊ တက်ခုတ်တက်ပျံယိမ်းစသည့် အကလှေများဖြင့် စည်ကားသိုက်မြိုက်စွာဖြင့် ဖဲကြိုးဖြတ်ဖွင့်လှစ်ခဲ့သည်။

တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မျိုးဝင်း၊ ပဲခူးတိုင်းဒေသကြီးလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးကြည်ဇင်၊ ပဲခူးတိုင်းဒေသကြီး သယံဇာတနှင့် ပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီး ဒေါက်တာစောညိုဝင်း၊ ကရင်တိုင်းရင်းသားလူမျိုးရေးရာ ဝန်ကြီး ဒေါ်နော်ပွယ်စေး၊ တိုင်းဒေသကြီး အမျိုးသားဒီမိုကရေစီ ဥက္ကဋ္ဌ ဦးသိန်းတန်၊ ရွှေကျင်မြို့နယ် သီတင်းကျွတ် မီးမျှောပွဲတော်ကျင်းပရေး ဗဟိုကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းထွန်းလင်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ဆက်လက်ပြီး တက်ခုတ် တက်ပျံနှင့် ယိမ်းအဖွဲ့များက အလှည့်ကျပြိုင်ပွဲဝင်ကြပြီးနောက် အနယ်နယ်အရပ်ရပ်မှ ပွဲတော်လာ ဧည့်ပရိသတ်များကို လှည့်လည်ဖျော်ဖြေပေးကြသည်။

**ထွန်းထွန်းဇော်(ပြန်/ဆက်)**

## ရန်ကုန်–မန္တလေး–ပြည်ကားလမ်း ပြုပြင်ဆဲနေရာများ ညအချိန်သတိပြု သွားလာကြရန်လို

**ရေတာရှည် အောက်တိုဘာ ၂၅**
ကုန်စည်စီးဆင်းမှု အများဆုံးနှင့် အရှည်လျားဆုံး လမ်းမကြီးတစ်ခုဖြစ်သော ရန်ကုန်-မန္တလေး-ပြည်ထောင်စုလမ်းမကြီးအား လေးလမ်းသွားအဖြစ် အဆင့်မြှင့်ချဲ့ထွင်ဆောင်ရွက်လျက်ရှိရာ ရေတာရှည်မြို့နှင့် ဆွာမြို့အကြား အိုရီယံတယ်ဟိုင်းဝေးကုမ္ပဏီမှ တာဝန်ယူဆောင်ရွက်နေသော ဆောင်ရွက်ဆဲလမ်းပိုင်းသည် ယခုရက်ပိုင်း မိုးရွာသွန်းမှုများကြောင့် လုပ်ငန်းများခေတ္တရပ်တန့်ထားရကြောင်း သိရသည်။

ညပိုင်းမောင်းနှင်သွားလာကြသော ယာဉ်ကြီး၊ ယာဉ်ငယ်များအနေဖြင့် ဆောင်ရွက်ဆဲ ကားလမ်းဘေး မြေတူးထားသည့်နေရာများသည် အန္တရာယ်ရှိနိုင်ပြီး သတိပြုမောင်းနှင်ကြရန်လိုအပ်ကြောင်း ခရီးဝေးယာဉ်မောင်းတစ်ဦးက ပြောသည်။

"လေးလမ်းသွားအဖြစ် ဆောင်ရွက်တဲ့အပိုင်းမှာ လုပ်ရင်းတန်းလန်း မိုးတွေရွာလာတော့ လုပ်ငန်းခေတ္တရပ်လိုက်ရတဲ့ အနေအထားမှာ ယာဉ်မောင်းတွေအနေနဲ့ သတိထားမောင်းနှင်ကြစေချင်ပါတယ်။ မတော်တဆ လမ်းဘေးရောက်သွားရင်တော့ အန္တရာယ်ရှိနိုင်ပါတယ်" ဟု ၎င်းက ဆက်လက်ပြောသည်။

**ကိုလွင်(ဆွာ)**



သံတောင်ကြီးမြို့နယ် သံတောင်မြို့ပသိချောင်း၌ သီတင်းကျွတ်လပြည့်နေ့ အများပြည်သူရုံးပိတ်အားလပ်ရက်ဖြစ်သောကြောင့် လာရောက်အပန်းဖြေရေကစားသူများဖြင့် စည်ကားလျက်ရှိကြောင်းသိရသည်။ ဘောဂလီ (ပြန်/ဆက်)

## ချင်းပြည်နယ်ထန်တလန်၌ ချင်းရိုးရာ THO ပွဲစည်ကားစွာကျင်းပ

**ထန်တလန် အောက်တိုဘာ ၂၅**
ချင်းပြည်နယ် ထန်တလန်မြို့ လာလ်လွဲအားကစားကွင်းတွင် ချင်းရိုးရာ THO ပွဲကို TYA (Thantlang Youth Association) လူငယ်များက ဦးဆောင်၍ အောက်တိုဘာ ၂၄ ရက် နံနက် ၁၀ နာရီက ကျင်းပခဲ့သည်။

အဆိုပါ ချင်းရိုးရာ THO ပွဲတွင် ချင်းပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာမှုထန်းက ချင်းရိုးရာ THO ပွဲကျင်းပရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းကာ ထန်တလန်လှပျိုဖြူလေးများက ချင်းရိုးရာ ဝတ်စားဆင်ယင်မှုများကို ပြသသည်။

ထို့နောက် ချင်းရိုးရာ အသုံးအဆောင်ပစ္စည်းများပြသ ခြင်း၊ ခြံထွက်သီးနှံများ ပြသခြင်းနှင့် ဝါးပင်တက်၊ ခေါင်းအုံးရိုက်၊ မိန်းကလေး ဘော်လီဘောပြိုင်ပွဲ၊ ချင်းနပန်းသတ်ပွဲများ ဆက်လက်ကျင်းပသည်။

ညနေပိုင်းတွင် ပွဲစဉ်အနေဖြင့် 2018 Miss Thantlang ပေးပွဲကျင်းပရာ ထန်တလန်လှပျိုဖြူ ၁၈ ဦးက ပါဝင်ယှဉ်ပြိုင်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

တိုတိုထွာထွာဖတ်စရာ

## သီတင်းကျွတ်မီးထွန်းပွဲနှင့် ဈေးရောင်းပွဲကျင်းပ

**ရန်ကုန်**
သန်လျင်လူမှုကွန်ရက်က ဦးဆောင်၍ ပရဟိတအဖွဲ့များ ပူးပေါင်းကာ သီတင်းကျွတ်မီးထွန်းပွဲတော်နှင့် ဈေးရောင်းပွဲတော်ကို အောက်တိုဘာ ၂၄ ရက် ညနေ ၆ နာရီက သန်လျင်မြို့ မြို့သစ်အရှေ့ရပ်ကွက် ပြည်တော်သာလမ်း (ယခင်-ရာဘာလမ်း) ရှိ ငြိမ်းချမ်းရေးကွင်း၌ ကျင်းပသည်။

အဆိုပါ သီတင်းကျွတ်မီးထွန်းပွဲတော်နှင့် ဈေးရောင်းပွဲတော်ကို အောက်တိုဘာ ၂၄ ရက်မှ ၂၈ ရက်အထိ နေ့စဉ် ညနေ ၆ နာရီမှ ည ၁၁ နာရီအထိ ဂီတ၊ မျက်လှည့်၊ တေးသရုပ်ဖော် အစီအစဉ်များနှင့် ပွဲတော်လာပြည်သူများအား သန်လျင်ပရဟိတအဖွဲ့များ၊ စုပေါင်းဖွင့်လှစ်ရောင်းချသော စားသောက်ကုန်ပစ္စည်းများ အမှတ်တရပစ္စည်းများအား ဈေးနှုန်းချိုသာစွာဖြင့် ရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သက်နိုင်(ပြန်/ဆက်)**

## ပထမအကြိမ် နိဗ္ဗာန်ဈေးပွဲတော်ကျင်းပ

**ကျောက်ပန်းတောင်း**
မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့ မြို့မရပ်ကွက်ရှိ ထိန်ကန်အရှေ့ကျောင်း ဓမ္မစကူးက ဦးဆောင် ပြုလုပ်သည့် ပထမအကြိမ် နိဗ္ဗာန်ဈေးပွဲတော်ကို သီတင်းကျွတ်လပြည့်နေ့ (အောက်တိုဘာ ၂၄ ရက်) ညနေ ၅ နာရီမှ ည ၇ နာရီခွဲအထိ အဆိုပါကျောင်းဝင်းရှိ စိန်ဘုန်းပွင့်စေတီတော်ပရိဝုဏ်၌ ကျင်းပသည်။

ဓမ္မစကူး ကျောင်းသား ကျောင်းသူများ၊ ကျောင်းသားမိဘများနှင့် မြို့ပေါ်မှ လာရောက်ကြည့်ရှုလေ့လာကြသူများဖြင့် စည်ကားများပြားပြီး မြန်မာ့ရိုးရာစားစရာမုန့်များလည်း အထူးဝယ်ယူအားပေးခဲ့ကြကြောင်း သိရသည်။

ထိန်ကန်အရှေ့ကျောင်း ဓမ္မစကူးတွင် ကျောင်းသားကျောင်းသူ ၄၀၀ ကျော်ရှိကြောင်း သိရသည်။

**ကိုနေ(ကျောက်ပန်းတောင်း)**

## SME ချေးငွေအကြောင်းဟောပြော

**ပင်းတယ**
ရှမ်းပြည်နယ်(တောင်ပိုင်း) ပင်းတယမြို့နယ် ဒေသဦးစီးအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ (SME) ချေးငွေအကြောင်း သိကောင်းစရာများကို အောက်တိုဘာ တတိယပတ်က ကျင်းပသည်။

ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ ဥက္ကဋ္ဌ ဦးအာကာလင်းက အဖွင့်အမှာစကားပြောကြားပြီး CBဘဏ်၊ KBZဘဏ်၊ ဧရာဝတီဘဏ်၊ SMID ဘဏ်၊ ပထမ ပုဂ္ဂလိကဘဏ်၊ မြန်မာနိုင်ငံသားဘဏ်၊ ယူနိုက်တက်အမရာဘဏ်၊ MADBဘဏ်နှင့် MEBဘဏ်များမှ ကိုယ်စားလှယ်များက ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင်ရှိသည့် SME များအနေဖြင့် လုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရန်အတွက် ဘဏ်များမှ ချေးငွေလိုအပ်သည့်အခါ ဆောင်ရွက်ရမည့်အချက်များ၊ ချေးငွေဆိုင်ရာ သိကောင်းစရာများကို အသီးသီးရှင်းလင်းတင်ပြခဲ့ကြသည်။

ထို့နောက် တက်ရောက်လာသည့် လုပ်ငန်းရှင်များနှင့် တောင်သူများက သိလိုသည်များကို မေးမြန်းဆွေးနွေးကြရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## ကွမ်းယာနှင့် ဆေးရွက်ကြီးထွက်ပစ္စည်းများ သုံးစွဲမှုထိန်းချုပ်ရေးလှုံ့ဆော်

**ရမည်းသင်း**
မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ကွမ်းယာနှင့် ဆေးရွက်ကြီးထွက်ပစ္စည်းသုံးစွဲမှု အန္တရာယ်နှင့်သက်ဆိုင်သည့် ရုပ်ပုံနှင့်ပညာပေးနံရံကပ်ပိုစတာများကို အောက်တိုဘာ ၂၀ ရက်မှစတင်၍ လူစည်ကားသည့် မြို့မဈေး၊ ဘူတာရုံနှင့် ကားဂိတ်များ၊ ဈေးဆိုင်များတွင် လူထုလှုံ့ဆော်လှုပ်ရှားမှုများအဖြစ် ပိုစတာများကပ်လျက်ရှိကြောင်း သိရသည်။

ကွမ်းယာနှင့် ကွမ်းစားဆေးများစားသုံးခြင်း၊ ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်းများ သောက်သုံးခြင်း၏ နောက်ဆက်တွဲကျန်းမာရေးဆိုးကျိုးနှင့် အန္တရာယ်များကို မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဌာနမှူး ဒေါက်တာမြင့်မြင့်မော်နှင့် ဝန်ထမ်းများက ပညာပေးရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

**ရမည်းသင်းခရိုင်(ပြန်/ဆက်)**

*နိုင်ငံတော်တည်ဆောက်ရာတွင် နိုင်ငံတော်အချုပ်အခြာအာဏာ၏ ခက်မသုံးဖြာဖြစ်သည့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးဟူသည့် မဏ္ဍိုင်ကြီးသုံးရပ်ဖြင့် အချင်းချင်း အပြန်အလှန် ထိန်းကျောင်းဆောင်ရွက်သည်ဟု ဆိုထားရာ ဥပဒေဆိုင်ရာ အကြောင်းအရာများကို ပြည်သူများ သိရှိလေ့လာနိုင်ရန် စာရေးသူ မောင်စာဂ၏ ဥပဒေနှင့်စပ်ဆိုင်သော ဆောင်းပါးများကို ဖော်ပြပေးသွားပါမည်။ ဆောင်းပါးတွင် ပါရှိသည့် အကြောင်းအရာများသည် စာရေးသူ၏အာဘော်သာဖြစ်ပါသည်။ (စာတည်းအဖွဲ့)*



# မြန်မာနိုင်ငံရွေးကောက်ပွဲများနှင့် မြန်မာအမျိုးသမီးလွှတ်တော်အမတ်များ

မောင်စာဂ

## မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီခေတ် ရွေးကောက်ပွဲများ

၁၉၆၂ ခုနှစ် မတ်လ ၂ ရက်နေ့တွင် ဗိုလ်ချုပ်ကြီး နေဝင်းဦးဆောင်သော တော်လှန်ရေးကောင်စီသည် နိုင်ငံတော်၏ အာဏာအရပ်ရပ်ကို ရယူကျင့်သုံးခဲ့သည်။ ဗိုလ်ချုပ်ကြီးနေဝင်း ဥက္ကဋ္ဌအဖြစ် ဦးဆောင်သော တော်လှန်ရေးကောင်စီကို ဖွဲ့စည်းခဲ့သည်။ ၁၉၆၂ ခုနှစ် မတ်လ ၃ ရက်နေ့တွင် တော်လှန်ရေးကောင်စီသည် ပြည်ထောင်စုမြန်မာနိုင်ငံ၏ ပါလီမန်ဆိုင်ရာ လွှတ်တော်နှစ်ရပ်ကို ဖျက်သိမ်းလိုက်သည်။ ၁၉၆၂ ခုနှစ် ဇူလိုင်လ ၄ ရက်နေ့တွင် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီကို ဖွဲ့စည်းတည်ထောင်ခဲ့သည်။ နိုင်ငံတော်၏ စီးပွားရေးစနစ်ကို ဆိုရှယ်လစ်စီးပွားရေးစနစ်ဖြင့် အစားထိုးခဲ့သည်။ နိုင်ငံတော်၏ အုပ်ချုပ်ရေးစနစ်ကို ဆိုရှယ်လစ်စနစ်ဖြင့် ပြောင်းလဲ၍ စီမံအုပ်ချုပ်ခဲ့သည်။

## ဖွဲ့စည်းပုံအခြေခံဥပဒေကိုပြဋ္ဌာန်းခြင်း

တော်လှန်ရေးကောင်စီသည် ပြည်တော်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေကို ရေးဆွဲကာ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲပြုလုပ်၍ ၁၉၇၄ ခုနှစ် ဇန်နဝါရီလ ၃၀ ရက်နေ့တွင် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲဖြင့် အတည်ပြုပြဋ္ဌာန်းခဲ့သည်။

## ပြည်သူ့လွှတ်တော်ဖွဲ့စည်းခြင်း

၁၉၇၄ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ပြည်သူ့လွှတ်တော်တစ်ရပ်ထားရှိသည်။ ပြည်သူ့လွှတ်တော်ကို ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ရွေးချယ်တင်မြှောက်ခြင်းဆိုင်ရာဥပဒေအရ ဆန္ဒမဲပေးပိုင်ခွင့်ရှိသော နိုင်ငံသားများက လျှို့ဝှက်ဆန္ဒမဲဖြင့် တိုက်ရိုက်ရွေးချယ် တင်မြှောက်သည့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းထားရှိသည်။ လွှတ်တော်ကိုယ်စားလှယ်ဦးရေကို မြို့နယ်အလိုက် လူဦးရေကိုအခြေပြု၍ သတ်မှတ်သည်။ လူဦးရေတစ်သိန်းအောက်ရှိ မြို့နယ်တွင် မဲဆန္ဒနယ် တစ်ခုသာရှိပြီး ကိုယ်စားလှယ်ဦးရေတစ်ဦးဖြစ်သည်။ လူဦးရေ တစ်သိန်းအထက်ရှိသော မြို့နယ်တွင် မဲဆန္ဒနယ် နှစ်ခုထားရှိပြီး ကိုယ်စားလှယ်ဦးရေ နှစ်ဦးသတ်မှတ်သည်။

ပြည်သူ့လွှတ်တော်သည် နိုင်ငံသားများ၏ ကိုယ်စား နိုင်ငံတော်၏ အချုပ်အခြာအာဏာကို ခံယူကျင့်သုံးသော နိုင်ငံတော်၏ အမြင့်ဆုံးအာဏာပိုင်အဖွဲ့အစည်းဖြစ်သည်။ ပြည်သူ့လွှတ်တော်၏ ပုံမှန်သက်တမ်းသည် ပထမအကြိမ်အစည်းအဝေးစတင်ကျင်းပသည့်နေ့မှ စ၍လေးနှစ်ဖြစ်သည်။

## ရွေးကောက်တင်မြှောက်ပုံနည်းစနစ်

ပြည်သူ့လွှတ်တော်အတွက် ပြည်သူ့ကိုယ်စားလှယ်များကို ရွေးချယ်တင်မြှောက်ပွဲ ကျင်းပသည့်အခါ ပြည်နယ်နှင့်တိုင်း ပြည်သူ့ကောင်စီ၊ မြို့နယ်ပြည်သူ့ကောင်စီ၊ ရပ်ကွက်နှင့် ကျေးရွာအုပ်စု ပြည်သူ့ကောင်စီ အဆင့်ဆင့်တို့အတွက် ပြည်သူ့ကောင်စီကိုယ်စားလှယ်များကိုလည်း တစ်ပြိုင်တည်း ရွေးချယ်တင်မြှောက်ပါသည်။

ကိုယ်စားလှယ်လောင်းအမည်စာရင်း တင်သွင်းရာတွင် မဲဆန္ဒနယ်တစ်ခုတွင် ကိုယ်စားလှယ်လောင်းတစ်ဦးသာ တင်သွင်းရသည်။ ယင်းကိုယ်စားလှယ်လောင်း တစ်ဦးကို မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ၏ ဦးဆောင်လမ်းညွှန်မှုဖြင့် သတ်မှတ်ပါသည်။ ယှဉ်ပြိုင်သူမရှိပါ။ ဆန္ဒမဲပေးခွင့်ရှိသူအားလုံး၏ ထက်ဝက်ကျော် လာရောက်ဆန္ဒမဲပေးလျှင် ရွေးကောက်ပွဲ အထမြောက်သည်။ လာရောက်ဆန္ဒမဲပေးသူများ၏ ထက်ဝက်ကျော်က ထောက်ခံဆန္ဒမဲပြုလျှင် ရွေးချယ်တင်မြှောက်ခြင်းခံရသူဖြစ်သည်။

## ရွေးကောက်ပွဲများကျင်းပခြင်း

ပထမအကြိမ်ပြည်သူ့လွှတ်တော်နှင့် ပြည်သူ့ကောင်စီအဆင့်ဆင့် ရွေးချယ်တင်မြှောက်ပွဲများကို ၁၉၇၄ ခုနှစ် ဒီဇင်ဘာလ ၇ ရက်နေ့တွင် ကျင်းပခဲ့သည်။ ရွေးချယ်တင်မြှောက်ပွဲကျင်းပရေးကော်မရှင်ကို ဥက္ကဋ္ဌ ဦးစိုးရ အပါအဝင် ၂၇ ဦးဖြင့် ဖွဲ့စည်းပေးခဲ့သည်။

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်နှင့် ပြည်သူ့ကောင်စီအဆင့်ဆင့် ရွေးချယ်တင်မြှောက်ပွဲများကို ၁၉၇၇ ခုနှစ် ဩဂုတ်လ ၁၉ ရက်နေ့တွင် ကျင်းပခဲ့သည်။ ရွေးချယ်တင်မြှောက်ပွဲ ကျင်းပရေးကော်မရှင်ကို ဥက္ကဋ္ဌ ဒေါက်တာမန်းသက်စံ အပါအဝင် ၁၉ ဦးဖြင့် ဖွဲ့စည်းခဲ့သည်။

တတိယအကြိမ် ပြည်သူ့လွှတ်တော်နှင့် ပြည်သူ့ကောင်စီအဆင့်ဆင့် ရွေးချယ်တင်မြှောက်ပွဲများကို ၁၉၈၁ ခုနှစ် မတ်လ ၂၀ ရက်နေ့တွင် ကျင်းပခဲ့သည်။ ရွေးချယ်တင်မြှောက်ပွဲကျင်းပရေး ကော်မရှင်ကို ဥက္ကဋ္ဌ ဦးဘငြိမ်း အပါအဝင် ၁၅ ဦးဖြင့် ဖွဲ့စည်းခဲ့သည်။

စတုတ္ထအကြိမ် ပြည်သူ့လွှတ်တော်နှင့် ပြည်သူ့ကောင်စီအဆင့်ဆင့် ရွေးချယ်တင်မြှောက်ပွဲများကို ၁၉၈၅ ခုနှစ် မတ်လ ၂၂ ရက်နေ့တွင် ကျင်းပခဲ့သည်။ ရွေးချယ်တင်မြှောက်ပွဲ ကျင်းပရေးကော်မရှင်ကို ဥက္ကဋ္ဌ ဦးဘမော် အပါအဝင် ၁၅ ဦးဖြင့် ဖွဲ့စည်းခဲ့သည်။

## ရွေးကောက်တင်မြှောက်ခြင်းခံရသည့် အမျိုးသမီးလွှတ်တော်ကိုယ်စားလှယ်များ

ရွေးကောက်ပွဲတွင် ရွေးကောက်တင်မြှောက်ခြင်းခံရသည့် အမျိုးသမီးလွှတ်တော်ကိုယ်စားလှယ်များကို မဲဆန္ဒနယ်များနှင့်ယှဉ်တွဲ၍ ရွေးကောက်ပွဲများကျင်းပသည့် နှစ်အလိုက် ဖော်ပြပေးလိုပါသည်။ ထိုအချိန်မှစ၍ အမတ်ဟု ခေါ်ဝေါ်သုံးစွဲခဲ့ခြင်းမရှိတော့ဘဲ လွှတ်တော်ကိုယ်စားလှယ်ဟုသာ သုံးနှုန်းခေါ်ဝေါ်ခဲ့သည်။

## ၁၉၇၄ ခုနှစ် ပထမအကြိမ်ရွေးကောက်ပွဲ

ရွေးကောက်ပွဲတွင် လွှတ်တော်ကိုယ်စားလှယ် ၅၀၀ ဦးရွေးကောက်တင်မြှောက်ခဲ့သည်။ ထိုအထဲမှ ရွေးကောက်တင်မြှောက်ခံရသော အမျိုးသမီးလွှတ်တော်ကိုယ်စားလှယ်များမှာ ဒေါ်တင်တင်နု (ချောင်းဦး)၊ ဒေါ်တင်ယဉ် (ဟုမ္မလင်း)၊ ဒေါ်သိန်းတင် (ပြည်-၁)၊ ဒေါ်ကြည် (မြစ်သား)၊ ဒေါ်ကြူကြူမား (ကျိုင်းတုံ-၂)၊ ဒေါ်နန်းစုစုစံ (ကွန်ဟိန်း)၊ ဒေါ်ကျင်စိန် ( ကျုံပျော်-၂ )၊ ဒေါ်သန်းမြင့် (ပုသိမ်အရှေ့ -၂)၊ ဒေါ်ဌေးအောင် (ဘိုကလေး -၂) တို့ဖြစ်သည်။

## ၁၉၇၈ ခုနှစ် ဒုတိယအကြိမ်ရွေးကောက်ပွဲ

ရွေးကောက်ပွဲတွင် လွှတ်တော်ကိုယ်စားလှယ် ၄၈၈ ဦး ရွေးကောက်တင်မြှောက်ခဲ့သည်။ ထိုအထဲမှ ရွေးကောက်တင်မြှောက်ခံရသော အမျိုးသမီး လွှတ်တော်ကိုယ်စားလှယ်များမှာ ဒေါ်တင်ယဉ် (ဟုမ္မလင်း)၊ ဒေါ်တင်တင်ရွှေ ( စလင်း-၁ )၊ ဒေါ်မြင့်သိန်း ( မိတ္ထီလာ-၁ )၊ ဒေါ်ခင်ကြည် (မန္တလေးအနောက်တောင်-၂)၊ ဒေါ်ကြည် (မြစ်သား-၁)၊ ဒေါ်သန်းဆွေ (သံတွဲ)၊ ဒေါ်မေမေအောင် (မင်္ဂလာတောင်ညွန့်-၂)၊ ဒေါ်ကြည်ကြည်စိန် ( သင်္ဃန်းကျွန်း-၁ )၊ ဒေါ်နန်းစုစုစံ (ကွန်ဟိန်း)၊ ဒေါ်ကြူကြူမား (ပင်လောင်း)၊ ဒေါ်သန်းမြင့် ( ပုသိမ်အရှေ့-၂)၊ ဒေါ်မြသွင် (လပွတ္တာ-၂)၊ ဒေါ်ကြီးလှ ( အိမ်မဲ-၂) မဲဆန္ဒနယ်တို့ဖြစ်သည်။ ၎င်းတို့တွင် ဒေါ်တင်ယဉ်၊ ဒေါ်ကြည်၊ ဒေါ်ကြူကြူမားနှင့် ဒေါ်နန်းစုစုစံတို့သည် ၁၉၇၄ ခုနှစ် ပထမအကြိမ် ရွေးကောက်ပွဲတွင်လည်း ရွေးကောက်တင်မြှောက်ခံရသူများဖြစ်သည်။

## ၁၉၈၁ ခုနှစ် တတိယအကြိမ်ရွေးကောက်ပွဲ

ရွေးကောက်ပွဲတွင် လွှတ်တော်ကိုယ်စားလှယ်ဦးရေ ၅၁၅ ဦး ရွေးကောက် တင်မြှောက်ခဲ့သည်။ ထိုအထဲမှ ရွေးကောက်တင်မြှောက်ခံရသော အမျိုးသမီး လွှတ်တော်ကိုယ်စားလှယ်များမှာ ဒေါ်နော်ကလိုထူး(ဖာပွန်-၁)၊ ဒေါ်အေးမြင့် (နတ်တလင်း-၂)၊ ဒေါ်လှသန်း (ဝေါ -၁)၊ ဒေါ်ခင်ကြည် (မန္တလေးအနောက်တောင်-၂)၊ ဒေါ်သန်းဆွေ (မြစ်သား-၁)၊ ဒေါ်မြင့်မြင့်ဆွေ (အမရပူရ-၁)၊ ဒေါ်သိန်းညွန့် (တာမွေ-၂)၊ ဒေါ်မေမေအောင် (မင်္ဂလာတောင်ညွန့်-၂)၊ ဒေါ်ခင်ခင် (ပြည်) (သာကေတ-၁)၊ ဒေါ်ကြည်ကြည်စိန် (သင်္ဃန်းကျွန်း-၁)၊ ဒေါ်နန်းယွန် (ကွတ်ခိုင်-၁)၊ ဒေါ်နန်းသိန်းဟန် (နမ့်ခမ်း)၊ ဒေါ်ကြူကြူမား (ပင်လောင်း) နှင့် ဒေါ်နော်မြူရီယယ်(လ်) ထွန်းကျော် (မအူပင်-၂) မဲဆန္ဒနယ်တို့ဖြစ်သည်။ ၎င်းတို့တွင် ဒေါ်ခင်ကြည်၊ ဒေါ်မေမေအောင်၊ ဒေါ်ကြည်ကြည်စိန်၊ ဒေါ်ကြူကြူမားတို့သည် ၁၉၈၁ ခုနှစ် ဒုတိယအကြိမ် ရွေးကောက်ပွဲတွင်လည်း ရွေးကောက်တင်မြှောက်ခံရသည်။

## ၁၉၈၅ ခုနှစ် စတုတ္ထအကြိမ်ရွေးကောက်ပွဲ

ရွေးကောက်ပွဲတွင် လွှတ်တော်ကိုယ်စားလှယ် ၅၂၃ ဦး ရွေးကောက်တင်မြှောက်ခဲ့သည်။ ထိုအထဲမှ ရွေးကောက်တင်မြှောက်ခံရသော အမျိုးသမီးလွှတ်တော် ကိုယ်စားလှယ်များမှာ ဒေါ်နော်ကလိုထူး (ဖာပွန်-၁)၊ ဒေါ်တင်ယဉ် (ဟုမ္မလင်း-၁)၊ ဒေါ်အေးမြင့် (နတ်တလင်း-၂)၊ ဒေါ်တင်ရီ (လက်ပံတန်း-၂)၊ ဒေါ်လှသန်း (ဝေါ-၁)၊ ဒေါ်ငြိမ်းငြိမ်း (မင်းဘူး-၂)၊ ဒေါ်ခင်ကြည် (မန္တလေးအနောက်တောင်-၂)၊ ဒေါ်သန်းဟန် (တာမွေ-၂)၊ ဒေါ်ကျင်ဇဒိမ်း(ဒေါပုံ)၊ ဒေါ်မေမေအောင် (မင်္ဂလာတောင်ညွန့်-၂)၊ ဒေါ်နော်မြူရီယယ်(လ်)ထွန်းကျော် (ရန်ကင်း)၊ ဒေါ်ကြည်ကြည်စိန် (သင်္ဃန်းကျွန်း-၁)၊ ဒေါ်နန်းယွန် (ကွတ်ခိုင်-၁)၊ ဒေါ်ကြူကြူမား (ညောင်ရွှေ-၁)၊ ဒေါ်နန်းသိန်းဟန် (နမ့်ခမ်း)၊ ဒေါ်မြသွင် (လပွတ္တာ-၂) မဲဆန္ဒနယ်တို့ဖြစ်သည်။ ၎င်းတို့တွင် ဒေါ်တင်ရီ၊ ဒေါ်ငြိမ်းငြိမ်း၊ ဒေါ်သန်းဟန်နှင့် ဒေါ်ကျင်ဇဒိမ်းတို့သည် စတုတ္ထအကြိမ်တွင် ပါဝင်လာခြင်းဖြစ်ပြီး ကျန်သူများမှာ ယခင်ရွေးကောက်ပွဲများတွင်လည်း ရွေးကောက်တင်မြှောက်ခြင်းခံရသူများ ဖြစ်ပါသည်။

## ဒီမိုကရေစီအရေး တောင်းဆိုဆန္ဒပြမှုများ ပေါ်ပေါက်လာခြင်း

၁၉၈၈ ခုနှစ် နှစ်ဦးပိုင်းမှစ၍ နိုင်ငံတော်အတွင်း ဒီမိုကရေစီအရေး ဆန္ဒပြမှုများ ပေါ်ပေါက်လာခဲ့သည်။ ၁၉၈၈ ခုနှစ် ဇူလိုင်လ ၂၃၊ ၂၄ နှင့် ၂၅ ရက်နေ့တို့တွင် ကျင်းပသော မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ အရေးပေါ်ပါတီညီလာခံတွင် ပါတီဥက္ကဋ္ဌကြီး ဦးနေဝင်းသည် နိုင်ငံတော်၏အခြေအနေ အရပ်ရပ်ကို ရှင်းလင်းပြောကြားသည့် မိန့်ခွန်းတစ်ရပ်ပြောကြားခဲ့ပြီးနောက် ပါတီဥက္ကဋ္ဌကြီးနှင့် ဒုတိယဥက္ကဋ္ဌတို့ ရာထူးတာဝန်များမှ အနားယူခဲ့သည်။

၁၉၈၈ ခုနှစ် ဇူလိုင်လ ၂၆ ရက်နေ့တွင် ကျင်းပသော မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ ဗဟိုကော်မတီ ဒသမအကြိမ် အစည်းအဝေးက ပါတီဥက္ကဋ္ဌနေရာတွင် ဦးစိန်လွင်ကို တင်မြှောက်သည်။ ၁၉၈၈ ခုနှစ် ဇူလိုင်လ ၂၇ ရက်နေ့တွင် ကျင်းပသော စတုတ္ထအကြိမ် ပြည်သူ့လွှတ်တော်၏ အရေးပေါ်အစည်းအဝေးက ဦးစိန်လွင်ကို နိုင်ငံတော်ကောင်စီဥက္ကဋ္ဌအဖြစ် တင်မြှောက်သည်။ ဦးစိန်လွင် နိုင်ငံတော်သမ္မတဖြစ်လာသည်။ နိုင်ငံတော်ကို ဆိုရှယ်လစ်လမ်းစဉ်၊ ဆိုရှယ်လစ် စနစ်ဖြင့်ပင် ဆက်လက်စီမံအုပ်ချုပ်ခဲ့သည်။ ယင်းအချိန်ကာလသည် ပြည်သူလူထုတစ်ရပ်လုံးက ဒီမိုကရေစီအရေး တောင်းဆိုလှုပ်ရှားဆန္ဒပြနေကြသည့် အချိန်ကာလဖြစ်သည်။ ၁၉၈၈ ခုနှစ် ဩဂုတ်လ ၁၂ရက်နေ့တွင် နိုင်ငံတော်ကောင်စီ၏ အမိန့်ကြော်ငြာစာအမှတ် ၁၀၈/၈၈ အရ ဦးစိန်လွင်အား နိုင်ငံတော်ကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်သမ္မတတာဝန်များနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ်မှ နုတ်ထွက်ခွင့်ပြုခဲ့သည်။

## ပါတီစုံအထွေထွေရွေးကောက်ပွဲကော်မရှင်

၁၉၈၈ ခုနှစ် ဩဂုတ်လ ၁၉ ရက်နေ့တွင်ကျင်းပသော မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ ဗဟိုကော်မတီ ၁၁ ကြိမ်မြောက် အစည်းအဝေးတွင် ဒေါက်တာမောင်မောင်အား လမ်းစဉ်ပါတီ ဥက္ကဋ္ဌအဖြစ် တင်မြှောက်သည်။ ၁၉၈၈ ခုနှစ် ဩဂုတ်လ ၁၉ ရက်နေ့တွင်ကျင်းပသော စတုတ္ထအကြိမ် ပြည်သူ့လွှတ်တော် အရေးပေါ်အစည်းအဝေးတွင် ဒေါက်တာမောင်မောင်အား နိုင်ငံတော်ကောင်စီဥက္ကဋ္ဌအဖြစ် တင်မြှောက်သည်။ ဒေါက်တာမောင်မောင် သမ္မတဖြစ်လာသည်။ နိုင်ငံတော်ကောင်စီသည် ၁၈-၈-၁၉၈၈ ရက်စွဲဖြင့် ကြေညာချက်အမှတ် ၁၃/၈၈ ကို ထုတ်ပြန်ခဲ့သည်။ ယင်းကြေညာချက်တွင် ၁၃၅၀ ပြည့်နှစ် တော်သလင်းလဆန်း ၁ ရက်( ၁၁-၉-၁၉၈၈ ) ရက်နေ့တွင် ကျင်းပသည့် စတုတ္ထအကြိမ် ပြည်သူ့လွှတ်တော် အရေးပေါ်အစည်းအဝေး၌ နိုင်ငံတော်အေးချမ်းတည်ငြိမ်လာစေရေး၊ ပြည်သူများ စိတ်အေးချမ်းသာရှိလာရေးနှင့် ထူးခြားသောအခြေအနေတစ်ရပ်ကို ဖြေရှင်းနိုင်ရေးတို့အတွက် အခြေခံဥပဒေကိုခြွင်းချက်ပြုပြီး ပါတီစုံစနစ်ဖြင့် အထွေထွေရွေးကောက်ပွဲကျင်းပနိုင်ရန် လွှတ်တော်က ဆုံးဖြတ်ခဲ့သည့်အချက်များ ဖော်ပြခဲ့သည်။

အဆိုပါအချက်များထဲတွင် ပါတီစုံစနစ်ဖြင့် အထွေထွေရွေးကောက်ပွဲများကျင်းပရန် အချက်ပါရှိသည်။ စတုတ္ထအကြိမ် ပြည်သူ့လွှတ်တော် ပဥ္စမအစည်းအဝေးက ဖွဲ့စည်းပေးထားသော ရွေးချယ်တင်မြှောက်ပွဲကျင်းပရေးကော်မရှင်ကို ဖျက်သိမ်းရန်ပါရှိသည်။ တရားမျှတသော ရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ရွေးကောက်ပွဲကော်မရှင်တွင် ဦးဘဌေး (အငြိမ်းစားဘဏ္ဍာတော်မင်းကြီး)နှင့် ဦးကျော်ညွန့်၊ ဦးစန်းမောင်၊ ဦးစောကြာဒိုး၊ ဆရာချယ်တို့ကို ရွေးချယ်တာဝန်ပေးရန် ပါရှိသည်။

နိုင်ငံတော်သမ္မတ ဒေါက်တာမောင်မောင်သည် အထက်ကြေညာချက်ပါအတိုင်း ပါတီစုံစနစ်ဖြင့် အထွေထွေရွေးကောက်ပွဲများ ကျင်းပပေးရန် လိုအပ်သည်များကိုဆောင်ရွက်ခဲ့သည်။ သို့သော် ရွေးကောက်ပွဲများ ကျင်းပပေးနိုင်ခဲ့ခြင်း မရှိခဲ့ပါ။

နိုင်ငံတော်တစ်ဝန်းလုံးတွင် အဘက်ဘက်မှ ယိုယွင်းနေသော အခြေအနေကို အချိန်မီ ထိန်းသိမ်းနိုင်ရန် ပြည်သူပြည်သားအားလုံးအကျိုးငှာ တပ်မတော်သည် နိုင်ငံတော် အာဏာအရပ်ရပ်ကို တာဝန်ယူလိုက်ကြောင်းဖြင့် ၁၈-၉-၁၉၈၈ ရက်စွဲပါ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့၏ ကြေညာချက်အမှတ် ၁/၈၈ ဖြင့်ထုတ်ပြန်ခဲ့သည်။ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့က နိုင်ငံတော်၏ ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေး အာဏာသုံးရပ်ကို ရယူကျင့်သုံး၍ စီမံအုပ်ချုပ်ခဲ့သည်။

မြန်မာနိုင်ငံတွင်ပြောင်းလဲလာသည့် ခေတ်ကာလအလိုက် ကျင်းပခဲ့သော ရွေးကောက်ပွဲများဆိုင်ရာ အကြောင်းအရာများကို ဆက်လက်ဖော်ပြပါမည်။ ။



## အခွန်နဲ့ပတ်သက်ပြီး စုံစမ်းစစ်ဆေးခံနေရတဲ့ ဂျန်ဒုံဂန်နဲ့ ကမ်နမ်ဂျူ

တောင်ကိုရီးယားရဲ့ နာမည်ကျော်တွေဖြစ်ကြတဲ့ မင်းသား ဂျန်ဒုံဂန်နဲ့ မင်းသမီး ကမ်နမ်ဂျူတို့ဟာ လတ်တလောမှာ အခွန်ကိစ္စနဲ့ပတ်သက်ပြီး စုံစမ်းစစ်ဆေးမှုတွေ ခံယူနေရကြောင်း ဟန်စင်းနီးမားဒေ့ါကွန်းက ရေးသား ဖော်ပြခဲ့ပါတယ်။

ဂျန်ဒုံဂန်ကတော့ ယခုလ လလယ်ပိုင်းမှာ အကောက်ခွန်ဌာနရဲ့ စုံစမ်းမှုတွေ စတင်ခံယူခဲ့ရတာဖြစ်ပြီး ကမ်နမ်ဂျူကတော့ ယခုလအစပိုင်းကတည်းက စုံစမ်းခံခဲ့ရတာဖြစ်တယ်လို့လည်း သိရပါတယ်။

# Korean Popular Culture & Arts Awards မှာ အသက်အငယ်ဆုံးသော ဆုရှင်တွေဖြစ်လာတဲ့ BTS

တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့ အမျိုးသားတေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ "BTS"ဟာ လတ်တလောမှာတော့ မှတ်တိုင်သစ်တစ်ခုကို ထပ်မံစိုက်ထူနိုင်ခဲ့ပြီ ဖြစ်ပါတယ်။ ယခုနှစ်အတွက် ကျင်းပခဲ့တဲ့ "Korean Popular Culture & Arts Awards" ဆုပေးပွဲမှာ "BTS"ဟာ ထူးချွန်ဆု ဆွတ်ခူးနိုင်ခဲ့ပြီး အဆိုပါဆုပေးပွဲ သမိုင်းတစ်လျှောက် အသက်အငယ်ဆုံးသော ထူးချွန်ဆုရှင်တွေလည်း ဖြစ်လာခဲ့ကြောင်း ကိုရီးယားဘိုးဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

"BTS" အဖွဲ့ဟာ ပြီးခဲ့တဲ့ အောက်တိုဘာ ၂၄ ရက်မှာ ပြုလုပ်ခဲ့တဲ့ " Korean Popular Culture & Arts Awards" ဆုပေးပွဲကို တက်ရောက်ခဲ့တာဖြစ်ပြီး ယင်းဆုပေးပွဲမှာ ထူးချွန်ဆုလက်ခံရယူအပြီး ရိုက်ကူးထားတဲ့ ဓာတ်ပုံတွေကို အဖွဲ့ရဲ့ တရားဝင်လူမှုကွန်ရက်စာမျက်နှာတစ်ခုဖြစ်တဲ့ တွစ်တာပေါ်မှာ ဆုပေးပွဲအပြီး နောက်နေ့မှာ ဖော်ပြခဲ့တာကိုလည်း တွေ့ရပါတယ်။ ဓာတ်ပုံရဲ့ အောက်မှာတော့ အတူတကွ ရယူခဲ့ကြတဲ့ ဆုဖြစ်ကြောင်းနဲ့ ကျေးဇူးတင်ကြောင်း ရေးသားဖော်ပြထားတာကိုလည်း တွေ့ရပါတယ်။

"Korean Popular Culture & Arts Awards" ဆုဟာ ယဉ်ကျေးမှုနဲ့ သက်တိုင်တဲ့ ဆုတစ်ခုဖြစ်ပြီး နိုင်ငံရဲ့ ယဉ်ကျေးမှုနဲ့ပတ်သက်ပြီး တိုးတက်အောင်ဆောင်ရွက်နိုင်သူတွေကို ချီးမြှင့်တာ ဖြစ်ပါတယ်။ ဒီဆုကို တောင်ကိုရီးယားသမ္မတ မွန်းဂျေအင်းက ပေးအပ်တာဖြစ်တယ်လို့လည်း သိရပါတယ်။



# ရုပ်ရှင်သစ်မှာ တွဲဖက်ပါဝင်ခဲ့ကြတဲ့ ယွန်းအွန်ဟေးနဲ့ ချန်ဂျန်မြောင်

တောင်ကိုရီးယားရဲ့ နာမည်ကျော်ကြယ်ပွင့်နှစ်ဦး ပေါင်းစပ်ပါဝင်ထားတဲ့ ရုပ်ရှင်သစ်ဟာ မကြာမီမှာ ပရိသတ်ရှေ့ ရောက်လာတော့မှာ ဖြစ်ပါတယ်။ မင်းသမီး ယွန်းအွန်ဟေးနဲ့ မင်းသား ချန်ဂျန်မြောင်တို့ တွဲဖက်ပါဝင်ထားတဲ့ ဇာတ်လမ်းတွဲ ရုပ်ရှင်သစ်အတွက် ရည်ရွယ်ရိုက်ကူးထားတဲ့ ဓာတ်ပုံတွေကို လတ်တလောမှာ ထုတ်ဖော်ပြသလာတာတွေ့ရကြောင်း စွန်ပီဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

"Love Alert"လို့ အမည်ပေးထားတဲ့ အဆိုပါ ဇာတ်လမ်းတွဲရုပ်ရှင်ကို MBN ရုပ်သံလိုင်းမှ ရိုက်ကူးထုတ်လွှင့်သွားမှာဖြစ်ပြီး လတ်တလောမှာတော့ ရုပ်ရှင်သစ်အတွက် ပိုစတာဓာတ်ပုံနှစ်ပုံကို ထုတ်ဖော်ပြသခဲ့တာပါ။ ယင်းဓာတ်ပုံတွေကိုတော့ မဂ္ဂဇင်းမျက်နှာဖုံးဓာတ်ပုံပုံစံ ရိုက်ကူးထားတာကိုလည်း တွေ့ရပါတယ်။




ဒီဇာတ်လမ်းတွဲမှာတော့ ယွန်းအွန်ဟေးဟာ နာမည်ကျော်မင်းသမီးတစ်ဦးအဖြစ် ပါဝင်ထားပြီး ချန်ဂျန်မြောင်ကတော့ ဆရာဝန်တစ်ဦးအဖြစ် ပါဝင်ထားတာပါ။ ဒီရုပ်ရှင်မှာတော့ ကြယ်ပွင့်တစ်ဦးနဲ့ ဆရာဝန်တစ်ဦးအကြားက အချစ်ဇာတ်လမ်းကို တွေ့မြင်ခံစားကြရမှာ ဖြစ်ပါတယ်။ ယွန်းအွန်ဟေး ပါဝင်ထားတဲ့ ဇာတ်ကောင်ဟာ ယွန်းယိုဂျန်းလို့ အမည်ရပြီး ချန်ဂျန်မြောင်ရဲ့ ဇာတ်ကောင်ကတော့ ချာဝူဟွန်း ဖြစ်တယ်လို့လည်း သိရပါတယ်။

"Love Alert"ဟာ ထိပ်တန်းကြယ်ပွင့်နဲ့ ကျော်ကြားတဲ့ ဆရာဝန်တို့ရဲ့အချစ်ကို ပုံဖော်ထားတဲ့ စိတ်ကူးယဉ်အချစ်ဇာတ်လမ်း ဖြစ်ပါတယ်။ ယွန်းအွန်ဟေး ပါဝင်ထားတဲ့ ဇာတ်ကောင်ဟာ အထီးကျန်သူတစ်ဦးဖြစ်ပြီး အချစ်နဲ့ပတ်သက်ရင် အမြဲစိတ်ကူးယဉ်နေတတ်သူတစ်ဦးလည်း ဖြစ်ပါတယ်။ ဒီဇာတ်လမ်းတွဲမှာတော့ သူတို့နှစ်ဦးရဲ့ အချစ်ဟာ ဟန်ဆောင်အချစ်အဖြစ် အဆုံးသတ်ခဲ့ရတာလည်း ဖြစ်ပါတယ်။

ဒီဇာတ်လမ်းတွဲကို အောက်တိုဘာ ၃၁ ရက်မှာ အထူးပွဲ ပြသထုတ်လွှင့်သွားမှာဖြစ်ပြီး အွန်လိုင်းကနေတစ်ဆင့် ကြည့်ရှုနိုင်မှာ ဖြစ်ကြောင်းလည်း သိရပါတယ်။

## တစ်ကိုယ်တော်တေးသံရှင်တွေအဖြစ်သာ တွေ့မြင်ရတော့မယ့် Fifth Harmony အဖွဲ့သားများ

ပေါ့ပ်တေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ "Fifth Harmony" ဟာ အဖွဲ့ဝင်ငါးဦးနဲ့ စတင်တည်ထောင်ခဲ့တာဖြစ်ပါတယ်။ အဖွဲ့ဝင်တစ်ဦးဖြစ်သူ ကမ်မီလာကပ်ဘဲလို အဖွဲ့ကနေ နုတ်ထွက်ခဲ့ပြီး တစ်ကိုယ်တော်တေးသံရှင်တစ်ဦးအဖြစ် ရပ်တည်ခဲ့ပြီးနောက် နှစ်နှစ်ခန့်အကြာမှာတော့ ကျန်အဖွဲ့ဝင်တွေဟာလည်း တစ်ကိုယ်တော်တေးသံရှင်တွေအဖြစ် ဆက်လက်လျှောက်လှမ်းကြတော့မှာ ဖြစ်ပါတယ်။ မကြာမီမှာတော့ အဖွဲ့ဝင်တွေရဲ့ တေးသီချင်းတွေကို ခံစားကြရမှာဖြစ်ပါတယ်။

"Fifth Harmony" ဟာ အဖွဲ့ရဲ့ တတိယမြောက်တေးအယ်လ်ဘမ်လည်းဖြစ်၊ ကမ်မီလာကပ်ဘဲလို မပါဝင်တဲ့ ပထမဆုံးသော အဖွဲ့ရဲ့ တေးအယ်လ်ဘမ်လည်းဖြစ်တဲ့ "Fifth Harmony"ကို ထုတ်လွှင့်ပြီးနောက်မှာတော့ အဖွဲ့ဝင်တစ်ဦးချင်းစီဟာ တစ်ကိုယ်တော်တေးသံရှင်တွေအဖြစ် ရပ်တည်ကာ ကိုယ်ပိုင်တေးသီချင်းတွေ ဖန်တီးရေးသား သီဆိုသွားကြမှာလည်း ဖြစ်ပါတယ်။ ဒါကြောင့် မကြာမီမှာတော့ "Fifth Harmony"ရဲ့ လက်ရာစုံတဲ့ တေးသီချင်းတွေကို ပရိသတ်တွေအနေနဲ့ ခံစားရတော့မှာ ဖြစ်ပါတယ်။



## ပထမဆုံးသော တစ်ကိုယ်တော် တေးသီချင်းအတွက် ဓာတ်ပုံကို ဖော်ပြလာတဲ့ ဂျန်းနီ




ကေပေါ့ပ်ကြယ်ပွင့်တစ်ဦးအဖြစ် အဖွဲ့လိုက်အနုပညာလှုပ်ရှားမှုတွေကို လုပ်ဆောင်ခဲ့ပြီးနောက် ဂျန်းနီဟာ တစ်ကိုယ်တော်တေးသံရှင်တစ်ဦးအဖြစ် စတင်ခြေလှမ်းပြင်ခဲ့တာ ဖြစ်ပါတယ်။ လတ်တလောမှာတော့ သူ့ရဲ့ တစ်ကိုယ်တော် တေးအယ်လ်ဘမ်သစ်အတွက် ရည်ရွယ်ရိုက်ကူးထားတဲ့ ဓာတ်ပုံကို ထုတ်ဖော်ပြသခဲ့ကြောင်း အောကေပေါ့ပ်ဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

တောင်ကိုရီးယား အမျိုးသမီးတေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ "BLACK PINK"ရဲ့ အဖွဲ့ဝင် တစ်ဦးဖြစ်သူ ဂျန်းနီဟာ အဖွဲ့ဝင်တွေအနက် တစ်ကိုယ်တော်တေးသီချင်းကို စတင်ထုတ်လွှင့်ခဲ့သူလည်း ဖြစ်ပါတယ်။ ကျန်အဖွဲ့ဝင်သုံးဦးကလည်း မကြာမီမှာ တစ်ကိုယ်တော်တေးသီချင်းသစ်တွေ ကိုယ်စီကိုယ်စီထုတ်လွှင့်သွားဖို့ရာ စီစဉ်ထားကြောင်းလည်း သိရပါတယ်။

လတ်တလောမှာ ထုတ်ဖော်ပြသလာတဲ့ ဂျန်းနီရဲ့ တစ်ကိုယ်တော်တေးသီချင်းသစ်အတွက် ဓာတ်ပုံနဲ့အတူ တေးသီချင်းသစ် စတင်ထုတ်လွှင့်ပေးသွားမယ့်ရက်ကိုလည်း ထုတ်ဖော်ပြောကြားခဲ့တာ တွေ့ရပါတယ်။ ဒီတေးသီချင်းသစ်ကိုတော့ လာမယ့် နိုဝင်ဘာ ၁၂ ရက်မှာ စတင်ထုတ်လွှင့်ပေးသွားမှာပါ။ လတ်တလောဖော်ပြခဲ့တဲ့ ဓာတ်ပုံမှာတော့ ဂျန်းနီကို စတော်ဘယ်ရီသီးတစ်လုံးနှယ် နီရဲနေတဲ့ အပြင်အဆင်တွေနဲ့ တွေ့မြင်ခဲ့ရတာလည်း ဖြစ်ပါတယ်။

## အသက် ၃၄ ပြည့်ခဲ့ပြီဖြစ်တဲ့ ကတ်တီပါရီ

ပေါ့ပ်ကြယ်ပွင့်ကတ်တီပါရီဟာ လတ်တလောမှာတော့ အသက် ၃၄ နှစ် ပြည့်မြောက်ခဲ့ပြီ ဖြစ်ပါတယ်။ သူ့ရဲ့ မွေးနေ့မှာတော့ သူနဲ့ လုပ်ဖော်ကိုင်ဖက်တွေဖြစ်ကြတဲ့ "American Idol"အဖွဲ့သားတွေက မွေးနေ့အမှတ်တရတွေ ဖန်တီးပေးခဲ့ကြောင်း အီးတီအွန်လိုင်းဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ပြီးခဲ့တဲ့ အောက်တိုဘာ ၂၅ ရက်မှာတော့ ကတ်တီပါရီဟာ အသက် ၃၄ နှစ် ပြည့်ခဲ့တာ ဖြစ်ပါတယ်။ သူ့ရဲ့ မွေးနေ့ပွဲမှာတော့ ကတ်တီပါရီ အကဲဖြတ်ဒိုင်အဖြစ် ပါဝင်ဆောင်ရွက်နေတဲ့ "American Idol" အဖွဲ့သားတွေက မွေးနေ့လက်ဆောင်တွေ ပေးခဲ့တယ်လို့ သိရပါတယ်။ ပေါ့ပ်ကြယ်ပွင့်ကတော့ ဒီနှစ်မွေးနေ့မှာ လူမှုကွန်ရက်မီဒီယာတွေပေါ်မှာ တိတ်ဆိတ်နေတာကိုလည်း တွေ့ရပါတယ်။

အေးပြည့် - စုစည်းသည်

# တရုတ်ဆရာဝန်များ အတွင်းတိမ်မျက်စိဝေဒနာရှင်များအား အခမဲ့ ကုသပေးမည်



**ရန်ကုန် အောက်တိုဘာ ၂၅**

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် မျက်စိအတွင်းတိမ်ကုသရေးအဖွဲ့နှင့် ဝိသာခါဖောင်ဒေးရှင်းတို့ ပူးပေါင်းဆောင်ရွက်သည့် အလင်းရောင်ခရီးစဉ် လှုပ်ရှားမှုတွင် မျက်စိအတွင်းတိမ်လူနာ ၂၀၀ အား အခမဲ့ခွဲစိတ်အလင်းဒါနပြု လှူဒါန်းခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းက သီတဂူရွှေပြည်ဟိန်း စက္ခုဒါနဆေးရုံ၌ ကျင်းပသည်။

အဆိုပါအခမ်းအနားသို့ သီတဂူရွှေပြည်ဟိန်း စက္ခုဒါနဆေးရုံမှ ဦးဆောင်ဆရာတော် အရှင်ခေမာသီရိလင်္ကာရ၊ မြန်မာနိုင်ငံဆေးကောင်စီဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာ အက်စ်ကျော်လှ၊ တရုတ်သံအမတ်ကြီး၏ဇနီး Madam Wang Xue Hong၊ ဝိသာခါဖောင်ဒေးရှင်း ဦးဆောင်နာယက ပါမောက္ခ ဒေါက်တာ ဝင်းမင်းသစ်၊ ယူနန်ပြည်နယ် နိုင်ငံတကာဆက်ဆံရေးအသင်း ဒုတိယအတွင်းရေးမှူးချုပ် Mr.Peng Shao Yun၊ ယူနန်ပြည်နယ်ဆေးပညာရှင်အဖွဲ့ ခေါင်းဆောင် Mr.Zhao Jian Feng နှင့် ဆရာဝန်၊ သူနာပြုများ၊ ဝိသာခါဖောင်ဒေးရှင်းဒုတိယဥက္ကဋ္ဌ ဒေါ်ရွှေစင်နှင့် ဖောင်ဒေးရှင်းအဖွဲ့ဝင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာနိုင်ငံဆေးကောင်စီဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာ အက်စ်ကျော်လှက အဖွင့်အမှာစကားပြောကြားသည်။

ယင်းနောက် တရုတ်သံအမတ်ကြီး၏ဇနီး Madam Wang Xue Hong က "၂၀၁၈ ခုနှစ် တရုတ်နိုင်ငံယူနန်ပြည်နယ်က မြန်မာနိုင်ငံ ရန်ကုန်မြို့ အလင်းရောင်ခရီးစဉ်လှုပ်ရှားမှုကို အောက်တိုဘာ ၂၄ ရက်ကနေ ၃၀ ရက် အထိ သီတဂူရွှေပြည်ဟိန်း စက္ခုဒါနဆေးရုံမှာ ပြုလုပ်ပြီး မျက်စိအတွင်းတိမ်ဝေဒနာရှင် ၂၀၀ ကို အခမဲ့ခွဲစိတ်ကုသပေးသွားမှာဖြစ်ပါတယ်။ ဒီလှုပ်ရှားမှု အစီအစဉ်ကို တရုတ်နိုင်ငံ ယူနန်ပြည်နယ် လူမှုအဖွဲ့အစည်း နိုင်ငံတကာဖလှယ်ရေး တိုးမြှင့်ရေးအသင်း၊ တရုတ်နိုင်ငံ လူမှုရေးအဖွဲ့အစည်း နိုင်ငံတကာကူးလူးဆက်ဆံမှု ချစ်ကြည်ရေးဖောင်ဒေးရှင်းတို့က ဦးဆောင်ပြီး လုပ်ဆောင်ခြင်းဖြစ်ပါတယ်" ဟု ပြောသည်။

အဆိုပါ တရုတ်နိုင်ငံမျက်စိကုသရေးအဖွဲ့အနေဖြင့် ၂၀၁၃ ခုနှစ်ကတည်းက မြန်မာနိုင်ငံတွင် အလင်းရောင်ခရီးစဉ် အစီအစဉ်ကို ကိုးကြိမ်တိုင်တိုင် ဆောင်ရွက်ခဲ့ကာ အတွင်းတိမ်ဝေဒနာရှင်ပေါင်း ၂၂၁၇ ဦးအထိ မျက်စိအခမဲ့ခွဲစိတ်ပေးနိုင်ခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် ဝိသာခါဖောင်ဒေးရှင်း ဦးဆောင်နာယက ပါမောက္ခ ဒေါက်တာ ဝင်းမင်းသစ်၊ ယူနန်နိုင်ငံတကာကူးလူးဆက်ဆံမှု ချစ်ကြည်ရေးဖောင်ဒေးရှင်းမှ အထွေထွေအတွင်းရေးမှူးနှင့် ဆေးကုသရေးအဖွဲ့ ခေါင်းဆောင် Mr. Peng Shao Yun တို့က အတွင်းတိမ်မျက်စိဝေဒနာရှင်များကို ခွဲစိတ်မှုဆောင်ရွက်မည့် အကြောင်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

တရုတ်နိုင်ငံ ယူနန်ပြည်နယ် လူမှုအဖွဲ့အစည်း နိုင်ငံတကာ ကူးလူးဖလှယ်ရေး တိုးမြှင့်ရေးအသင်းနှင့် နိုင်ငံတကာကူးလူးဆက်ဆံမှု ချစ်ကြည်ရေးဖောင်ဒေးရှင်းတို့က မျက်စိအတွင်းတိမ်ဝေဒနာရှင်၂၀၀ ကို ခွဲစိတ်ကုသရာတွင် လိုအပ်သည့်ဆေးဝါးပစ္စည်းများအတွက် ငွေကျပ်သိန်း ၄၅၀ တန်ဖိုးရှိ ဆေးဝါးပစ္စည်းအစုံအလင်ဖြင့် အခမဲ့ခွဲစိတ်ကုသလှူဒါန်းမှုနှင့် သီတဂူရွှေပြည်ဟိန်း စက္ခုဒါနဆေးရုံနှင့် လူနာများအတွက် ထောက်ပံ့ငွေကျပ်သိန်း ၈၀ စုစုပေါင်းငွေကျပ် သိန်း ၅၃၀ လှူဒါန်းမှုကို ဦးဆောင်ဆရာတော် အရှင်ခေမာသီရိလင်္ကာရက လက်ခံရယူခဲ့သည်။ **(အပေါ်ပုံ)** **မြင့်မောင်စိုး**

# ရဟန်းစောင့်ရှောက်ရသော ပိဋကတ် ဗီဒီယိုဇာတ်ကား ရိုက်ကူးပြသမည်

**ရန်ကုန် အောက်တိုဘာ ၂၅**

ပုညနိမ္မိတာရာမ ရွှေသုဝဏ်ကျောင်းတိုက် ပဓာနနာယက အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ရွှေသုဝဏ်ဆရာတော် ဒေါက်တာဘဒ္ဒန္တသဒ္ဓိယ၏ လောကဓမ္မအမွေအနှစ်များကိုစုစည်းလျက် ဗုဒ္ဓစာပေအဖွဲ့က ကြီးကြပ်၍ စာရေးဆရာ ဒါရိုက်တာ ဦးသုခ၏ တပည့်ဇာတ်ညွှန်းဒါရိုက်တာ မျိုးဟိန်းရိုက်ကူးမည့် "ရဟန်းစောင့်ရှောက်ရသော ပိဋကတ်" ဗီဒီယိုဇာတ်ကား ကန်တော့ပွဲပေးခြင်းအခမ်းအနားကို ယနေ့နံနက် ၉ နာရီက ရန်ကုန်မြို့ သင်္ဃန်းကျွန်းမြို့နယ် ကြီးပွားရေးရပ်ကွက်ရှိ အဆိုပါကျောင်းတိုက်၌ ကျင်းပသည်။

ရှေးဦးစွာ ဇာတ်ကားတွင် ပါဝင်သရုပ်ဆောင်မည့် အနုပညာရှင်၊ အတတ်ပညာရှင်၊ အသိပညာရှင်များက အနန္တောအနန္တငါးပါးအမှူးထား၍ သာသနာပွဲဖြင့် ကန်တော့ကြသည်။

ထို့နောက် ဗုဒ္ဓစာပေအဖွဲ့ဝင် အတွင်းရေးမှူး ဦးညွန့်မောင်၊ ဇာတ်ညွှန်း ဒါရိုက်တာ မျိုးဟိန်း၊ ဓမ္မဒါနထုတ်လုပ်သူအလှူရှင် သိရောမဏိ ကျောက်မျက်ရတနာကုမ္ပဏီနှင့် မဟာရွှေဇမ္ဗူကုမ္ပဏီ ဥက္ကဋ္ဌ အဂ္ဂမဟာသီရိသုဓမ္မ



မဏိဇောတရေ ဦးထွန်းထွန်းနှင့် ဝဏ္ဏကျော်ထင် Artist လှမြင့်ဆွေတို့က "ရဟန်းစောင့်ရှောက်ရသော ပိဋကတ်" ဗီဒီယိုဇာတ်ကား အောင်မြင်ဖြစ်တည်ရေး၊ ဇာတ်အိမ်၊ ဇာတ်ကား တည်ဆောက်ပုံ၊ ယင်းဇာတ်ကား ထူးခြားစွာ ထွက်ပေါ်လာခြင်းတို့နှင့်စပ်လျဉ်း၍ အသီးသီး ပြောကြားကြသည်။

ယင်းဇာတ်ကားတွင် ပါဝင်သရုပ်ဆောင်မည့် အကယ်ဒမီ ချိုပြုံးက "ကျွန်မ ကမ္ဘာအရပ်ရပ်ကို ရောက်ခဲ့ပါတယ်။ အဲဒီနိုင်ငံတွေရဲ့သံရုံးတွေမှာ 'ရဟန်းမစားရသော ဆွမ်းတစ်နပ်' ဇာတ်ကားကို သိမ်းထားတယ်။ ဝမ်းသာဂုဏ်ယူရပါတယ်။ ဒီ 'ရဟန်းစောင့်ရှောက်ရသော ပိဋကတ်' ဇာတ်ကားကိုလည်း နိုင်ငံတိုင်းမှာ နောင်လာနောက်သားတွေကို ပြသနိုင်မယ့် သိမ်းထားရမယ့် ဗီဒီယိုကားဖြစ်ပါစေလို့ ဆုမွန်ကောင်း တောင်းပါတယ်။ ရုပ်ရှင်ကားကြီးအဖြစ်လည်း ရိုက်နိုင်ပါစေလို့ဆုတောင်းပါတယ်" ဟု ပြောသည်။

"ရဟန်းစောင့်ရှောက်ရသော ပိဋကတ်" ဗီဒီယိုဇာတ်ကားကို ရွှေသုဝဏ်ဆရာတော်ကြီးက ၁၉၅၆ ခုနှစ် ဆဋ္ဌသင်္ဂါယနာတင် ခဲစာလုံးပုံနှိပ် ပိဋကတ်သုံးပုံကို ကွန်ပျူတာစနစ်ဖြင့် သာသနာတော်အဓွန့်ရှည်ရေးအတွက် ငါးနှစ်ကျော်ကြာ ကြိုးစားအားထုတ်ခဲ့သည်ကို ပါရမီဖြည့်သောအနေဖြင့် ရိုက်ကူးခြင်းဖြစ်ပြီး အကယ်ဒမီ ချိုပြုံး၊ အကယ်ဒမီ အောင်ခိုင်၊ အကယ်ဒမီ ဝါဝါအောင်နှင့် သရုပ်ဆောင်များစွာ ပါဝင်မည်ဖြစ်ကြောင်း သိရသည်။

**ရီရီမြင့်**

# ယင်းမာပင်မြို့နယ်အတွင်းရှိ ဖိုလ်ဝင်တောင်သို့ ဘုရားဖူးများ လာရောက်မှုများပြား

**ယင်းမာပင် အောက်တိုဘာ ၂၅**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ယင်းမာပင်မြို့နယ်ရှိ ဖိုလ်ဝင်တောင်သို့ ဘုရားဖူးများ လာရောက်မှုမှာ တစ်နှစ်ထက်တစ်နှစ် များပြားလာကြောင်း ဖိုလ်ဝင်တောင်ဂေါပကဥက္ကဋ္ဌ ဦးချိုဦးက ပြောသည်။

အဆိုပါ ဖိုလ်ဝင်တောင်သည် ဇော်ဂျီဦးဖိုးဝင်း ဖိုလ်ဝင်ခဲ့ရာမှ ထွက်ရပ်ပေါက်ဖြစ်သွားသည်ကို အစွဲပြုပြီး ဖိုလ်ဝင်တောင်ဟုခေါ်ဆိုခဲ့ကြောင်း၊ ထိုဖိုလ်ဝင်တောင်ပေါ်တွင် ဘုရားပေါင်း လေးသိန်းလေးသောင်း ခြောက်ထောင့်လေးရာ လေးဆယ့်လေးဆူ (ရွှေလသာဝါဝါဝင်း)ရှိကြောင်း၊ ဂူပေါင်း ကိုးရာလေးဆယ့်ခုနစ်ဂူရှိကာ ပုံစံအမျိုးမျိုးရှိပြီး ထိုဂူများထဲမှ ရှေးနံရံဆေးရေးပန်းချီလက်ရာများ ယခုထက်ရှိနေဆဲဂူတစ်ရာ့နှစ်ဆယ်ကျော်ရှိကာ ပြည်တွင်း၊ ပြည်ပခရီးသွားများ လာရောက်လေ့လာကြကြောင်း၊ ဖိုလ်ဝင်တောင်ဘုရားပွဲတော်အား သီတင်းကျွတ်လပြည့်နေ့တွင် ကျင်းပကာ တောင်တော်သခင်မ(ဝါ)ဖိုလ်ဝင်အရှင်သခင်မအား တောင်၏သုံးမိုင်ပတ်လည်ရှိ ရွာများက အိုးစည်ဗုံမောင်းတို့ဖြင့် နှစ်စဉ်လာရောက်ပူဇော်ကြကြောင်း သိရသည်။

ပွဲတော်ကို တန်ဆောင်မုန်းလဆန်း ၁၀ ရက်မှ တန်ဆောင်မုန်းလပြည့်နေ့အထိ ကျင်းပလေ့ရှိကြောင်း၊သံဃာတော် ၁၁၁ ပါးပင့်ကာ တန်ဆောင်မုန်းလဆန်း ၁၄ ရက်နေ့ရောက်တိုင်း သံဃာ့ဒါနဆွမ်းလောင်းလှူပွဲအား နှစ်စဉ်နှစ်တိုင်း ဆွမ်းဆန်စိမ်းလောင်းလှူခဲ့ကြောင်း ဂေါပကဥက္ကဋ္ဌက ရှင်းပြသည်။ ဘုရားဖူးအများဆုံး လာရောက်လည်ပတ်သည့်လများသည် သီတင်းကျွတ်လမှ တန်ခူးလအထိဖြစ်ပြီး အခြားအချိန်များတွင် ဘုရားဖူးလာရောက်သူ ပုံမှန်ရှိသော်လည်း နည်းပါးကြောင်း သိရသည်။

အဆိုပါ ဖိုလ်ဝင်တောင်သို့ သွားရာလမ်းသည် မုံရွာမြို့မှ ၁၅ မိုင်အကွာတွင်ရှိပြီး ဆားလင်းကြီးမြို့မှ ခုနစ်မိုင်၊ ပုဂံ-ညောင်ဦး-ပခုက္ကူဘက်မှလာလျှင် ပုသိမ်-မုံရွာလမ်းမကြီး လက်ပံတောင်းတောင် လမ်းဆုံမှ ဖိုလ်ဝင်တောင်သို့ ၁၂ မိုင် ကွာဝေးကာ သွားလမ်းသာ၍ အချိန်အနည်းငယ်အတွင်း ခရီးပေါက်ကြောင်း ဖိုလ်ဝင်တောင်ဂေါပကအဖွဲ့ဝင် ဦးပေါ်တင်ထံမှ သိရသည်။

ဖိုလ်ဝင်တောင် ဘုရားဝင်းအတွင်း ယာဉ်ရပ်နားရာနေရာများတွင် ဘုရားဖူးဧည့်သည်များအတွက် အခမဲ့ယာဉ်ရပ်နားရာ နေရာများအား လုံခြုံရေးဝန်ထမ်းများက စနစ်တကျကြီးကြပ်၍ ဖိုလ်ဝင်တောင်ပေါ်မျောက်စာရောင်းချသည့် ဈေးသည်များကိုလည်း စနစ်တကျ ရောင်းချစေကာ ဖိုလ်ဝင်တောင် သန့်ရှင်းသာယာလှပစေရေး၊ ဘုရားဖူးများ စိတ်ချမ်းသာစေရေး အမြဲဦးစားပေးဆောင်ရွက်ကြောင်း၊ ဖိုလ်ဝင်တောင်မှ ရွှေဘတောင်သို့ နှစ်ဖာလုံသာကွာဝေးကြောင်း၊ ရွှေဘတောင်သည် ယင်းမာပင်ခရိုင် ဆားလင်းကြီးမြို့နယ်ထဲတွင် ပါဝင်ကြောင်း သိရသည်။ ဖိုလ်ဝင်တောင်နှင့် ရွှေဘတောင်သည် ကပ်လျက်ရှိနေပြီး ဘုရားဖူးသူများ လာရောက်လေ့လာသင့်သော နေရာဖြစ်ကြောင်း ကျောက်ပန်းတောင်းမြို့မှ ဘုရားဖူးဧည့်သည် ဒေါ်ရွှန်းရတီစံက ပြောသည်။

**ကိုထိန်(ငါ့သရောက်)**

# မြန်မာရွှေ့ပြောင်းအလုပ်သမား ၁၂ ဦး တာချီလိတ်မြို့၌ လွှဲပြောင်းပေးအပ်

**တာချီလိတ် အောက်တိုဘာ ၂၅**

မြန်မာနိုင်ငံမှ ထိုင်းနိုင်ငံသို့ တရားမဝင်သွားရောက်အလုပ်လုပ်ကိုင်နေသည့် မြန်မာရွှေ့ပြောင်းအလုပ်သမား ၁၂ ဦးကို ထိုင်းနိုင်ငံတာဝန်ရှိသူများက မြန်မာနိုင်ငံဘက်သို့ အောက်တိုဘာ ၂၅ ရက် နံနက် ၁၀ နာရီခန့်က တာချီလိတ်မြို့ရှိ မြန်မာ-ထိုင်း အမှတ် (၂) ချစ်ကြည်ရေးတံတား၌ ပြန်လည်လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

မြန်မာရွှေ့ပြောင်းအလုပ်သမားများမှာ ထိုင်းနိုင်ငံတွင် နယ်စပ်ဖြတ်ကျော်ခွင့်သက်တမ်းလွန်ခြင်းနှင့် အထောက်အထားမဲ့နေထိုင်ခြင်းတို့ကြောင့် ထိုင်းနိုင်ငံမှ မြန်မာနိုင်ငံသို့ ပြန်လည်စေလွှတ်ခြင်းဖြစ်ပြီး မြန်မာနိုင်ငံမှ တာဝန်ရှိသူများက လွှဲပြောင်းလက်ခံပြီးနောက်တွင် ၎င်းတို့၏ နေရပ်ဒေသများသို့ လုံခြုံချောမွေ့စွာ ပြန်နိုင်ရန်အတွက် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ အလုပ်သမားရေးရာ ဆက်ဆံရေးဦးစီးဌာန၊ လူကုန်ကူးမှုတိုက်ဖျက်ရေး ရဲတပ်ဖွဲ့၊ ထိုင်းနိုင်ငံ မယ်ဆိုင်မြို့ရောက် မြန်မာနိုင်ငံသားများ ကူညီစောင့်ရှောက်ရေး နှင့် စေ့စပ်ညှိနှိုင်းရေးကော်မတီဝင်တို့က ကူညီဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**စိုင်းအောင်ဇော်လင်း(မြန်/ဆက်)**

# မူဆယ်တွင် မီးပဒေသာလှည့်လည်ပူဇော်ပွဲနှင့် မီးပုံးပျံလွှတ်တင်ပူဇော်ပွဲ ကျင်းပ

**မူဆယ် အောက်တိုဘာ ၂၅**

ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်မြို့တွင် ပထမအကြိမ် မီးပဒေသာလှည့်လည်ပူဇော်ပွဲနှင့် မီးပုံးပျံလွှတ်တင်ပူဇော်ပွဲကို ယနေ့ညနေ ၆ နာရီက ပြုလုပ်ခဲ့ကြသည်။

မူဆယ်မြို့အတွင်းရှိ မူဆယ်၊ ၁၀၅ မိုင်၊ ရွှေလီနှင့် ကျယ်ဂေါင်တို့မှ ပရဟိတအသင်းများ၊ လူမှုကူညီရေးအသင်းများ၊ စာပေယဉ်ကျေးမှုအသင်းများနှင့် တိုင်းရင်းသားပေါင်းစုံတို့ စုစည်း၍ သီတင်းကျွတ်လပြည့် အဘိဓမ္မာအခါတော်နေ့တွင် မီးပဒေသာလှည့်လည်ပူဇော်ပွဲကို လေယာဉ်ကွင်းစုရပ်မှ စနစ်တကျစီတန်းလှည့်လည်ကာ ရွှေသမင်ဘုန်းတော်ကြီး ကျောင်းဝင်းအတွင်းရှိ မဟာဗောဓိညောင်ပင်နှင့် စေတီတော်မြတ်တို့အား လက်ယာရစ်သုံးကြိမ် လှည့်လည်မီးပူဇော်ပြီး အဆိုပါကျောင်းအတွင်းမှ လေယာဉ်ကွင်းစုရပ်သို့ ပြန်လည်ထွက်ခွာခဲ့ကာ လေယာဉ်ကွင်းစုရပ်တွင် တောင်ပိုင်းသားပရဟိတအသင်းက အမြင့် ၂၂ ပေရှိ မီးပုံးပျံအကြီး နှစ်လုံးနှင့် မီးပုံးပျံအသေး အလုံး ၄၀၀ တို့ကို လွှတ်တင်၍ မြတ်စွာဘုရားရှင်အား ဆီမီးပူဇော်ခဲ့ကြကြောင်း သိရသည်။

**ယု(ဟီးရိုး)(မြန်/ဆက်)**

# ကျေးဇူးဥပကာရအထူးတင်ရှိခြင်း

၂၃–၁၀–၂၀၁၈ရက်နေ့တွင် (၂၃)လမ်းနှင့်မဟာဗန္ဓုလလမ်းထိပ်၊ လသာမြို့နယ်၊ ရန်ကုန်မြို့၌ ကျင်းပပြုလုပ်ခဲ့သော ရွှေနန်းတော်စိန်ရွှေရတနာဆိုင်၏ (၇)ဆိုင်မြောက်ဆိုင်သစ် **Grand Opening** ဖွင့်ပွဲတွင် တစ်နေကုန်ကြွရောက် ချီးမြှင့်အားပေးခဲ့ကြသော မိတ်ဆွေများ၊ ရတနာပစ္စည်းများကိုစောင့်ဆိုင်း၍ ကြိတ်ကြိတ်တိုးဝယ်ယူအားပေးခဲ့ကြသော မိတ်ဟောင်းမိတ်သစ်ရတနာချစ်သူများ၊ ပါဝင်ကူညီပေးခဲ့ကြသော နိုင်ငံကျော်အနုပညာရှင်များ၊ အဆိုတော်များ၊ **Dancer**များ၊ **UMFCCI,** မြန်မာနိုင်ငံကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်းနှင့် အသင်းခွဲများ၊ မြန်မာနိုင်ငံရွှေလုပ်ငန်းရှင်များအသင်း၊ **MWEA**၊ အ.ထ.က(၁) ဒဂုံ၊ ရန်ကုန်နှင့် မန္တလေးဆေးတက္ကသိုလ်၊ **MBA Program**မှသူငယ်ချင်းများ၊ ဂုဏ်ပြုပန်းစည်းပန်းခြင်းများလက်ဆောင်ပေးသောစီးပွားရေးနယ်ပယ် အသီးသီးမှ လုပ်ငန်းရှင်ကြီးများ၊ အသင်းအဖွဲ့များ၊ဒါရိုက်တာအဖွဲ့ဝင်များ၊မန်နေဂျာနှင့် ဝန်ထမ်းများအားလုံးကို လှိုက်လှိုက်လှဲလှဲ အထူးပင်ကျေးဇူးတင်ရှိပါကြောင်း ရွှေနန်းတော်စိန်ရွှေရတနာဆိုင်မိသားစုမှမှတ်တမ်းတင်ဂုဏ်ပြုအပ်ပါသည်။

ဒေါက်တာအောင်ကျော်ဝင်း + ဒေါက်တာသက်သက်ခိုင်
သမီးသက်ရတနာကျော်ဝင်း
ရွှေနန်းတော်စိန်ရွှေရတနာဆိုင်၊ **Forever Gems by** ရွှေနန်းတော်













အမှတ်(၁၁၃)၊ (၂၃)လမ်းနှင့်မဟာဗန္ဓုလလမ်းထိပ်၊ သိမ်ကြီးဈေးမီးပွိုင့်အနီး၊ လသာမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း- ၀၉-၈၉ ၉၀၀၉၀၃၃၊ ၀၉-၈၉ ၉၀၀၉၀၄၄၊ ၀၉-၈၉ ၉၀၀၉၀၅၅


M.K.T Construction Co.,Ltd
မြန်မာသက္ကရာဇ် ၁၃၈၀ ခုနှစ် ၊ သီတင်းကျွတ် အခါသမယတွင်
မြန်မာပြည်သူပြည်သားများအားလုံး
ကျန်းမာ ချမ်းသာ ပျော်ရွှင်ပြီး ကံကောင်းခြင်း မင်္ဂလာအဖြာဖြာနှင့်
ပြည့်စုံပါစေကြောင်း ဆုမွန်ကောင်း တောင်းအပ်ပါသည်။
ရုံးချုပ်-အမှတ်(၁၁၁)၊ (၄၂)လမ်း၊ မဟာဗန္ဓုလလမ်း နှင့် ကုန်သည်လမ်းကြား၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။ ☎ ၀၁-၈၃၈၂၄၂၃၊ ၀၁-၈၃၉၈၁၉၁၊ ၀၁-၈၂၄၅၅၇၈၆ 📱 ၀၉-၄၄၃၀၇၂၂၅၀၊ ၀၉-၈၆၃၁၀၅၇
Website: www.mktconstruction.com Email: marketing@mktconstruction.com. Facebook: www.facebook.com/mktconstruction.mm


"Singapore နိုင်ငံမှတင်သွင်းပြီး နှည့်၍ Quality ကောင်းမွန်သော အိပ်ရာခင်း၊ စောင် ၊ ခေါင်းအုံး ၊ ဖက်လုံး ၊ မွေ့ရာများကို လက်လီလက္ကား ဝယ်ယူရရှိနိုင်ပါသည်။"
GOLDEN EDEN®
SLEEP SOLUTIONS
Bedsheet Comforter Pillow
Bolster Mattress
Kaday Myaing Co., Ltd
Imported from Singapore
Promotion
marketplace
by City Mart
26 oct to 28 oct 2018
Authorized Sole Distributor in Myanmar
Bldg 31, Rm.no 5, Sabai St, Near Yuzana Plaza.Ph: 01 203671, 205756


" 30 % ပေးချေပြီးသည် နှင့် သော့ရရှိနိုင်မည့် အခွင့်အရေး "
Luxury House
2Storey Single Shop House
(၃၆)လဝီဝီ အရစ်ကျပေးချေနိုင်သည့် အခွင့်အရေး.......
ရွှေကမ်းသာယာ အိမ်ရာ
ဖုန်း−၆၅၀၅၃၅၊၆၆၆၀၈၃၊၆၅၀၄၃၆၊၆၆၃၅၇၈ သို့ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။


HONDA | NCX
အားလုံး
ဈေးတွေ မြင့်တက်ကုန်ပြီနော်
Honda Wave 100
သုံးစွဲသူပြည်သူများအတွက် မူလဈေးနှုန်းဖြင့်
နောက်ဆုံး လက်ကျန်ပစ္စည်းရှိသည်အထိ
ရနိုင်မည့်အခွင့်အရေး
NEW WAVE 100
1190000 KYATS
START FROM
1,190,000 KYATS
CALL NOW 01385971
ဘယ်တော့မှမရနိုင်တဲ့
Honda ရဲ့ အတန်ဆုံးဈေး

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ တန်ဆောင်း၊ မွှာရုံ ဒါယိကာမကြီး (ရဟန်းမယ်တော်ကြီး)
## ဒေါ်ကြည်ဝင်းလွင်(ခ)ဒေါ်ခင်စ (ဂန့်ဂေါ)
## အသက် (၇၈) နှစ်

မကွေးတိုင်းဒေသကြီး၊ ဂန့်ဂေါမြို့နေ (ဦးဟန်-ဒေါ်မြို့ဟန်)တို့၏ သမီး၊ (ဦးဘိုးလှ-ဒေါ်ဖွားညွန့်)တို့၏ သမီးချွေးမ၊ ဦးဘိုသိန်း (သမဦးစီးဌာန-ငြိမ်း)၏ ဇနီး၊ ဂန့်ဂေါမြို့ကြက်ရိုးရွာ၊ အဘယာရာမကျောင်းတိုက်ဆရာတော် ဦးကေသရ (ဗိုလ်မှူးကျော်သူ-ငြိမ်း)၏ မယ်တော်ကြီး၊ ဒေါ်နန်းထိပ်တင်၊ ဦးမြတ်သွင်-ဒေါ်ငွေငွေကို၊ ဦးခင်မောင်ချို (ဒုတိယဗိုလ်မှူးကြီး၊ ငြိမ်း) (ညွှန်ကြားရေးမှူး၊ ခရိုင်အုပ်ချုပ်ရေးမှူး၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန)-ဒေါ်သီသီစိုး (Gems Lovers' collection)တို့၏ မွေးသမိခင်ကျေးဇူးရှင်၊ ဗိုလ်မှူးနေမျိုးကျော်-ဒေါ်မြနန်းအိမ်၊ မောင်အောင်ပိုင်ချို (Vape Secret and Myanmar Magic Store)၊ မမိုးစံကို၊ မောင်ကောင်းထက်၊ မောင်အောင်မျိုးခန့်၊ မကျော့ဌာနီတို့၏ အဘွား၊ မောင်ငြိမ်းချမ်းစံ၏ ဘွားဘွားကြီး ဒေါ်ကြည်ဝင်းလွင်(ခ)ဒေါ်ခင်စသည် ၂၅-၁၀-၂၀၁၈ (ကြာသပတေးနေ့) ညနေ ၅း၀၉နာရီတွင် Grand Hantha International Hospital ၌ ကွယ်လွန်သွားပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (သင်္ဂြိုဟ်မည့်ရက်အား ထပ်မံကြေညာပါမည်။)

ကျန်ရစ်သူမိသားစု

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ တန်ဆောင်း၊ မွှာရုံ ဒါယိကာမကြီး (ရဟန်းမယ်တော်ကြီး)
## ဒေါ်ကြည်ဝင်းလွင်(ခ)ဒေါ်ခင်စ(ဂန့်ဂေါ)
## အသက် (၇၈)နှစ်

မကွေးတိုင်းဒေသကြီး၊ ဂန့်ဂေါမြို့နေ (ဦးဟန်-ဒေါ်မြို့ဟန်)တို့၏သမီး၊ (ဦးဘိုးလှ-ဒေါ်ဖွားညွန့်)တို့၏ သမီးချွေးမ၊ ဦးအောင်ကြည်-ဒေါ်အုံးကြင် (ဟန်သစ်တည်းခိုခန်း၊ ဂန့်ဂေါမြို့)၊ ဦးဘိုသိန်း (သမဦးစီးဌာန-ငြိမ်း)၏ ဇနီး၊ (ဦးညိုဝင်း)-ဒေါ်မေရီလွင် (ကျောင်းအုပ်ကြီး-ငြိမ်း၊ ကလေးမြို့)၊ ဦးလှသိန်း-[ဒေါ်မေကြည်လွင် (ဦးစီးအရာရှိ-ငြိမ်း၊ သမဦးစီးဌာန)၊ ဦးအုန်းလွင် (လက်ထောက်ညွှန်ကြားရေးမှူး၊ အကောက်ခွန်ဦးစီးဌာန)-ဒေါ်ညွန့်ညွန့်ကြည်၊ [ဦးစန်းလွင် (ကျန်းမာရေးမှူး-ငြိမ်း)]-ဒေါ်လှဂျာ၊ (ဦးမြင့်သန်း)၊ ဒေါ်ဝင်းဝင်းလှ၊ ဦးခိုင်တင်ထွန်း (သစ်အုပ်၊ ကလေးမြို့)-ဒေါ်ထွန်းထွန်းနိုင် (အထက်တန်းပြ၊ ကလေးမြို့)၊ ဦးယဉ်ထွေး(သစ်အုပ်၊ ဂန့်ဂေါမြို့)-ဒေါ်သီတာအေးတို့၏အစ်မကြီး ဒေါ်ကြည်ဝင်းလွင်(ခ)ဒေါ်ခင်စသည် ၂၅-၁၀-၂၀၁၈(ကြာသပတေးနေ့) ညနေ ၅း၀၉နာရီတွင် Grand Hantha International Hospital ၌ ကွယ်လွန်သွားပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (သင်္ဂြိုဟ်မည့်ရက်အား ထပ်မံကြေညာပါမည်။) ကျန်ရစ်သူမိသားစု

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
## ဦးဝင်းမြင့်
## အသက်(၆၅)နှစ်
### ဝေါ(မြစ်ကျိုး)

ပဲခူးတိုင်းဒေသကြီး၊ ဝေါမြို့နယ်၊ မြစ်ကျိုးကျေးရွာနေ (ဦးခင်ညွန့်-ဒေါ်တင်နု)တို့၏သား၊ ဦးကြည်စိုး-ဒေါ်ရင်မြတို့၏ ညီ/မောင်၊ ဒေါ်ရင်မြင့်၊ မဝင်းဝင်းမော်တို့၏ အစ်ကိုကြီး ဦးဝင်းမြင့်သည် ၂၄-၁၀-၂၀၁၈(ဗုဒ္ဓဟူးနေ့) နံနက် ၁၁း၂၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၆-၁၀-၂၀၁၈ (သောကြာနေ့) မွန်းတည့် ၁၂ နာရီတွင် မြစ်ကျိုးရွာသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားသိစေအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၃၀-၁၀-၂၀၁၈ (အင်္ဂါနေ့) နံနက် ၆နာရီမှ ၁၁ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

# အထူးကျေးဇူးတင်ရှိခြင်း
### ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး
## ဒေါက်တာမြစိန်
## အသက် (၉၆) နှစ်

၂၀-၁၀-၂၀၁၈ ရက်နေ့တွင် ကွယ်လွန်အနိစ္စရောက်ခဲ့သည့် ဖခင်ကြီး ဒေါက်တာမြစိန်ကို နှစ်ပေါင်းများစွာ ကျန်းမာရေးစောင့်ရှောက်မှုပေးခဲ့ပါသော သမားတော်ကြီး ပါမောက္ခ ဒေါက်တာချစ်ထွန်း၊ နာမကျန်းသဖြင့် ဆေးရုံတက်နေစဉ် အထူးဂရုပြုစောင့်ရှောက် ပေးခဲ့ပါသော အမှတ်(၁) တပ်မတော်ဆေးရုံ ခုတင် (၁၀၀၀) မင်္ဂလာဒုံမှ တပ်မှူးနှင့်တကွ ဌာနဆိုင်ရာများမှ သမားတော် ပါမောက္ခကြီးများ၊ ဆရာဝန်၊ သူနာပြုများ၊ နောက်ဆုံးခရီးသို့ လိုက်ပါပို့ဆောင်ပေးခဲ့ကြသော ဆွေမျိုးမိတ်သင်္ဂဟများ၊ ကူညီဆောင်ရွက်ပေးသူများ၊ လှူဖွယ်ပစ္စည်းများနှင့် ပန်းခြင်းများ ပေးပို့ကူညီပေးကြသူများ၊ လူကိုယ်တိုင်သော်လည်းကောင်း၊ ဖုန်းဖြင့်သော်လည်းကောင်း၊ သတင်းမေးအားပေးနှစ်သိမ့်ခဲ့ကြသော ရပ်ဝေးရပ်နီးမှ မိတ်ဆွေသင်္ဂဟများနှင့် ကျေးဇူးတင်ထိုက်သူများ အားလုံးကိုအထူးပင် ကျေးဇူးတင်ရှိပါသည်။

**ကျန်ရစ်သူမိသားစု**

# ဝမ်းနည်းကြေကွဲခြင်း
### ဘုရား၊ သိမ်၊ ကျောင်းဒါယကာကြီး
## ဦးမောင်မောင်ခင် (၈၅)နှစ်

ရန်ကုန်မြို့၊ မြောက်ဒဂုံမြို့နယ်၊ (၄၁)ရပ်ကွက်၊ အမှတ်(၁၀၂၆)၊ ဦးပြုံးချိုလမ်းနေ ဦးနန္ဒာအောင်-ဒေါ်စုစုသန်း (ညွှန်ကြားရေးမှူး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန)၏ ဖခင်ကြီးသည် ၂၄-၁၀-၂၀၁၈ရက်နေ့ နံနက် ၇း၀၅ နာရီတွင် ဘဝတစ်ပါးသို့ ကူးပြောင်းသွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူးချုပ်နှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများ**

### ရဟန်း၊ ကျောင်း အမကြီး
## ဒေါ်စန်းရှင်(မုဒုံ) (၇၈)နှစ်
### မင်္ဂလာတောင်ညွန့်ကျန်းမာရေး(ငြိမ်း)

ရန်ကုန်မြို့၊ မြောက်ဒဂုံမြို့နယ်၊ (၄၇)ရပ်ကွက်၊ ဂန္ဓာရုံလမ်း၊ အမှတ် (၂၃၈)နေ (ဦးစံဝင်း-ဒေါ်ငြိမ်းလှ)တို့၏ သမီး၊ (ဦးစန်း-ဒေါ်စောရှင်)တို့၏ သမီးချွေးမ၊ ဦးစိုးသိန်း၏ဇနီး၊ ဦးထွန်းထွန်းအောင် - ဒေါ်ချောမွန်လှိုင်၊ ဦးသူရိန်စိုး-ဒေါ်သူဇာဝင်း၊ ဦးကျော်သူစိုးတို့၏မိခင်၊ မနှင်းဦးယဉ်၊ မောင်ကောင်းဆက်၊ မှုန်စကားဝါညို၊ သဲသဲဟံသာတို့၏ အဘွားသည် ၂၅-၁၀-၂၀၁၈ (ကြာသပတေးနေ့) နံနက် ၆း၄၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၇-၁၀-၂၀၁၈ (စနေနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၃၁-၁၀-၂၀၁၈(ဗုဒ္ဓဟူးနေ့) နံနက် ၇ နာရီမှ ၁၁နာရီထိ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
## ဦးအေး (၉၄)နှစ်

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကူးတို့ဆိပ်လမ်း၊ အမှတ်(၃၅၉)နေ (ဦးမြစ်-ဒေါ်ရွှေအုံ)တို့၏ သား၊ (ဒေါ်အုံးကြည်)၏ခင်ပွန်း၊ (ဦးမင်းစိန်)-ဒေါ်မြမြစိန်၊ ဦးအေးကြည်၊ (ဦးအေးကို)-ဒေါ်စန်းစန်းငွေ၊ (ဦးအေးချို)၊ (ဦးကြည်ငွေ)-ဒေါ်ငယ်၊ ဦးစိုးတင့်-ဒေါ်နွဲ့နွဲ့အေး၊ ဦးသိန်းဇော်တို့၏ ဖခင်၊ မြေး ၁၀ယောက်၊ မြစ်သုံးယောက်တို့၏အဘိုး ဦးအေးသည် ၂၄-၁၀-၂၀၁၈ (ဗုဒ္ဓဟူးနေ့) နံနက် ၃း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၆-၁၀-၂၀၁၈ ရက် ညနေ ၃နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁း၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၃၀-၁၀-၂၀၁၈ (အင်္ဂါနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ရေကန် ဒါယိကာမကြီး
## လင်စီကျင်း(ခ)ဒေါ်ချင်းရင် (၉၈)နှစ်
### (လပွတ္တာ၊ ကံဘဲ့ရွာ)

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ဦးချစ်မောင်လမ်း၊ အမှတ် (၁၄၇/၁၇၉)၊ မိုးမခ(စတိုး)နေ ဦးမြိုင်စိန်၏ဇနီး၊ ဦးကျော်ဦး-ဒေါ်ယဉ်ယဉ်၊ ဦးခင်နိုင်-ဒေါ်မြမြဝင်း၊ ဦးရစ်ခို၊ (ဦးမြင့်ဝင်း)-ဒေါ်မွှေးမွှေး၊ ဦးသိန်းရွှေ-ဒေါ်ယဉ်ယဉ်မြင့်၊ ဦးကြည်ဝင်း-ဒေါ်တင်တင်ဝင်း၊ ဒေါ်စန်းစန်းလွင်၊ ဒေါ်မြင့်မြင့်လွင်တို့၏ မွေးသမိခင်၊ မြေး ၁၁ယောက်၊ မြစ်ငါးယောက်တို့၏ အဘွားသည် ၂၅-၁၀-၂၀၁၈ (ကြာသပတေးနေ့) နံနက် ၁း၂၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၇-၁၀-၂၀၁၈ (စနေနေ့) နံနက် ၁၀နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ပါသည်။ (နေအိမ်မှကားများ နံနက် ၈နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

### ခရစ်တော်၌အိပ်ပျော်ခြင်း
## ဦးသိန်း (၈၉)နှစ်

ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ (၁၄)ရပ်ကွက်၊ မေလိခ(၄)လမ်း၊ အမှတ်(၇၉၆)နေ (ဦးစိန်ပွင့်-ဒေါ်အေးကျင်)တို့၏ သားဦး၊ ညီအစ်ကိုမောင်နှမငါးယောက်တို့၏ အစ်ကိုကြီး၊ ဒေါ်မြရွှေ၊ ဒေါ်မြမြငွေ၊ သိက္ခာတော်ရဆရာဦးဇာနည်ကျော်လင်း-သိက္ခာတော်ရ ဆရာမ ဒေါ်နီနီတို့၏ဖခင်၊ မြေးခုနစ်ယောက်တို့၏အဘိုး၊ သိက္ခာတော်ရဆရာမကြီး ဒေါ်စနိုးဖြော့ပ်၏ခင်ပွန်းသည် ၂၄-၁၀-၂၀၁၈ရက် ညနေ ၄ နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၂၆-၁၀-၂၀၁၈ရက် နံနက် ၁၀နာရီတွင် ထိန်ပင်ဂိုဏ်းပေါင်းစုံ ခရစ်ယာန်သုသာန်၌ ဝတ်ပြုကိုးကွယ်ပြီး ဂူသွင်းသင်္ဂြိုဟ်ပါမည်။ အောက်မေ့ဘွယ်ဝတ်ပြုစည်းဝေးကို ၄-၁၁-၂၀၁၈ရက် ညနေ ၄ နာရီတွင် ပြုလုပ်မည်ဖြစ်ပါသဖြင့် ကြွရောက်မေတ္တာပြုကြပါရန် နာမတော်မြတ်၌ ဖိတ်ကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## ဦးညိုလုံး (ပုဂံ)
## အသက် (၈၀)

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ တောင်လုံးပြန်ရပ်ကွက်၊ အထက်ပုဇွန်တောင်လမ်း၊ အမှတ်(၈၄)နေ (ဒေါ်ငွေငွေ)၊ ဒေါ်လှလှစိန်တို့၏ ခင်ပွန်း၊ ဦးမြင့်အောင်-ဒေါ်တင်တင်မာအေး၊ ဦးမောင်မောင်စော-ဒေါ်မော်မော်အောင်၊ ဦးမောင်မောင်အေး-ဒေါ်နှင်းဝေဖြိုး၊ ဦးသူရဝင်း-ဒေါ်နှင်းဆီဝေ၊ ဦးသန်းထိုက်စိုး-ဒေါ်ကျော်သူဇာစိုးတို့၏ဖခင်၊ မြေးခုနစ်ယောက်တို့၏ အဘိုးသည် ၂၅-၁၀-၂၀၁၈ရက်တွင် ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့တွင်ပင် သင်္ဂြိုဟ်ပြီးစီးပါကြောင်း။[ကွယ်လွန်သူအားရည်စူး၍ ၃၁-၁၀-၂၀၁၈ (ဗုဒ္ဓဟူးနေ့)တွင် ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဒေါ်သန်းမြင့်
## အသက် (၇၆) နှစ်

ရန်ကုန်မြို့၊ လှိုင်မြို့နယ်နေ (ဦးမြမောင်-ဒေါ်လှရှင်)တို့၏ သမီး၊ (ဦးဖိုးချမ်း-ဒေါ်မှီ)တို့၏ သမီးချွေးမ၊ (ဦးပါစို-ဒေါ်သင်းကြည်)၊ (ဦးငွေဇင်)-ဒေါ်ခင်မြတို့၏ ညီမ၊ (ဦးအောင်ငွေ)-ဒေါ်ပိန်တို့၏ အစ်မ၊ ဦးမြင့်ခိုင် (မြို့ပြအိမ်ရာဦးစီးဌာန)-ဒေါ်နီနီအောင် (မြန်မာ့မီးရထား-ငြိမ်း)၊ ဦးရည်မွန် (စာရေးဆရာ ဒွန်မှူး) (Uniteam marine)-ဒေါ်ငွေငွေသိန်း၊ (ဦးမင်းခိုင်)၊ ဦးညီညီခိုင် (Uniteam marine)-ဒေါ်စန္ဒာလွင်တို့၏ မွေးသမိခင်၊ မောင်းဘုန်းမြတ်မိုရ်၊ မောင်ဆန်းအောင်တို့၏အဘွား၊ ရန်ကုန်မြို့၊ ဒေါပုံမြို့နယ်၊ ဗမာအေးရပ်ကွက်၊ မင်းရဲကျော်စွာ (၁)လမ်း၊ အမှတ် (၄၇၇)၊ ပထမထပ် (AII)နေ (ဦးလှခိုင်)၏ ဇနီး ဒေါ်သန်းမြင့်သည် ၂၄-၁၀-၂၀၁၈ (ဗုဒ္ဓဟူးနေ့) ညနေ ၅း၅၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၈-၁၀-၂၀၁၈ (တနင်္ဂနွေနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ နံနက် ၉း၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

### ခရစ်တော်၌အိပ်ပျော်ခြင်း
## Tresa Tin @ ဒေါ်နုနုတင် @ စနေမ
## အသက် (၅၇)နှစ်

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ တိုက်(၁၂၄)၊ အခန်း(၈)၊ ရန်နိုင်(၃)လမ်း၊ (၄)ရပ်ကွက်နေ (ဦးတင်-ဒေါ်အုန်းမေ) တို့၏သမီး၊ [ဦးသန်းမောင်(ခ)စတီဗင်)]၊ ဦးစိန်ထွန်း(ခ)John-ဒေါ်ခင်သီတာ၊ [ဦးပြည်သိန်းတင်(ခ)အကီး]၊ ဦးကြီးမြင့်တင်(ခ)ပီတာတို့၏ညီမ၊ တူ/တူမ သုံးယောက်တို့၏အဒေါ်၊ မြေးလေးယောက်တို့၏အဘွားသည် ၂၅-၁၀-၂၀၁၈ (ကြာသပတေးနေ့) ညနေ ၄း၄၅နာရီတွင် နေအိမ်၌ ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၂၇-၁၀-၂၀၁၈ (စနေနေ့) နံနက် ၁၁ နာရီတွင် ခရစ်ယာန်ဂိုဏ်းပေါင်းစုံဥယျာဉ်တော်၌ ဝတ်ပြုကိုးကွယ်မည်ဖြစ်ပါသည်။ (နေအိမ်မှ ကားများ နံနက် ၁၀နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

# အထူးဝမ်းနည်းကြေကွဲခြင်း
## ဒေါ်သီသီ(ခ)ဒေါ်ရှိသီကြည်ကြည်
## အသက် (၈၀)

သူငယ်ချင်း ဦးမင်းရွှေ (ဒုတိယညွှန်ကြားရေးမှူးချုပ်၊ နိုင်ငံတော်၏ အတိုင်ပင်ခံရုံးဝန်ကြီးဌာန)-ဒေါ်ဇာနီဝင်းတို့၏ ချစ်လှစွာသောမိခင်ကြီး ဒေါ်သီသီ(ခ)ဒေါ်ရှိသီကြည်ကြည် အသက်(၈၀)သည် ၂၁-၁၀-၂၀၁၈ (တနင်္ဂနွေနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် သူငယ်ချင်းမိသားစုနှင့် ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၈၈) သီဟတပ်ခွဲမှ သူငယ်ချင်းများ**

# အထူးဝမ်းနည်းကြေကွဲခြင်း
# ဦးသိန်းကျော်ကျော်
## အသက် (၅၃)နှစ်
## “ကမ်”အောက်စီဂျင်အလှူတော်အဖွဲ့ ၁၆/ရပ်ကွက်၊ မြောက်ဒဂုံ

၂၃-၁၀-၂၀၁၈ ရက် ည ၈း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**မြန်မာနိုင်ငံဒေသအသီးသီးရှိ အောက်စီဂျင်အလှူတော်အသင်း/အဖွဲ့များ**

# အနိစ္စ

### ခရစ်တော်၌အိပ်ပျော်ခြင်း
## ဆရာမ နော်ပုလဲရှီး
## အသက်(၆၆)နှစ်
### ချောင်းသာကရင်ခရစ်ယာန် ဓမ္မရိပ်သာတာဝန်ခံ(ငြိမ်း)

ရန်ကုန်မြို့၊ အရှေ့အင်းစိန်၊ ကြို့ကုန်း၊ ဦးအောင်ကျော်လမ်း၊ အမှတ် (၁၇)နေ (သိက္ခာတော်ရဆရာ စောစိန်ဖေ-နော်ဂရီးစနား)တို့၏ သမီး၊ သိက္ခာတော်ရဆရာလယ်ဝါးရှီး-ဆရာမနီကမွီး၊ သိက္ခာတော်ရဆရာ လယ်လားရှီး-ဆရာမ အက်စတာလေ၊ ဆရာမ နော်ရှီးကပေါ်တို့၏ညီမ၊ (ဦးစောရေးဖိုး-နော်ဘီစံလှ)တို့၏ သမီးချွေးမ၊ ဦးစောဒီးလယ် (YGN Airways-ငြိမ်း)၏ ချစ်လှစွာသောဇနီး၊ နော်လယ်ဘလုဖိုး-Mr. Benjamin Rowse၊ စောလယ်ဘလေးဖိုး-နော်ဆဲဒိုခူ၊ စောလယ်လူပွေဒိုဖိုးတို့၏ မွေးသမိခင်၊ Zeke နှင့် စောအိုင်ဇိုင်းယားတို့၏ အဘွားသည် ၂၄-၁၀-၂၀၁၈ ရက် ညနေ ၅း၁၅ နာရီတွင် အထက်ပါနေအိမ်၌ ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၂၇-၁၀-၂၀၁၈ရက် နံနက် ၉ နာရီတွင် ဖူးသာဖြူခန်းမဆောင် ကရင်နှစ်ခြင်း ခရစ်ယာန်ကျမ်းစာကျောင်းဝင်း အင်းစိန်မြို့နယ်၌ ဝတ်ပြုကိုးကွယ်ပြီး ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံဥယျာဉ်တော်၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
## ဦးအောင်စိုးခိုင်
## အသက် (၅၃) နှစ်

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ စောရန်ပိုင်အရှေ့ရပ်ကွက်၊ ဒုတိယသီရိရိပ်သာ၊ အမှတ် (၁၆၀/၆)နေ (ဦးလှခိုင်)-ဒေါ်စန်းစန်းမြင့်တို့၏ သား၊ (ဦးဘထွန်း)-ဒေါ်ခင်ရွှေတို့၏သားသမက်၊ ဦးအောင်ကျော်လင်း(ညွှန်ကြားရေးမှူး၊ နိုင်ငံခြားရေးဝန်ကြီးဌာန)-ဒေါ်မိုးသီတာအေးတို့၏ အစ်ကို၊ ဒေါ်ညွှန့်ညွှန့်စန်း (ပါမောက္ခ/ဌာနမှူး၊ ဇီဝဗေဒဌာန၊ မန္တလာဒီဂရီကောလိပ်)၊ ဒေါ်ရီရီနွဲ့တို့၏ မောင်၊ ဒေါ်သီတာဟန်၊ ဦးနေလင်းအောင်၊ ဦးခိုင်မိုးကျော်၊ ဦးကျော်ဝင်းထွဋ်တို့၏ မောင်/အစ်ကို၊ ဒေါ်နွယ်နွယ်ဝင်း၏ ချစ်လှစွာသောခင်ပွန်း၊ မမြတ်သုနန္ဒာ၏ချစ်လှစွာသောဖခင် ဦးအောင်စိုးခိုင်သည် ၂၅-၁၀-၂၀၁၈ (ကြာသပတေးနေ့) နံနက် ၅း၁၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၇-၁၀-၂၀၁၈ (စနေ နေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်၌ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၉ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၃၁-၁၀-၂၀၁၈ (ဗုဒ္ဓဟူးနေ့)တွင် ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးမျိုးသန်းထွန်း
### B.Sc (Maths). Hons
## အသက်(၄၉)နှစ်

ပဲခူးတိုင်းဒေသကြီး၊ အင်းမမြို့နေ (ဦးမြရှိန်) - ဒေါ်သန်းသန်းတို့၏ သားကြီး၊ ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ ပန်းလှိုင်အိမ်ရာ၊ တိုက်(၅)၊ အခန်း(၂)နေ (ဦးဝင်းလှိုင်)-ဒေါ်အေးသိန်းတို့၏ သားသမက်၊ ပဲခူးတိုင်းဒေသကြီး၊ အင်းမမြို့နေ ဒေါ်နှင်းနီလာ၊ ဦးမျိုးဇင်သက် - ဒေါ်နန်းအေးသန္တာ၊ ဒေါ်မျိုးမြသက်၊ ဒေါ်စိမ်းနုနုထွေး၊ ဦးထွန်းနိုင်လင်း၊ ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ ပန်းလှိုင်အိမ်ရာနေ ဦးဇော်မင်းထွန်း-ဒေါ်နီလာဝင်း၊ ဦးဖြိုးဝေစိုး-ဒေါ်ဖြူဖြူဝင်း၊ (ဦးဖြိုးဝေဝင်း)တို့၏ အစ်ကိုကြီး၊ မောင်လုံးဝန်း၊ မနန်းအိသီရိမောင်၊ မမြတ်နိုးသူတို့၏ ဦးကြီး၊ မောင်သန့်စင်အောင်၏ မွေးသဖခင်၊ ဒေါ်နွယ်နွယ်ဝင်း၏ ချစ်လှစွာသော ခင်ပွန်းသည် ၂၄-၁၀-၂၀၁၈ (ဗုဒ္ဓဟူးနေ့) နံနက် ၁၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၆-၁၀-၂၀၁၈ (သောကြာနေ့) မွန်းလွဲ ၂ နာရီတွင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်ပါမည်။ (တိုက်-၅၊ အခန်း-၂၊ ပန်းလှိုင်အိမ်ရာ၊ ကြည့်မြင်တိုင်မြို့နယ် နေအိမ်မှ ကားများ မွန်းလွဲ ၁၂း၁၅ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## ဒေါ်လှိုင်ကြူ (ခ) ရှိလန်ချောင်
## အသက် (၈၂) နှစ်

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ ရွှေစံပယ်ရိပ်မွန်၊ ရွှေဇလပ်လမ်း၊ တိုက်(O)၊ အခန်း(၂)၊ ပုဇွန်တောင်မြို့နယ်၊ လမ်း (၅၀)၊ အမှတ် (၇၂)၊ ပ-ထပ် (ညာ)နေ (ဦးတင်အောင်)၏ဇနီး၊ (ဦးဇော်ဝင်း)-ဒေါ်အေးအေးမူ၊ ဒေါ်မြင့်မြင့်ဝင်း၊ ဦးစိန်ဝင်း-ဒေါ်လှဲ့လှဲ့ဝင်း၊ ဦးသန်းဝင်း-ဒေါ်ချိုချိုဝင်း၊ ဦးကြည်ဝင်း-ဒေါ်ယုယုကြည်၊ ဒေါ်အေးအေးဆင့်၊ ဒေါ်လှလှဝင်း၊ ဦးကျော်မင်းလွင်-ဒေါ်ခင်လှလှဝင်း၊ ဦးကိုကိုမောင်တို့၏ မိခင်၊ မြေးခြောက်ယောက်တို့၏အဘွား ဒေါ်လှိုင်ကြူ(ခ)ရှိလန်ချောင်သည် ၂၄-၁၀-၂၀၁၈ (ဗုဒ္ဓဟူးနေ့) ည ၇း၁၂နာရီတွင် ဗဟိုရ်စည်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၈-၁၀-၂၀၁၈ (တနင်္ဂနွေနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (လမ်း-၅၀ နေအိမ်မှကားများ နံနက် ၉ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၃၀-၁၀-၂၀၁၈ (အင်္ဂါနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ အမှတ် (၇၂)၊ လမ်း(၅၀)၊ ပုဇွန်တောင်မြို့နယ်နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ရေကန် ဒါယိကာမကြီး
## ဒေါ်မြင့်စိန်
## အသက် (၈၁)နှစ်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ (ကျွန်း/မြောက်)ရပ်ကွက်၊ မကြီးကြီးလမ်း၊ အမှတ်(၅၅)နေ (ဦးစံမောင်-ဒေါ်အုံး)တို့၏ သမီးကြီး၊ စမ်းချောင်းမြို့နယ်၊ (ကျွန်း/မြောက်)ရပ်ကွက်၊ ငှက်ပျောတောလမ်း၊ အမှတ်(၁/က)နေ ဒေါ်သိန်းအောင်၏အစ်မ၊ ဒေါ်စန်းစန်းမြင့်၊ ဦးစိန်ဝင်း(ခ)ဦးညွန့်စိန်၊ ဒေါ်အေးအေးမာ၊ ဦးခင်ကျော်၊ ဦးအောင်နေသွေးတို့၏ မွေးသမိခင်ကျေးဇူးရှင်၊ မြေး ၁၁ ယောက်၊ မြစ်နှစ် ယောက်တို့၏အဘွား ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ (ကျွန်း/မြောက်) ရပ်ကွက်၊ ငှက်ပျောတောလမ်း၊ အမှတ်(၁/က)နေ ဒေါ်မြင့်စိန်သည် ၂၄-၁၀-၂၀၁၈ (ဗုဒ္ဓဟူးနေ့) ညနေ ၄း၅၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၆-၁၀-၂၀၁၈ (သောကြာနေ့) မွန်းလွဲ ၂ နာရီ တွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (မရမ်းကုန်းမြို့နယ်၊ အောင်မေတ္တာလမ်း၊ အမှတ်- ၆၃ နေအိမ်မှ ကားများ မွန်းလွဲ ၁၂း၃၀နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## ဒေါ်ခင်ယုံ
## အသက် (၇၄)နှစ်
### အလက(၂) အလုံ (ငြိမ်း)

ကရင်ပြည်နယ်၊ လှိုင်းဘွဲ့မြို့နယ်နေ (ဦးသာဖံ-ဒေါ်သန်းရုံး)တို့၏သမီး၊ ရန်ကုန်မြို့၊ အလုံမြို့နယ်နေ (ဦးချစ်မောင်-ဒေါ်အေးကြည်)တို့၏ သမီးချွေးမ၊ ရန်ကုန်မြို့၊ အလုံမြို့နယ်၊ ငုဝါလမ်း၊ အမှတ် (၁၇၆)နေ [ဦးလှကြည်(ခ)ဦးမောင်မောင်ကြည် (ကုန်သွယ်လယ်ယာ-ငြိမ်း)]၏ဇနီး၊ ဒေါက်တာသီသီဦး (ညွှန်ကြားရေးမှူး၊ အဏုမြူစွမ်းအင်ဌာန၊ ပညာရေးဝန်ကြီးဌာန)-ဒေါက်တာဇေလတ်ထွန်း (MD, Openlogisk Bits and Atoms Engineering Co., Ltd.)၊ ဒေါက်တာထားထားဦး (ကထိက၊ ရူပဗေဒဌာန၊ ဒဂုံတက္ကသိုလ်)၊ မနွဲ့နွဲ့ဦးတို့၏မိခင် ဒေါ်ခင်ယုံသည် ၂၅-၁၀-၂၀၁၈ (ကြာသပတေးနေ့) နံနက် ၂း၄၀နာရီတွင် SSC ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၇-၁၀-၂၀၁၈ (စနေနေ့) မွန်းလွဲ ၁နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## ဦးထပ်ပို
## အသက် (၇၀)
### ကထိက(ငြိမ်း) စိုက်ပျိုးရေးတက္ကသိုလ်

မကွေးတိုင်းဒေသကြီး၊ စလင်းမြို့နယ်၊ မြေနုကျေးရွာနေ (ဦးစံသိန်း-ဒေါ်အေးမယ်)တို့၏သား၊ ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ (၃)ရပ်ကွက်၊ ပုလဲဂေဟာလမ်း၊ အမှတ်(၇)နေ (ဦးလှမောင်-ဒေါ်ခင်ညွန့်)တို့၏ သားသမက်၊ ဒေါ်ခင်အေးမူ(လယ်/ပြ၊ ငြိမ်း၊ အထက-၄၊ ရေဆင်း၊ နေပြည်တော်)၏ ခင်ပွန်း၊ မခင်လွင်လွင်ပို (ခေတ္တ-စင်ကာပူ)၊ မောင်မင်းသူရပို (ခေတ္တ-စင်ကာပူ)၊ မောင်လင်းဇော်ဝင်း-မခိုင်ဇာပို (KZT- ကိုရီးယားဘာသာသင်တန်းကျောင်း)တို့၏ကျေးဇူးရှင်ဖခင်သည် ၂၅-၁၀-၂၀၁၈(ကြာသပတေးနေ့) နံနက် ၉း၅၈နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါ၍ ၂၇-၁၀-၂၀၁၈ (စနေနေ့) မွန်းလွဲ ၂ နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၃၁-၁၀-၂၀၁၈ (ဗုဒ္ဓဟူးနေ့) နံနက် ၇ နာရီတွင် အမှတ်(၇)၊ ပုလဲဂေဟာလမ်း၊ (၃)ရပ်ကွက်၊ ကမာရွတ်မြို့နယ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ကိုနေလင်းအောင်
## အသက်(၃၄)နှစ်
### အားမာန်လူငယ်ပရဟိတအသင်း(ရန်ကုန်) အတွင်းရေးမှူး
### အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၊ ကမာရွတ်မြို့နယ်၊ လူငယ်စည်းရုံးရေးမှူးဟောင်း

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ (၃)ရပ်ကွက်၊ ပေ(၅၀)လမ်း၊ တိုက်(၃၀)၊ လေးလွှာနေ (ဦးအောင်ဝင်း)-ဒေါ်ခင်ဝင်းမြင့်တို့၏ သား၊ (ဦးချစ်ထွေး)-ဒေါ်ညွန့်ရွှေတို့၏ သားသမက်၊ ဒေါ်ရီရီနှင်းတို့၏တူ၊ မယုယုမိုး၊ အာနိုး(ခ)နိုင်လင်းထွန်း၊ မောင်အောင်ဇော်လင်း၊ မမြင့်မိုရ်၊ မယွန်းရတီလှိုင်၊မောင်ကျော်ဇင်ဟိန်းတို့၏ အစ်ကို၊ ဒေါ်နွယ်နီကျော်ဝင်း၏ ချစ်လှစွာသောခင်ပွန်း၊ မောင်ဇေယျာလင်းထက်(ခ) Roy ၏ဖခင်သည် ၂၅-၁၀-၂၀၁၈ (ကြာသပတေးနေ့) နံနက် ၁၁း၄၅ နာရီတွင် ကွယ်လွန်သွားပါ၍ ၂၇-၁၀-၂၀၁၈ (စနေနေ့) မွန်းလွဲ ၂ နာရီတွင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှ ကားများ မွန်းလွဲ ၁၂း၃၀နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

## မမေထက်ဝန်း
## အသက်(၁၅)နှစ်
### (အထက-၁၊ သယ်္ဃန်းကျွန်း၊ အဋ္ဌမတန်း-C)

ရန်ကုန်မြို့၊သယ်္ဃန်းကျွန်းမြို့နယ်၊ သုမင်္ဂလာအိမ်ရာ၊ လေးထောင့်ကန်လမ်း၊ ၂၄ စီ (၀၀၂)နေ ဦးမြင့်ဦး-ဒေါ်မွှေးမွှေး၊ (ဦးတင်ဝင်း)-ဒေါ်တင်ဝင်းတို့၏ မြေး၊ ဦးကျော်မင်းထိုက်-မမိုးမိုးသွယ်၊ ဦးမောင်စိုး-ဒေါ်ဥမ္မာနွယ်၊ မနေခြည်လတ်၊ မောင်မိုးမင်းစိုး၊ မခင်ရည်ဦးမွန်တို့၏တူမ၊ မောင်ပြည့်ဖြိုးနိုင်၊ မောင်ရဲရင့်ကျော်ဇင်၊ မောင်ဘုန်းပြည့်သျှန်၊ မောင်ဘုန်းပြည့်သျှံတို့၏ ညီမ၊ ဦးကျော်ဇင်လတ်-ဒေါ်သင်းသင်းနွယ်တို့၏သမီးသည် ၂၄-၁၀-၂၀၁၈(ဗုဒ္ဓဟူးနေ့) နံနက် ၁၀း၂၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၆-၁၀-၂၀၁၈(သောကြာနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၃၀-၁၀-၂၀၁၈ (အင်္ဂါနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု



ငါးရက်ဆက်တိုက် အောင်မြင်စွာကျင်းပခဲ့သည့် ရေကျော်သီတင်းကျွတ်မီးထွန်းပွဲတော် နောက်ဆုံးရက်(သီတင်းကျွတ်လပြည့်ကျော် ၁ ရက်)ညပိုင်းတွင် ပွဲတော်လာပြည်သူများဖြင့် စည်ကားလျက်ရှိသည်ကို တွေ့ရစဉ်။

# ပုဇွန်တောင်မြို့နယ် ရေကျော်သီတင်းကျွတ်မီးထွန်းပွဲတော် အောင်မြင်စွာ ဆင်နွှဲပြီးစီး

**ရန်ကုန် အောက်တိုဘာ ၂၅**

နှစ်စဉ်ကျင်းပမြဲဖြစ်သည့် ပုဇွန်တောင်မြို့နယ် ရေကျော်သီတင်းကျွတ်မီးထွန်းပွဲတော်ကို အောက်တိုဘာ ၂၁ ရက်မှ ၂၅ ရက်အထိ ငါးရက်ဆက်တိုက် စည်ကား သိုက်မြိုက်စွာ ကျင်းပခဲ့ရာ ပွဲတော်လာပြည်သူများ အထူးစည်ကားများပြားခဲ့ကြောင်း ပွဲတော်ကျင်းပရေးကော်မတီဝင် ဦးအောင်နိုင်က ပြောသည်။

ပွဲတော်ကျင်းပရေးကော်မတီဝင်တစ်ဦးဖြစ်သော ပုဇွန်တောင်မြို့နယ် အမှတ် ၉ ရပ်ကွက် အုပ်ချုပ်ရေးမှူး ဦးအောင်နိုင်က “ပထမဆုံးရက်ကတော့ မိုးရွာလို့ ဈေးသည်တွေ နည်းနည်းအခက်အခဲဖြစ်ခဲ့ရတယ်။ ဒုတိယမြောက်ရက်ကနေ ယနေ့ညပိုင်းအထိ မိုးမရွာတာကြောင့် ဈေးသည်တွေလည်း ပျော်ရွှင်စွာ ဈေးရောင်းနိုင်ကြသလို ပွဲတော်လာပြည်သူတွေအနေနဲ့လည်း ကြိုက်နှစ်သက်ရာ ဝယ်ယူစားသုံးပြီး ပွဲတော်ကို ပျော်ရွှင်ဆင်နွှဲခဲ့ကြပါတယ်။ လုံခြုံရေးကလည်း အပြည့်အဝချထားတာမို့ ကျွန်တော်တို့ကော်မတီဝင်တွေ၊ ရပ်ကွက်လူငယ်တွေ အပါအဝင် ပွဲတော်နဲ့ပတ်သက်တဲ့ ပြည်သူတွေအားလုံး စိတ်ချမ်းသာမှုရခဲ့ကြပါတယ်။ နောင်နှစ်တွေမှာလည်း အစဉ်အလာမပျက် စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ဖို့ စီမံဆောင်ရွက်သွားမှာပါ” ဟု ပီတိစကားဆိုသည်။

ရန်ကုန်မြို့တွင် နှစ်စဉ်ကျင်းပနေကျဖြစ်သည့် မြန်မာလူမျိုးများ၏ တန်ဖိုးထား ပျော်ရွှင်ဆင်နွှဲရာ **စာမျက်နှာ ၇ ကော်လံ ၅ သို့ ✳**

ဆေးဝါးလူးအိပ်နှံခြင်းသည် အနာရောဂါကင်းဝေးပြီး သက်ရှည်ကျန်းမာခြင်းကို ပြည့်စုံစေမည့် ကုသိုလ်ထူးကို ရရှိစေပါသည်။
ထွန်းရွှေဝါ
တိုင်းရင်းဆေးမျိုးစုံဘူး
တိုင်းရင်းဆေး (၂၁) မျိုး ပါဝင်သည်။
ဝါကျွတ်၊ ကထိန်ပွဲတော်များနှင့် ဖော့ဒါန်းမှုပြုသည့် အချိန်တိုင်း
“ထွန်းရွှေဝါတိုင်းရင်းဆေးမျိုးစုံဘူး” ကို ဖော့ဒါန်းခြင်းဖြင့်
မှန်မြတ်သောကုသိုလ်ထူးကို ရယူနိုင်ကြပါစေ။
ဆက်သွယ်ရန် - (ရန်ကုန်) ဖုန်း - ၀၉ - ၂၆၀၇၀၇၁၇၁၊ ၀၉ - ၂၆၀၇၀၇၁၇၂၊ ၀၉ - ၅၁၈၉၈၁၈၊ (မန္တလေး) ၀၂ - ၄၀၆၄၉၄၀၊ ၀၉ - ၉၁၀၂၄၇၂၆



APOLO®
စာအုပ် နှင့် စာရေးကိရိယာ အမျိုးမျိုး
Hot Line - 01 3684292
Facebook - www.facebook.com/apolostio
website - www.decolandgroup.com
Folder Clip
Size - Legal
COLOR - RED, ORANGE, BLUE, LIGHT BLUE, WHITE, GREEN.
Clip Board
Size - Legal
COLOR - RED, ORANGE, BLUE, LIGHT BLUE, WHITE, GREEN.

